# Master of Money

# ငွေကြေး
# တို့ရဲ့
# အရှင်သခင်
# ဖြစ်စေဖို့





ဖူးကျော်ဇင်
(Future Wave)

*Best Selling Author of The Money Game*

PHOO KYAW ZIN

အဋ္ဌမအကြိမ်




## ဖူးကျော်ဇင် (Future Wave)

ဆရာဖူးကျော်ဇင်သည် Future Wave Success and Motivation Co., Ltd ၏ Founder and Managing Director တစ်ဦး ဖြစ်ပါသည်။ အောင်မြင်ရေး တက်ကျမ်း စာရေးဆရာ၊ စိတ်မြှင့်တင်ရေးဟောပြောသူ တစ်ဦးဖြစ်ပါသည်။ စာပေလောကသို့ ၂၀၁၂ ခုနှစ်မှ စတင် ဝင်ရောက်ခဲ့ပြီး ပထမဆုံး စာအုပ်အဖြစ် "ငွေကြေးကစားပွဲ" ကို ရေးသားထုတ်ဝေခဲ့ ပြီး ထိုစာအုပ်ဖြင့် ရောင်းအား ကောင်းစာရင်းဝင် စာရေးဆရာတစ်ယောက် ဖြစ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်မှစတင်၍ FUTURE WAVE အောင်မြင်ရေး နှင့် စိတ်ဓါတ်မြှင့်တင်ရေး သင်တန်းကျောင်းကို ဦးစီးတည် ထောင်ခဲ့ပြီး မြန်မာနိုင်ငံအနှံ့ သင်တန်းများ နှင့် ဟောပြောပွဲများကို ပြုလုပ်ဆောင်ရွက်ပေးလျက် ရှိရာ လက်ရှိအချိန်အထိ ကုမ္ပဏီ လုပ်ငန်း ပေါင်း (၇၀) ကျော်ကို သင်တန်းများ ပို့ချပေးခဲ့ပြီးပါသည်။

Ks 2500
OTS3844

FutureWave
Publishing House

အမှတ်(၂၈)၊ (၅-A)၊ ၄ လွှာ၊
တောင်မြင်းပြိုင်ကွင်းလမ်း၊ (Eleven Media လမ်း)
(YKKO ဘေး) တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၇၇ ၅၁၈၃၀၆၆၃၊ ၀၉ ၉၆၅၁၈၃၀၆၆၃

## ပုံနှိပ်မှတ်တမ်း

ငွေကြေးတို့ရဲ့ အရှင်သခင်ဖြစ်စေဖို့

**ဖူးကျော်ဇင်**

**အကြိမ်**

ပ–အကြိမ်၊ ဖေဖော်ဝါရီ – ၂၀၁၄၊ ဒု–အကြိမ်၊ မေ – ၂၀၁၄၊ တ–အကြိမ်၊ ဇူလိုင် – ၂၀၁၈၊ စတုတ္ထအကြိမ်၊ ဩဂုတ် – ၂၀၁၈၊
ပဉ္စမအကြိမ်၊ စက်တင်ဘာ – ၂၀၁၈၊ ဆဋ္ဌမအကြိမ်၊ နိုဝင်ဘာ – ၂၀၁၈၊ သတ္တမအကြိမ်၊ ဇန်နဝါရီ – ၂၀၁၉၊ အဋ္ဌမအကြိမ်၊ မေလ – ၂၀၁၉

**အုပ်ရေ**

၁၀၀၀

**တန်ဖိုး**

(၂၅၀၀) ကျပ်

**မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း**

ဖူးကျော်ဇင်

**ထုတ်ဝေသူ**

ဦးချစ်ညွန့် (ဇင်ရတနာစာေပ)

၂၀၅ က/၄ လမ်း၊ မြို့သစ် က+ခ ရပ်ကွက်၊ အင်းစိန်

**စာအုပ်ချုပ်**

စွယ်တော်

**ပုံနှိပ်သူ**

ဦးခင်မောင်မြင့် (မြင့်ပုံနှိပ်တိုက်) ၀၀၃၅၅-မြ

၄၁၆၊ အောက်ကြည့်မြင်တိုင်လမ်း

**ဖြန့်ချိရေး**

Future Wave Publishing House

**စီစဉ်သူ**

Future Wave

**ထုတ်ဝေသည့် စာအုပ်ကက်တလောက်အညွှန်း CIP**

ဖူးကျော်ဇင် Future Wave ၀၀၈. ၈၄

ငွေကြေးတို့ရဲ့ အရှင်သခင်ဖြစ်စေဖို့ / ဖူးကျော်ဇင် ။ - ရန်ကုန်။

ဇင်ရတနာစာေပ။ ၂၀၁၄။

၁၆၀-စာ၊ ၁၃. ၅×၂၁ စင်တီ။ (၁) ငွေကြေးတို့ရဲ့ အရှင်သခင်ဖြစ်စေဖို့




# ငွေကြေးတို့ရဲ့ အရှင်သခင် ဖြစ်စေဖို့

ဖူးကျော်ဇင်
(Future Wave)

# စာရေးသူ၏ အမှာစာ




ဒီ "ငွေကြေးတို့ရဲ့အရှင်သခင်" ဖြစ်စေဖို့ ဆိုတဲ့ စာအုပ်လေးက လူကြိုက်များပြီး ရောင်းအားကောင်း စာရင်းဝင်ခဲ့တဲ့ ကျွန်တော့်ရဲ့ ဒုတိယမြောက်စာအုပ်လေးတစ်အုပ်ဖြစ်ပါတယ်။ အားပေးဖတ်ရှုကြတဲ့ စာပေချစ် ပရိသတ်တွေရဲ့ ကျေးဇူးကြောင့် အကြိမ်ကြိမ်ရိုက်နှိပ်ထုတ်ဝေနေရပြီး နံပါတ်တစ် ရောင်းအားကောင်း စာရင်းဝင် စာအုပ်လေးတစ်အုပ်ဖြစ်ခဲ့ပါတယ်။

ဒီစာအုပ်လေးဟာ စာဖတ်သူအတွက် ငွေကြေးအောင်မြင်မှုပန်းတိုင်တွေကို တက်လှမ်းကြတဲ့နေရာမှာ များစွာ အထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်။ စာရေးသူအနေနဲ့လည်း အကောင်းဆုံးဖြစ်အောင် အစွမ်းကုန်ကြိုးစားပြီး အချိန်ယူရေးသားခဲ့ရတဲ့ စာအုပ်လေးတစ်အုပ်လည်းဖြစ်ပါတယ်။

စာရေးသူအနေနဲ့ ငွေကြေးနဲ့ ပတ်သက်တဲ့အကြောင်း ရေးသားထုတ်ဝေခဲ့တာ ဒီစာအုပ်နဲ့ဆိုရင် ၂ အုပ်ရှိပါပြီ။ ပထမစာအုပ်ဖြစ်တဲ့ "ငွေကြေးကစားပွဲ" ဆိုတဲ့ စာအုပ်ကလည်း စာဖတ်ပရိသတ်တွေရဲ့ အားပေးမှုတွေကြောင့် အောင်မြင်မှုတွေရရှိခဲ့ပါတယ်။ ပထမစာအုပ်ရဲ့ အားပေးမှုအရှိန်ကြောင့် ဒုတိယစာအုပ်ကိုလည်း ငွေကြေးနဲ့ပတ်သက်တဲ့အကြောင်းကိုသာ ထပ်မံရေးသားထုတ်ဝေဖြစ်တာပါ။

ဒီစာအုပ်ထဲမှာတော့ မိမိရဲ့ ငွေကြေးတွေကို စနစ်တကျ ဘယ်လိုသုံးစွဲမလဲ၊ ဘယ်လိုရှာဖွေမလဲ၊ ပိုမိုတိုးပွားများပြားလာ

အောင် ဘယ်လိုဆောင်ရွက်သင့်သလဲ၊ ငွေကြေးနဲ့ ပတ်သက်တဲ့ ပြဿနာတွေကို ဘယ်လိုဖြေရှင်းမလဲစတဲ့ အကြောင်းအရာတွေ အပြင် ငွေကြေးကို ကောင်းကောင်း စီမံခန့်ခွဲ နိုင်းစေနိုင်တဲ့ ငွေတွေရဲ့ အရှင်သခင်တွေ ဖြစ်လာစေမယ့် အကြောင်းတွေကို တင်ပြဆွေးနွေးပေးထားပါတယ်။

ဒ့ါအပြင် ငွေကြေးအပေါ်မှာ ထားတဲ့ စိတ်နေသဘောထား တွေနဲ့ခံယူချက်တွေကို ပိုမိုကောင်းမွန်လာစေဖို့ ငွေကြေးဆိုင်ရာ စိတ်ခွန်အားမြှင့်တင်ရေး စကားလုံးတွေနဲ့ အားဖြည့်ပေးထားပါတယ်။ အခန်းတစ်ခန်းပြီးဆုံးတဲ့ အခါမှာလည်း တွေးစရာ၊ ရေးစရာ၊ စဉ်းစား ဆင်ခြင် သုံးသပ်စရာ မေးခွန်းကောင်းလေး တွေကို ထည့်သွင်း ပေးထားပါတယ်။ အကြံပြုချင်တာကတော့ ဒီမေးခွန်းလေးတွေကို လက်ရှိမိမိဘဝအခြေအနေ၊ ငွေကြေးအခြေအနေ၊ စိတ်နေစိတ်ထား တွေ အပေါ်မှာ မူတည်ပြီး ဖြေဆိုကြည့်စေချင်ပါတယ်။

တစ်ခန်းဖတ်ရှုပြီးတိုင်း လေ့ကျင့်ခန်းမေးခွန်းလေးတွေကို ဖြေဆိုပေးခြင်းဟာ စာဖတ်သူရဲ့ ငွေကြေးဆိုင်ရာ အတွေးဉာဏ် တွေကို လှုံ့ဆော်ပေးရာကျပါတယ်။ စာရေးသူ ကိုယ်တိုင်လည်း ဒီစာအုပ်ကို ရေးသားပြုစုရင်း မိမိကိုယ်ကိုယ် ပြန်လည်မေးခွန်း ထုတ်ကား ဖြေဆိုခဲ့တဲ့ မေးခွန်းတွေဖြစ်ပါတယ်။

ဒီစာအုပ်ဟာ စာရေးသူ ဘဝတစ်လျှောက် သင်ယူလေ့လာခဲ့ တာတွေ၊ ဖတ်ရှုခဲ့တဲ့ စာအုပ်စာပေကောင်းတွေ၊ တက်ရောက်ခဲ့တဲ့ သင်တန်းတွေ၊ ခင်မင်ရင်းနှီးခွင့်ရတဲ့ လုပ်ငန်းရှင်တွေ၊ သူဌေးတွေ၊ သင်ကြားပြသပေးခဲ့တဲ့ ဆရာကောင်း သမားကောင်းတွေ၊ ကိုယ်တိုင် လက်တွေ့ ကျင့်သုံးရင်း ရရှိလာတဲ့ အတွေ့အကြုံတွေ၊ ဆုံးရှုံးမှု တွေပေါ်က ရခဲ့တဲ့ သင်ခန်းစာတွေ၊ ဘဝပေး အသိဉာဏ်နဲ့ အတွေး

အခေါ်တွေ စတာတွေကို ပေါင်းစပ်ရင်း စာမျက်နှာပေါ်က စာလုံးတွေအဖြစ် ထွက်ပေါ်လာတဲ့ စာအုပ်တစ်အုပ်ဖြစ်ပါတယ်။

စာဖတ်သူမိတ်ဆွေ တွေအားလုံး ဒီစာအုပ်ကနေတဆင့် အတွေးသစ်၊ အကြံသစ်၊ စိတ်ခွန်အားသစ်တွေ ရရှိကြပါစေ။ ဘဝအခက်အခဲတွေကို ရင်ဆိုင် ကျော်လွှားနိုင်ပြီး အောင်မြင်မှုပန်းတိုင်တွေ ရရှိပါစေ၊ ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကာ စီးပွားဥစ္စာ ဒီရေအလား တိုးပွားချမ်းသာပြီး ငွေကြေးတွေရဲ့ အရှင်သခင်တွေ ဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။


စာရေးသူ

ဖူးကျော်ဇင် (Future Wave)

Author, Trainer & Motivational Speaker

Founder and Managing Director

FUTURE WAVE © SUCCESS & MOTIVATION CO., LTD

# မာတိကာ


အခန်း - ၁
ငွေကြေးတို့ရဲ့အရှင်သခင် - ၃
အခန်း - ၂
ဆင်းရဲတွင်းမှ ရုန်းထွက်လိုက်ပါ - ၁၅
အခန်း - ၃
ငွေကြေးပြဿနာဖြေခန်း - ၂၅
အခန်း - ၄
ကျန်းမာချမ်းသာကြပါစေ - ၄၁
အခန်း - ၅
ငွေကိုဆန့်ကျင်ကြမလား - ၅၃
အခန်း - ၆
လူမိုက်နှင့်ငွေအတူမနေ - ၆၅
အခန်း - ၇
အသုံးစရိတ်လား အဖြုန်းစရိတ်လား - ၇၇
အခန်း - ၈
အကြွေးတွေကို အပြတ်ရှင်းပစ်ပါ - ၈၅
အခန်း - ၉
လိုချင်တာတွေဝယ်နိုင်ဖို့ ငွေကြေးအစီအမံ - ၉၅
အခန်း - ၁၀
စိတ်ပြောင်းရင်အိတ်ဖောင်းမယ် - ၁၀၅
အခန်း - ၁၁
ငွေတွေ ဘယ်လိုရှာကြမလဲ - ၁၁၃
အခန်း - ၁၂
ငွေတွေကိုယ့်နောက်လိုက်အောင်လုပ်ပါ - ၁၂၇
အခန်း - ၁၃
ငွေတွေကို အလုပ်ရှာပေးပါ - ၁၃၅
အခန်း - ၁၄
ဆင်းရဲခြင်းနှင့်ချမ်းသာခြင်းကိုဖြစ်စေသော ဝင်ငွေထွက်ငွေစီဆင်းမှုပုံစံများ - ၁၄၅

ငွေကြေးတို့ရဲ့အရှင်သခင်ဖြစ်စေဖို့

# Master of Money

# ငွေကြေး
# တို့ရဲ့
# အရှင်သခင်
# ဖြစ်စေဖို့



ဖူးကျော်ဇင်
(Future Wave)

THE BEST SELLING BOOK
Future Wave
MYANMAR

*Best Selling Author of The Money Game*

PHOO KYAW ZIN

ဆရာဖူးကျော်ဇင် (Future Wave) ၏

# အောင်မြင်မှုစိတ်ခွန်အားမြှင့်တင်ရေးဟောပြောပွဲပုံရိပ်များ

# Special Success Seminars & Motivation Show






သင့်ဘဝအောင်မြင်မှု၊ သင့်လုပ်ငန်းတိုးတက်မှုတို့အတွက်

အမြဲတက်ကြွထက်သန်စွာ ဟောပြောပေးနေမယ့်...

ဖူးကျော်ဇင် (Future Wave)

**Join Us for Your Success !**


**FUTURE WAVE**

***The Best Success & Motivation Training Group of Myanmar***

# ဆရာဖူးကျော်ဇင်၏ ဘဝအောင်မြင်ရေးဆိုင်ရာ စာပေဟောပြောပွဲများ



ဆရာဖူးကျော်ဇင်၏ ပထမဆုံးရေးသားထုတ်ဝေခဲ့သော ရောင်းအားကောင်းစာရင်းဝင်စာအုပ်




ဘဝဆိုတဲ့ ကစားပွဲကြီးထဲမှာ
ကျွန်တော်တို့အားလုံး အနိုင်ရဖို့ ယှဉ်ပြိုင်ကစားနေရပါတယ်။
ငွေကြေးအရလွတ်မြောက်အောင်မြင်ပြီး
ဘဝရဲ့ကစားပွဲမှာ အနိုင်ရဖို့ ဆုံးဖြတ်ထားတယ်ဆိုရင်တော့ ...

# ငွေကြေးကစားပွဲ

## ဖူးကျော်ဇင်

# The MONEY GAME



Future Wave စာပေမှ ဖြန့်ချီ၍ အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါပြီ။

FutureWave Publishing House


ငွေစတဲ့ ရွှေဆောင်
မွဲရင်ဖြင့် လူ့ဘောင်မှာ
ခွေးတောင်မှ မလေး။
မျိုးဇာတိနွယ်မှန်ပင်၊
ငွေစနံ့ ရှိဦးမှအေး။
အချုပ်တန်းဆရာဖေ

အခန်း(၁)

# ငွေကြေးတို့ရဲ့ အရှင်သခင်

## (၁)

ကျွန်တော်ဟာ မုဆိုးကြီးတစ်ယောက်ပါ။ သားကောင်တွေကို တောနက်ထဲမှာ ပင်ပင်ပန်းပန်းနဲ့ အသက်စွန့် ကြိုးပမ်းရှာဖွေပြီး အသက်မွေးဝမ်းကျောင်းပြုနေသူ ဖြစ်ပါတယ်။ နေ့စဉ် သားကောင်တွေ ရှာဖွေနေရတဲ့ အလုပ်ဟာ တကယ်မလွယ်တဲ့ အလုပ်တစ်ခုပါ။ တောလိုက်အတွေ့အကြုံရှိတဲ့ မုဆိုးကြီးတွေတောင် မနည်းကြိုးစား ရုန်းကန်ပြီး ရှာဖွေနေရပါတယ်။ တစ်ခါတစ်ရံ သားကောင်က မုဆိုးဖြစ်ပြီး မုဆိုးက သားကောင်ဖြစ် တတ်ပါတယ်။ ခက်လည်း ခက်ခဲသလို စွန့်စားမှုတွေလည်း အများကြီးရှိပါတယ်။

ကျွန်တော့်ဘဝရဲ့ နေထိုင်လည်ပတ်မှု ပုံစံကတော့ သိပ် မဆန်းလှပါဘူး။ နေ့စဉ် နေ့တိုင်း လက်စွဲတော်လေးနဲ့ မြားကို ယူ၊ ထမင်းထုပ်လေးဆွဲပြီး တောနက်ထဲကို ဝင်၊ တစ်နေကုန် သားကောင်ရှာ၊ ရတဲ့အခါလည်း ရှိသလို လက်ဗလာနဲ့ ပြန် လာရတဲ့အခါတွေလည်း ရှိတာပေါ့။

သားကောင်ရလာပြန်တော့ ဟင်းစားလုပ်တန် လုပ်၊ ရောင်းချတန် ရောင်းချ၊ အချိန်တန်တော့ တောနက်ထဲပြန်ဝင်။ ဒီလိုနဲ့ လည်ပတ်နေရတဲ့ ဘဝကြီးကို ကျွန်တော် ငြီးငွေ့နေပါပြီ။

ကျွန်တော်ဟာ အရွယ်ရောက်ကတည်းက အလုပ်ကို ကြိုးကြိုးစားစား လုပ်ကိုင်ခဲ့တယ်။ အခက်အခဲတွေ ဘယ်လောက်ပဲရှိပါစေ ကျွန်တော် မမှုပါဘူး။ အမဲလိုက်ပညာကို ကောင်းစွာ သင်ကြားခဲ့ပြီး ခွန်နဲ့ အားနဲ့ လုပ်ဆောင်ခဲ့တာပါ။ အခုဆိုရင် အတွေ့အကြုံရှိ ကျွမ်းကျင်မုဆိုးကြီးတစ်ယောက် ဖြစ်နေပါပြီ။ ဒီအဆင့်ရောက်ရင် အရာအားလုံးပြီးပြည့်စုံလိမ့်မယ်လို့ ထင်ခဲ့တာပါ။ တကယ့်လက်တွေ့မှာတော့ မိသားစုစားဝတ်နေရေးအတွက် ဖတ်ဖတ်မောအောင် လုံးပန်းနေရတာပါ။ ဒါတောင် သိပ်အဆင်မပြေပါဘူး။

ဒီလောက် ကြိုးစားလုပ်ကိုင်တာတောင် အဆင်ပြေမှု မရှိတာကို ကျွန်တော် မကျေနပ်ပါဘူး။ ကျွန်တော့်အဘိုးနဲ့ အဖေလည်း ဒီလိုပဲ မုဆိုးကြီးဘဝနဲ့ တစ်သက်လုံး ရှာဖွေ ရုန်းကန်ပြီး လူ့လောကကြီးကနေ ထွက်ခွာသွားတာပါ။ ကျွန်တော်ကလည်း ဒီလိုပဲ ရုန်းကန်လှုပ်ရှားပြီး လူ့ဘဝကြီးကနေ ထွက်ခွာသွားမှာလား။ ဘဝမှာ ရှင်သန်ရပ်တည်နေတာ အမဲလိုက်ပြီး ရှာဖွေ စားသောက်နေရုံ သက်သက်အတွက်ပဲလား။

ကျွန်တော် လေးလေးနက်နက် စဉ်းစားရပါတော့မယ်။ **'ရုန်းကန်'** နေရတဲ့ ဘဝကနေ **'ရုန်းထွက်'**နိုင်ဖို့အတွက်ပေါ့။ ဒီအတိုင်းပဲ ဆက်သွားနေရင်တော့ ဒီအတိုင်းပဲ ဆက်သွားနေရပါလိမ့်မယ်။ ကျွန်တော့်ဘဝ ဒီအတိုင်းပဲ ဆက်မသွားချင်ရင်တော့ ဒီအတိုင်း ဆက်မသွားရုံပါပဲ။ ဒီတော့ ကျွန်တော် ပြောင်းလဲမယ်။ ကျွန်တော့်လုပ်ရပ်တွေ

ပြောင်းလဲမှ ကျွန်တော့် ရလဒ်တွေ ပြောင်းလဲမယ်။ ကျွန်တော့် ရလဒ်တွေ ပြောင်းလဲမှ ကျွန်တော့်ဘဝကြီး ပြောင်းလဲလာမှာပေါ့။

(၂)

ကျွန်တော့်မှာ ခြင်္သေ့ကြီးတစ်ကောင်ရှိပါတယ်။ အမဲလိုက်ခြင်္သေ့ ကြီးပါ။ ဒီခြင်္သေ့ကြီး ပိုင်ဆိုင်လာဖို့အတွက် ကျွန်တော် ကြိုးစားပြီး ရှာဖွေထားရတာပါ။ ကျွန်တော် ခြင်္သေ့ကြီးကို အရမ်းချစ်ပါတယ်။ ဆုံးရှုံးသွားမှာလည်း ကြောက်ပါတယ်။ ကျွန်တော့်ရဲ့ ခြင်္သေ့ကြီးကို လုံခြုံစိတ်ချမှုရှိတဲ့ လှောင်အိမ်ကြီး တစ်ခုထဲမှာ ထည့်ထားပြီး စောင့် ရှောက်ထားပါတယ်။

ဒီလိုနဲ့ ခြင်္သေ့ကြီးဟာ လှောင်အိမ်ထဲမှာ အိပ်လိုက်၊ စားလိုက်နဲ့ အချိန်တွေ ကုန်နေပါတယ်။ တကယ်တော့ ဒီခြင်္သေ့ကြီးဟာ အမဲလိုက်ကောင်းတဲ့ ခြင်္သေ့ကြီးပါ။ ခွန်အားဗလနဲ့လည်း ပြည့်စုံပါတယ်။ ကျွန်တော်သာ သူ့ကို ကောင်းကောင်းခိုင်းတတ်ရင် သူဟာ ကျွန်တော့်အတွက် အလုပ်အကျွေးပြုမယ့် သူပါ။ အခုတော့ ကျွန်တော်က သူ့ကို မခိုင်းဘဲ လှောင်အိမ်ကြီးထဲ ထည့်ထားတော့ ဘာမှ အကျိုးမဖြစ်ထွန်းဘူး ဖြစ်နေတယ်။

လှောင်အိမ်ကြီးထဲမှာပဲ နေတာကြာရင် သူ့မှာရှိတဲ့ အစွမ်းအစတွေက အလဟဿတွေ ဖြစ်ကုန်တော့မယ်။ ဒီတော့ ကျွန်တော် စဉ်းစားတယ်။ ကျွန်တော့်ကိုယ်စား ဒီခြင်္သေ့ကြီးကို မုဆိုးကြီးအဖြစ် အမဲလိုက်ခိုင်းမှဖြစ်မယ်။ ဟုတ်တယ်။ သူ့ကို ကျွန်တော် ကောင်းကောင်းခိုင်းစားမယ်။ လှောင်အိမ်ထဲကနေ ထုတ်၊ တောထဲကို လွှတ်ပြီး အမဲ သားကောင်တွေ ရှာဖွေခိုင်းရမယ်။

ဒါနဲ့ပဲ ကျွန်တော် ခြင်္သေ့ကြီးကို တောထဲလွှတ်လိုက်ပါတယ်။

တောက နက်လည်း နက်၊ အန္တရာယ်လည်းများတော့ ကျွန်တော့် ခြင်္သေ့ကြီးကို သေချာလေ့ကျင့်ပြီးမှ လွှတ်ရတာပေါ့။ ကျွန်တော်ဟာ မုဆိုးကြီးတစ်ယောက်ဖြစ်တဲ့အတွက် တောအကြောင်းကိုတော့ ကောင်းကောင်း နားလည်ထားပါတယ်။ တောအကြောင်း နားမလည်၊ မကျွမ်းကျင်ဘဲ အမဲလိုက်သွားရှာရင်တော့ အမဲသားကောင် မရတဲ့အပြင် တောထဲမှာပဲ တဝဲလည်လည်နဲ့ အန္တရာယ်ကြုံမှာ အသေအချာပါပဲ။ ဒါ့ကြောင့် တောထဲ သားကောင်သွားရှာမယ့် ကျွန်တော့်ရဲ့ ခြင်္သေ့ကြီးကို သေချာလေ့ကျင့်မှာကြားပြီး အမဲလိုက်လွှတ်လိုက်ပါတယ်။

အတန်ကြာတော့ ခြင်္သေ့ကြီးဟာ သားကောင် တစ်ကောင်ကို ကိုက်ချီကာ ဂုဏ်ယူစွာနဲ့ ကျွန်တော့်ဆီ ပြန်လာခဲ့ပါတယ်။ ကျွန်တော်က သူ့အောင်မြင်မှုကို အသိအမှတ်ပြုကြောင်း ချီးမွမ်း အားပေးစကား ပြောပါတယ်။ ပြီးတော့ သူ ကိုက်ချီလာတဲ့ သားကောင်ကို ယူထားလိုက်ပြီး သူ့ကို ခဏ အနားယူစေပါတယ်။ တောတွင်း အတွေ့အကြုံနဲ့ ဘယ်လို သားကောင်ရအောင် ရှာခဲ့သလဲ ဆိုတာတွေကို ဆွေးနွေးအပြီး ခဏအကြာမှာတော့ ခြင်္သေ့ကြီးကို တောထဲပြန်လွှတ်လိုက်ပါတယ်။

ဒီလိုနဲ့ ခြင်္သေ့ကြီးဟာ တောထဲဝင်သွားလိုက်၊ သားကောင် တစ်ကောင် ကိုက်ချီလာလိုက်နဲ့ ကျွန်တော့်အတွက် အမဲသားကောင်တွေကို ကောင်းစွာ ရှာပေးနေပါတယ်။ မကြာခင်မှာပဲ ကျွန်တော်ဟာ ခြင်္သေ့ကြီးရှာပေးတဲ့ အမဲသားကောင်(၅)ကောင် ရရှိလာပါတယ်။ ဒီသားကောင် (၅)ကောင်ကို ရောင်းချပြီး နောက်ထပ် အမဲလိုက်ခြင်္သေ့ တစ်ကောင် ကျွန်တော် ဝယ်ယူလိုက်ပါတယ်။ ဒီတော့ ကျွန်တော့်မှာ ခြင်္သေ့ကြီးနှစ်ကောင် ပိုင်ဆိုင်လာတာပေါ့။

ပထမခြင်္သေ့ကြီးလည်း အဖော်ရသွားတော့ သူတော် တော်

အားရှိသွားတယ်။ သူတို့ ခြသေ့်နှစ်ကောင်ပေါင်းပြီး တောထဲကို အမဲလိုက် အတူတူထွက်ကြတယ်။ အပြိုင်အဆိုင် သားကောင်တွေ ရှာဖွေလိုက်ကြတာ မကြာခင်မှာပဲ အမဲတစ်ကောင်စီ ကိုက်ချီပြီး ပြန်လာကြတာပေါ့။ ရှေးနည်းအတိုင်းပဲ သူတို့ ကိုက်ချီလာတဲ့ သားကောင် နှစ်ကောင်ကို ယူထားလိုက်ပြီး သူတို့ကို တောထဲပြန်လွှတ်လိုက်ပါ တယ်။ နောက်တစ်ကျော့ သူတို့ပြန်လာတော့ အမဲတစ်ကောင်စီ ထပ်ပါလာတယ်။ ဒီလိုနဲ့ ခြသေ့်နှစ်ကောင် သွားလိုက် ပြန်လိုက်နဲ့ အမဲရှာလိုက်ကြတာ ငါးခေါက်လောက်လည်းရှိရော သူတို့ရှာပေးတဲ့ သားကောင် (၁၀)ကောင် ကျွန်တော် ပိုင်ဆိုင်လာတယ်။ ဒီသားကောင် (၁၀)ကောင်ကို ဘာလုပ်သင့်သလဲဆိုတာ ကျွန်တော် ကောင်းကောင်း သိပါတယ်။ ကျွန်တော် ခြသေ့်အသစ်နှစ်ကောင်နဲ့ ထပ်မံ လဲလှယ် ဝယ်ယူလိုက်တာပေါ့။

ကျွန်တော့်မှာ အမဲလိုက်ခြသေ့် လေးကောင်ရှိသွားပါပြီ။ ဒီခြသေ့်တွေ အုပ်စုလိုက် ပျော်ပျော်ကြီး အမဲရှာထွက်ကြတော့ သူတို့ တစ်ခေါက်ပြန်လာတိုင်း တစ်ကောင်စီ ကိုက်ချီလာကြတဲ့အတွက် သား ကောင် လေးကောင် တစ်ပြိုင်တည်း ရရှိပါတယ်။ ငါးခေါက်လောက်ရှာ ပြီးတဲ့အခါ သားကောင်တွေ အကောင် (၂၀) ရှိလာပါတယ်။

ဒီသားကောင် (၂၀)ကို ကျွန်တော် ခြသေ့်လေးကောင်နဲ့ ထပ်မံ လဲယူလိုက်ပြန်တယ်။ ကျွန်တော့်မှာ ခြသေ့်(၈)ကောင် ဖြစ်လာတယ်။ ခြသေ့် (၈)ကောင် ငါးကျော့ပြန်လောက် အမဲလိုက်ကြတော့ သား ကောင် (၄၀) ထပ်ရလာပြန်တယ်။ ကျွန်တော် ခြသေ့်အသစ် (၈)ကောင် ထပ်တိုးဝယ်ယူလိုက်တယ်။

ဒီတော့ ကျွန်တော့်မှာ ခြသေ့် (၁၆)ကောင်ရှိနေပါပြီ။ ဒီခြသေ့်

တွေရဲ့ ကြိုးစားမှုကြောင့် နောက် ငါးကျော့မှာ သားကောင် (၈၀) ရရှိလာပါတယ်။ ဒီသားကောင် (၈၀)ကို နောက်ထပ် ခြသေ့ (၁၆) ကောင်နဲ့ လဲလှယ်လိုက်တော့ ကျွန်တော့်မှာ ခြင်္သေ့ပေါင်း (၃၂)ကောင် ရှိလာပါတယ်။ သူတို့ ငါးခေါက် အမဲလိုက်ထွက်ကြတာ သားကောင် (၁၆၀) ရပါတယ်။ ကျွန်တော် ခြင်္သေ့ (၃၂)ကောင် ထပ်မံလဲယူလိုက်ပြန်တယ်။ ဒါဆိုရင် ကျွန်တော့်အတွက် အမဲလိုက်ပြီး အလုပ်ကျွေးပြုနေတဲ့ ခြင်္သေ့ပေါင်းဟာ (၆၄) ကောင် ဖြစ်သွားပါပြီ။

တစ်ခါတစ်ရံမှာတော့ သားကောင်မရတဲ့ ခြင်္သေ့တွေလည်း ရှိပါတယ်။ ဘာသားကောင်မှ ကိုက်ချီမလာပေမယ့် ဒီခြင်္သေ့ ပြန်လာရင် ပြီးတာပါပဲ။ အဲ... ဒါပေမယ့် အနည်းငယ်သော ခြင်္သေ့တွေကတော့ ပြန်မလာတာတို့၊ ပျောက်ဆုံးသွားတာတို့ ရှိတတ်ပါတယ်။ တောဆိုတာကလည်း အန္တရာယ်များတာကိုး။ ဒါပေမယ့် ကိစ္စမရှိပါဘူး။ အသစ်တိုးလာတဲ့ ခြင်္သေ့တွေရဲ့ အရေအတွက်က တစ်ကောင်တစ်လေ ပျောက်သွားတာလောက်ကိုတော့ ကောင်းကောင်းကာမိပါတယ်။

ဒီလိုနဲ့ပဲ ကျွန်တော်ဟာ ဒီခြင်္သေ့တွေကို သားကောင်တွေ ရှာခိုင်း လိုက်၊ ခြင်္သေ့အသစ်တွေ ထပ်တိုးလာလိုက်နဲ့ ခြင်္သေ့ပေါင်းများစွာ ပိုင်ဆိုင်တဲ့သူတစ်ယောက် ဖြစ်လာပါတယ်။ ခြင်္သေ့တွေ များလာလေလေ၊ သားကောင်တွေ ပိုတိုးလာလေလေ ဖြစ်ပါတယ်။ သားကောင်တွေ ပိုတိုးလာလေလေ၊ ခြင်္သေ့တွေ ပိုများလာလေလေပဲပေါ့။ ဒါနဲ့ပဲ ကျွန်တော်ဟာ ချမ်းသာသည်ထက် ချမ်းသာလာခဲ့ပါတော့တယ်။

(၃)

အခုဆိုရင် ကျွန်တော့်ခြင်္သေ့ကြီးတွေကလည်း သားကောင်တွေ

ကို မနားတမ်း ဆက်လက် ရှာဖွေပေးနေပါတယ်။ တဖြည်းဖြည်းနဲ့ ကျွန်တော်ဟာ အမဲလိုက် ခြသေ့်ပေါင်းများစွာကို ပိုင်ဆိုင်တဲ့ သူကြွယ်ကြီး တစ်ယောက် ဖြစ်လာပါတယ်။ သားကောင်တွေ များပြားလာတော့ စနစ်တကျ စီမံခန့်ခွဲ သုံးစွဲပါတယ်။ ပိုင်ဆိုင်ရရှိလာတဲ့ သားကောင်တွေကို သုံးပုံခွဲ တစ်ပုံက ကျွန်တော်နဲ့ မိသားစု ဆွေမျိုးသားချင်းတွေအတွက် ထားပြီး နောက်တစ်ပုံက သားကောင် လိုအပ်နေသူများကို ပေးကမ်းပါတယ်။ ကျန်တစ်ပုံကိုတော့ ခြသေ့်အသစ်တွေနဲ့ ထပ်မံလဲလှယ်ယူပါတယ်။

ကျွန်တော် ရှာဖွေပိုင်ဆိုင်ခဲ့တဲ့ ခြသေ့်ကြီးတွေနဲ့ သားကောင်တွေဟာ ကျွန်တော့်တစ်ယောက်တည်းအတွက် မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ ပိုင်ဆိုင်မှုတွေဟာ မိဘတွေကိုလည်း လုပ်ကျွေးပြုစုပေးနိုင်တယ်။ ဇနီးနဲ့ သားသမီးတွေကိုလည်း အပူအပင်မရှိ လိုလေသေးမရှိ ကျွေးမွေးထားနိုင်တယ်။ ဆွေမျိုးသားချင်းနဲ့ ညီအစ်ကိုမောင်နှမတွေကိုလည်း ပေးကမ်းချီးမြှင့် ထောက်ပံ့ပေးနိုင်နေပြီ။ မရှိဆင်းရဲသားတွေ၊ အကူအညီ လိုအပ်နေကြသူတွေကို ပေးကမ်းလှူဒါန်းနိုင်ခဲ့ပြီ။ အများကောင်းကျိုးတွေ ရွက်သယ်ပိုးနိုင်ခဲ့ပြီ။ ဒါတွေအားလုံးဟာ မင်္ဂလာတရားတွေပဲ မဟုတ်ဘူးလား။ ကျွန်တော့်အောင်မြင်မှုကြောင့် အများစိတ်ချမ်းသာရတယ်။ သစ်တစ်ပင်ကောင်းခဲ့လို့ ငှက်တစ်သောင်းနားနိုင်ခဲ့ကြပါပြီ။ ကျွန်တော် အရမ်းပီတိဖြစ်ရပါတယ်။

ဒီလိုဘဝ အခြေအနေမျိုးဟာ ကျွန်တော်မက်ခဲ့တဲ့ အိပ်မက်ပါ။ အခုတော့ ဒီအိပ်မက်တွေ မှန်ကန်လာခဲ့ပါပြီ။ ကျွန်တော်ဟာ သားကောင်တွေအတွက် ပူပင်သောကရောက်နေစရာ မလိုတော့ပါဘူး။ အန္တရာယ်များတဲ့ တောနက်ကြီးထဲမှာလည်း ပင်ပန်းကြီးစွာ အမဲလိုက်

စရာမလိုတော့ပါဘူး။ လွတ်လပ်တဲ့ ကိုယ်ပိုင်အချိန်တွေလည်း ပိုင်ဆိုင်လာခဲ့ပါပြီ။ အမြဲတမ်း ရုန်းကန်လှုပ်ရှားနေရတဲ့ ဘဝမျိုးကနေ ရုန်းထွက်လွတ်မြောက်နိုင်ခဲ့ပါပြီ။ ကျွန်တော်သာ မပြောင်းလဲခဲ့ရင် ကျွန်တော်သာ မစွန့်စားခဲ့ရင် ဒီနေ့ ဒီအချိန်အထိ မနားတမ်း အမဲလိုက် ထွက်နေရမှာဖြစ်ပါတယ်။

ကျွန်တော့်အဖေ မုဆိုးကြီးကတော့ ကျွန်တော့်ကို အမဲလိုက်နည်းတွေ သင်ပေးပြီး သာမန်မုဆိုးကြီး တစ်ယောက်သာ ဖြစ်စေခဲ့ပါတယ်။ အခု ကျွန်တော့်အလှည့်ရောက်ပါပြီ။ ကျွန်တော့်ရဲ့ မျိုးဆက်တွေဖြစ်တဲ့ သားသမီးတွေကို ကျွန်တော်က အမဲလိုက်နည်းတွေ သင်ပေးရုံသာမက ခြသေ့်ကြီးတွေရဲ့ အရှင်သခင်ဖြစ်နည်းကိုပါ သင်ပေးနိုင်နေပြီ ဖြစ်ပါတယ်။ အနာဂတ်မှာ သင်လည်း ကျွန်တော့်လို ခြသေ့်များရဲ့ အရှင်သခင်အဖြစ် ရပ်တည်နိုင်ပြီး မျိုးရိုးစဉ်ဆက် ချမ်းသာမှုအမွေကို ပေးစွမ်းနိုင်သူ ဖြစ်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

## (၄)

ဒီပုံပြင်လေးကနေ သင့်ဘဝအတွက် ဘယ်လို အကျိုးကျေးဇူးတွေ ရရှိလိုက်ပါသလဲ။ ဘာတွေ သိမြင်လိုက်ရပါသလဲ။ ဘယ်လိုခံစားရပါသလဲ။ ဘယ်လို အတွေးအကြံတွေ ဖြစ်ပေါ်လာစေပါသလဲ။

တကယ်တော့ ချမ်းသာကြွယ်ဝပြီး ငွေကြေးရဲ့ အရှင်သခင်ဖြစ်ဖို့ဆိုတာ မုဆိုးကြီးက ခြသေ့်တွေကို မွေးမြူပြီး ခိုင်းစေသလို ငွေကြေးတွေကိုလည်း ခိုင်းစေတတ်ဖို့ လိုအပ်ပါတယ်။ လူအများစု ချမ်းသာအောင် မလုပ်နိုင်ကြတာဟာ အစ ပထမပိုင်းတုန်းက မုဆိုးကြီးလိုတောထဲဝင်လိုက်၊ သားကောင် ရှာလိုက်နဲ့ပဲ အချိန်ကုန်နေကြလို့ဖြစ်ပါတယ်။

သားကောင် (ငွေ) နောက်ကို တစ်သက်လုံး ပင်ပန်းကြီးစွာ လိုက်ရှာနေသရွေ့ ဘယ်သောအခါမှ အရှင်သခင် ဖြစ်လာမှာ မဟုတ်ပါဘူး။ ငွေနောက်ကို တကောက်ကောက် လိုက်နေရင် ငွေရဲ့နောက် လိုက်ပဲဖြစ်မှာပါ။ ငွေရဖို့အတွက်ပဲ အလုပ်လုပ်နေရင် ငွေခိုင်းခြင်းကို ခံနေရတဲ့ ငွေကြေးရဲ့ ကျေးကျွန်ပဲ ဖြစ်နေပါလိမ့်မယ်။ ဒီတော့ ငွေအတွက် တစ်သက်လုံး ပင်ပန်းကြီးစွာ လုပ်ကိုင်နေမယ့်အစား ငွေကို ပြန်ခိုင်းပြီး ငွေရဲ့ အရှင်သခင်ဖြစ်လာကာ ငွေကြေး လွတ်မြောက်စေဖို့ ကြိုးစားရပါလိမ့်မယ်။

အလုပ်အကျွေးပြုနေတဲ့ ခြသေ့်တွေအများကြီး ပိုင်ဆိုင်ထားတဲ့ ခြသေ့်များရဲ့ အရှင်သခင် မုဆိုးကြီးလို ဘဝအိပ်မက်တွေ အမှန်တကယ် ဖြစ်လာစေဖို့ ဒီစာအုပ်က အထောက်အကူ ပြုပါလိမ့်မယ်။ ငွေနဲ့ ပတ်သက်တဲ့ အတွေးအခေါ်ကောင်းတွေ၊ နည်းလမ်းကောင်းတွေနဲ့အတူ **'ရုန်းကန်'**နေရတဲ့ ဘဝကနေ **'ရုန်းထွက်'**နိုင်ဖို့အတွက်ပေါ့။ အခု အချိန်က စတင်ပြီး ရည်မှန်းချက်သာ ထားလိုက်ပါ။ အနာဂတ်မှာ **'ငွေကြေးတို့ရဲ့ အရှင်သခင်'** သင်ကိုယ်တိုင် ဖြစ်လာမှာကို လုံးဝ ယုံကြည်ပါတယ်။

**** 💰 💰 💰 ****


အာကာယ်၏
သင့်အိတ်ကပ်အတွင်း
ဘာမှ မရှိသည့်အခါ
သင့်တွင်
အပြစ်များစွာ
ရှိနေလိမ့်မည်။
လစ်များ စကားပုံ

## အခန်း(၂)

# ဆင်းရဲတွင်းမှ ရုန်းထွက်လိုက်ပါ

ဆင်းရဲတယ်ဆိုတာကို ဘယ်လို အဓိပ္ပာယ်ဖွင့်ဆိုမလဲ။ ဘယ်လို အခြေအနေမျိုးကို ဆင်းရဲတယ်လို့ ခေါ်ပါသလဲ။ အားလုံး နားလည်ထားကြတာကတော့ ငွေမရှိတာ၊ စားစရာ၊ နေစရာမရှိ၊ အိုးမဲ့အိမ်မဲ့ဖြစ်တာ၊ ချို့ချို့တဲ့တဲ့ နေရတာ၊ ဘဝမှာ မပြည့်မစုံနဲ့ အခက်အခဲဒုက္ခ တွေကို တသီကြီး ခံစားရတာပေါ့။

'ဆင်းရဲတယ်'ဆိုတာ 'လိုအပ်တဲ့အရာတွေကို ဝယ်စရာမရှိတာ' လို့လည်း ဖွင့်ဆိုကြပါတယ်။ ဟုတ်ပါတယ်။ စားဖို့ သောက်ဖို့အတွက် စားစရာဝယ်ဖို့ ငွေမရှိတာ ဆင်းရဲတာပါပဲ။ ဝတ်စရာ အဝတ်အထည်တွေကို မဝယ်နိုင်တာ၊ မိသားစု နေဖို့ ထိုင်ဖို့ လိုအပ်တဲ့ နေစရာအိမ်မရှိတာ ဆင်းရဲတာပါပဲ။ ကျန်းမာရေးမကောင်းတာတောင် ဆေးခန်းပြဖို့၊ ဆေးဝယ်သောက်ဖို့ မတတ်နိုင်တာ ဆင်းရဲတာပါပဲ။ ဘဝမှာ ကောင်းစွာ ရပ်တည်နေထိုင်ဖို့ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်စွမ်းမရှိတာ ဆင်းရဲတာပဲပေါ့။

FutureWave
Publishing House

ဆင်းရဲခြင်းရဲ့ နောက်ထပ် အဓိပ္ပာယ်ကတော့ 'စိတ်ခံစားမှုအရ အလိုမပြည့်နိုင်တာ'ပဲ ဖြစ်ပါတယ်။ ကိုယ့်မှာ ဘယ်လောက်ရှိရှိ အလို မပြည့်သေးသရွေ့တော့ ဆင်းရဲနေဦးမှာပါပဲ။ အလိုမပြည့်တဲ့ စိတ်ဆင်း ရဲမှုပေါ့။ ငွေကြေးချို့တဲ့လို့ လိုအပ်တဲ့အရာတွေကို မဖြည့်ဆည်းနိုင် တာလည်း ဆင်းရဲခြင်းဖြစ်သလို ငွေတွေရှိနေပေမယ့် အလိုမပြည့် နိုင်တာဟာလည်း ဆင်းရဲခြင်းပါပဲ။ ဘဏ်မှာ ငွေတွေ သန်းချီရှိနေပြီး ဆင်းရဲနေတဲ့သူတွေ အများကြီးပါ။ လိုချင်တဲ့ လောဘ အတောမသတ် နိုင် သေးသရွေ့တော့ ဆင်းရဲနေဦးမှာပါပဲ။

ဒါကြောင့် ဆင်းရဲတာဟာ ဘယ်ဘက်ကလှည့်ကြည့်ကြည့် တစ်ချက်လေးမှ မကောင်းပါဘူး။ ဆင်းရဲတာဟာ ဒုက္ခဆိုးကြီးတစ်ခု ပါပဲ။ ကပ်ရောဂါဆိုးကြီးတစ်ခုလိုပါပဲ။ ဆင်းရဲတာဟာ ဝေ်မွတ် ခေါင်း ပါးတာပါပဲ။ ပူပန်သောက ဖြစ်စေတာပါပဲ။ စိတ်ပျက်အားငယ်ခြင်း တွေကိုလည်း ဖြစ်စေပါတယ်။ ဆင်းရဲခြင်းဟာ မျက်ရည်တွေကို ဖြစ်စေ ပါတယ်။ ဝမ်းနည်းပူဆွေးစေပါတယ်။ ကုန်ကုန်ပြောရင် ဆင်းရဲခြင်း ဟာ အပြစ်ခံစားနေရတာပါပဲ။

## ဆင်းရဲခြင်းကို မုန်းတယ်

ဆင်းရဲတာဟာ လုံးဝ လုံးဝ မကောင်းပါဘူးဗျာ။ ဆင်းရဲခြင်း ကို ချစ်မြတ်နိုးတဲ့သူရယ်လို့လည်း ရှိမယ် မထင်ပါဘူး။ ကျွန်တော် ကိုယ်တိုင်လည်း ဆင်းရဲခြင်းရဲ့ ခါးသီးတဲ့အရသာကို အထိုက်အလျောက် ခံစားဖူးသူပါပဲ။ ဒါကြောင့် ဆင်းရဲခြင်းကို နာကျည်းလွန်းလို့ တွန်းလှန် နေခဲ့တာပေါ့။ တကယ်တော့ ဘဝဆိုတာ တိုက်ပွဲဆိုရင် ဒီတိုက်ပွဲဟာ ဆင်းရဲခြင်းကို တိုက်တဲ့ပွဲပဲ ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ကမ္ဘာ့လူဦး

ရေအများစုဟာ တိုက်ပွဲမှာ မအောင်နိုင်ကြပါဘူး။ ဆင်းရဲခြင်းကို အနိုင် မတိုက်နိုင်ကြပါဘူး။

ဆင်းရဲသားတွေကို မြင်တိုင်း၊ ဆင်းရဲတဲ့ ရပ်ကွက်တွေထဲကို ရောက်တိုင်း ကျွန်တော် အမြဲ စိတ်မကောင်းဖြစ်ရပါတယ်။ မရှိဆင်းရဲ သားတွေရဲ့ ရင်တွင်းမှာ ဘယ်လိုခံစားရမယ်ဆိုတာကို ကိုယ်ချင်းစာ အလေးထားနားလည်မိပါတယ်။ ဆင်းရဲသား ကလေးသူငယ်တွေ ချို့ချို့ တဲ့တဲ့နဲ့ ညစ်ပတ်ပေရေစွာ နေထိုင်ကြရတယ်။ လူငယ် လူလတ်ပိုင်း တွေဆိုရင်လည်း ပင်ပန်းကြီးစွာ အလုပ်လုပ်ကိုင် အသက်မွေးကြရ တယ်။ လူကြီး တွေဆိုရင်လည်း မနေမနား နဖူးကချွေး ခြေမကျ အောင် အလုပ်လုပ်ကြရတယ်။

အမျိုးသမီးတွေဆိုရင်လည်း မိုးလင်းမိုးချုပ် စက်ရုံ၊ အလုပ်ရုံ တွေမှာ မဖြစ်စလောက် ငွေလေးတွေနဲ့ တစ်နေကုန် တစ်နေခမ်း ရုန်းကန်နေကြရသလို ဈေးရောင်း၊ ပန်းရောင်း၊ ဟင်းသီးဟင်းရွက် ရောင်းနဲ့ ရုန်းကန်နေကြရတာပါပဲ။ တချို့ဆိုရင်လည်း ရပ်ကွက်ထဲ လှည့် အဝတ်လျှော်၊ ကလေးထိန်း၊ ရေထမ်း၊ ထင်းခွဲနဲ့ ကြုံရာကျ ပန်း အလုပ်လေးတွေ လုပ်ပြီး ထမင်းဖိုး၊ ဟင်းဖိုး၊ ဆေးဖိုး၊ ကလေး ကျောင်းစရိတ်တွေ ရှာကြရတယ်။

ဆင်းရဲတဲ့ သက်ကြီးရွယ်အိုတွေဆို ပိုသနားဖို့ကောင်းပါတယ်။ ဘဝရဲ့ နေဝင်ချိန် နီးကပ်လာတဲ့အထိ ဆင်းရဲခြင်းက သူတို့ဘဝကို လွှမ်းမိုးထားတုန်း။ ဘဝတစ်လျှောက်လုံး ပြည့်ပြည့်စုံစုံ မနေခဲ့ရ၊ အာဟာရပြည့်ဝအောင် မစားသောက်ခဲ့ရ၊ ကျန်းမာရေးအတွက် ဆေးဝါး ကောင်းတွေ မမှီဝဲကြရ၊ စားဝတ်နေရေးအတွက် ပူပန်သောက ရောက် နေကြရတာ တစ်သက်လုံးနီးပါးပဲ။ အေးအေးချမ်းချမ်းနဲ့ တရားအား

မထုတ်နိုင်။ တချို့ဆို လမ်းဘေးမှာ တောင်းရမ်းစားသောက်ရတဲ့ဘဝ။ ဒီလိုနဲ့ ဆင်းဆင်းရဲရဲနဲ့ ဘဝနိဂုံးချုပ်ကြရဦးမယ်။

ဆင်းရဲလို့ ကိုယ့်မိဘရဲ့ဒုက္ခကို ဒီအတိုင်းကြည့်နေရတဲ့ သားသမီးတွေ၊ ဆင်းရဲလို့ သားသမီးတွေ မျက်နှာငယ်တာကို စိတ်ဆင်းရဲစွာနဲ့ ကြည့်နေရတဲ့ မိဘတွေ၊ ဆင်းရဲလို့ ကျောင်းမနေနိုင်တဲ့ ကလေးတွေ၊ စားစရာမဝယ်နိုင်လို့ ငတ်သေတဲ့သူတွေ၊ ဆင်းရဲလို့ ဆေးမကုနိုင်ဘဲ ရောဂါဝေဒနာတွေ ခံစားပြီး သေဆုံးကြရသူတွေ၊ ဆင်းရဲလို့ ဘဝပျက်ကြရတဲ့သူတွေ၊ ဆင်းရဲလို့ ဒုစရိုက်သားကောင်ဖြစ်ပြီး ထောင်ထဲဝင် ကြရတဲ့သူတွေ၊ ဆင်းရဲလို့ သူများအနှိမ်ခံ၊ အဖိနှိပ်ခံရသူတွေ၊ ဆင်းရဲလွန်းလို့ တောင်းစားနေရတဲ့သူတွေ ကမ္ဘာ့နိုင်ငံအသီးသီးမှာ အများကြီးပါပဲ။

## ဆင်းရဲခြင်းကို တိုက်ထုတ်ပစ်ကြစို့

ဆင်းရဲမွဲတေမှု ပြဿနာဟာ တကယ့်ပြဿနာကြီး တစ်ခုပါပဲ။ ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရမယ်။ ဘဝဆိုတာ တိုက်ပွဲဆိုရင် ကျွန်တော်တို့ ဝင်ရမယ့်တိုက်ပွဲကတော့ 'ဘဝရဲ့ ဆင်းရဲမှုကို အပြတ်တိုက်ထုတ်နိုင်ရေး'ပါပဲ။ မိုက်ခရိုဆော့ သူဌေးကြီး ဘေလ်ဂိတ်စကားနဲ့ ပြောမယ်ဆိုရင်တော့ ဘဝမှာ ဆင်းဆင်းရဲရဲနဲ့ မွေးဖွားလာတာလူသားတွေရဲ့ အပြစ်မဟုတ်ပါဘူး။ ဒါပေမယ့် ဆင်းရဲမှုကို အပြတ်မတိုက်ထုတ်နိုင်ဘဲ ဆင်းဆင်းရဲရဲနဲ့ ဘဝတစ်ခု ကုန်ဆုံးသွားမယ်ဆိုရင်တော့ တကယ့် အပြစ်ကြီးတစ်ခုပါပဲ။ ဘဝတိုက်ပွဲကို အနိုင် မတိုက်နိုင်ဘဲ ဆင်းရဲခြင်း လက်အောက်မှာ တိုက်ပွဲကျသွားလို့ ဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အားလုံး ဒီဆင်းရဲခြင်း တိုက်ပွဲကို

အနိုင်တိုက်ရပါမယ်။ ဆင်းရဲခြင်းကို အနိုင်တိုက်ဖို့က အားလုံးရဲ့ သမိုင်းပေးတာဝန်တစ်ခုပါပဲ။ ဆင်းရဲခြင်းရဲ့ ရက်စက်မှုဟာ အထက်မှာ ဖော်ပြခဲ့သလိုပါပဲ။ လူအများစု ဆင်းရဲနေကြတာ တိုက်ပွဲမဝင်ကြလို့ပါ။ ဆင်းရဲ ခြင်းကို တိုက်ထုတ်ဖို့ စိတ်ကူးမရှိဘဲ ဆင်းရဲခြင်းအောက်မှာ ခေါင်းငုံ့ခံ နေကြလို့ပဲ ဖြစ်ပါတယ်။ ဒီလောက်ဆိုးတဲ့ ဆင်းရဲခြင်း၊ ဒီလောက် နာကျည်းမုန်းတီးစရာကောင်းတဲ့ ဆင်းရဲခြင်းကို ကျွန်တော်တို့မှ မတိုက်ရင် ဘယ်သူက ကိုယ်စား တိုက်ပွဲဝင်ပေးမှာလဲ။

ကိုယ့်ဘဝ၊ ကိုယ့်မိသားစု ဆင်းရဲတွင်းကလွတ်ဖို့ ကိုယ်တိုင်မှ မရုန်းထွက်ရင် တစ်သက်လုံး ဆင်းရဲနေဦးမှာပါပဲ။ ဘယ်သူ့ကိုမှ အပြစ်တင်မနေပါနဲ့။ ဆင်းရဲတွင်းထဲမှာထိုင်ပြီး လက်ညှိုးထိုး အပြစ်တွေ ပြောနေမယ့်အစား ဆင်းရဲတွင်းက လွတ်မြောက်အောင် ကြိုးပမ်းသင့်ပါတယ်။ ကိုယ်ကိုယ်တိုင်လည်း လွတ်မြောက်ရမယ်၊ ကိုယ့်မိသားစုကိုလည်း ဆင်းရဲတွင်းက လွတ်ထွက်နိုင်အောင် ကူညီပေးနိုင်ရမယ်။ ဘာပဲဖြစ်ဖြစ် လွတ်လပ်ရေးရဖို့ဆိုရင် အားလုံး အတူတူတိုက်ကြရမှာပဲ မဟုတ်လား။ ဒီနေ့ကစပြီး ဆင်းရဲမွဲတေခြင်းဆိုတဲ့ ရန်သူကြီးကို အသိဉာဏ်လက်နက်တွေ စွဲကိုင်ပြီး တိုက်ထုတ်ပစ်ကြရအောင်။

**** ****

## သင့်ဘဝအတွက် မေးခွန်းလေးတွေ ဖြေကြည့်ပါဦး။

၁။ သင့်ဘဝရဲ့ အချိန်ကာလတစ်ခုကို ဆင်းရဲစွာနဲ့ ဖြတ်သန်းခဲ့ဖူးပါသလား။ ဆင်းရဲခြင်းကြောင့် ခံစားရတဲ့ နာကျည်း မှုတွေ သင့်မှာ ရှိပါသလား။ ဆင်းရဲခြင်းကြောင့် ဝမ်းနည်း ပူဆွေးပြီး မျက်ရည်ကျခဲ့ရတဲ့ အဖြစ်မျိုးတွေ သင့်မှာ ရှိပါသလား။

ရှိ..................။ မရှိပါ ..................။

၂။ ဆင်းရဲတွင်းက ရုန်းထွက် လွတ်မြောက်ချင်တဲ့ စိတ်ဆန္ဒ ရှိပါသလား။ ဆင်းရဲခြင်းကို အနိုင်တိုက်ဖျက်ပစ်ဖို့ စိတ် အားထက်သန်မှု ရှိပါသလား။

ရှိ..................။ မရှိပါ ..................။

၃။ ဆင်းရဲတွင်းက သင်ဘာကြောင့် ရုန်းထွက်လွတ်မြောက် ချင်တာလဲဆိုတဲ့ အဓိကအချက် ၃ ချက်ကို ရေးပါ။

၁) ..........................................

၂) ..........................................

၃) ..........................................

၄။ နောက်လာမယ့် နှစ်အနည်းငယ်ကာလမှာ ချမ်းသာ ကြွယ်ဝတဲ့ ဘဝအခြေအနေကို ရောက်ရှိလိမ့်မယ်လို့ သင့် စိတ်ထဲကနေ သက်ဝင်ယုံကြည်နေပါသလား။

ယုံကြည်တယ်...........။ မယုံကြည်ပါ............။

၅။ ''ငါသည် ဆင်းရဲခြင်းမှ လုံးဝလွတ်မြောက်ပြီး ချမ်းသာ ကြွယ်ဝနေပါပြီ'' ဤစာသားကို ၅ ကြောင်းတိတိ ယုံယုံ ကြည်ကြည် လေးလေးနက်နက် ရေးသားလိုက်ပါ။

၁) ..........................................

၂) ..........................................

၃) ..........................................

၄) ..........................................

၅) ..........................................

**** ****


အားလုံးသည်
ငွေမရှိသည့်အတွက်
ညည်းတွားကြသည်။
အသိတရားလိုအပ်မှု
အတွက်ကိုမူ
ညည်းတွားသူမရှိ။
ရှုမေးနီးယား စကားပုံ

အခန်း(၃)

# ငွေကြေးပြဿနာဖြေရှင်းခြင်း

ငွေကြေးပြဿနာဆိုတာ လူသားတိုင်းရဲ့ဘဝမှာ ရင်ဆိုင်ဖြေရှင်းနေရတဲ့ ပြဿနာတစ်ခုပါ။ လောကလူ့ဘောင်မှာ ငွေကြေး ပြဿနာမကြုံဖူးတဲ့လူရယ်လို့ မရှိပါဘူး။ ငွေကြေးပြဿနာဟာ ငွေကြေးချို့တဲ့လို့ဖြစ်တာ တစ်ခုတည်းမဟုတ်ပါဘူး။ ငွေမရှိတာလည်း ပြဿနာဖြစ်သလို၊ ငွေတွေရှိလာတာလည်း ပြဿနာတစ်မျိုးပါပဲ။ တကယ်တော့ ဆင်းရဲတဲ့သူတွေမှာရော၊ ချမ်းသာတဲ့သူတွေမှာပါ ငွေကြေးပြဿနာတွေ တစ်နည်းတစ်ဖုံ ကြုံတွေ့နေရတာပါ။

လူအများစုတွေးထင်ကြတာက ငွေကြေးတွေ ကြွယ်ဝချမ်းသာလာပြီဆိုရင် ငွေကြေးပြဿနာတွေကို အောင်အောင်မြင်မြင်နဲ့ ဖြေရှင်းနိုင်မယ်လို့ ယုံကြည်နေကြပါတယ်။ ဒါပေမဲ့ ငွေတွေများလွန်းလို့ ငွေကြေးပြဿနာတွေ ကြုံရတာကိုလည်း နားလည်စေချင်ပါတယ်။ ငွေမရှိတာလည်း ပြဿနာပါ။ ငွေမလုံလောက်တာလည်း ပြဿနာပါ။ ငွေရှိပြီး ဘာလုပ်ရမှန်း မသိတာလည်း ပြဿနာပါ။

ငွေတွေ အမြောက်အများကို စီမံခန့်ခွဲတာညံ့လို့ ငွေတွေ ဆုံးရှုံးနစ်နာသွားတာလည်း ပြဿနာတစ်ရပ်ပါ။

ငွေတွေအများကြီးရှိတာ ပြဿနာလို့ ဆိုလိုက်တော့ အံ့ဩသွားပါသလား။ ''ဒီလို ပြဿနာမျိုး ငါတော့ ကြုံချင်စမ်းပါဘိ''လို့ တွေးကောင်း တွေးမိမှာပါ။ ရယ်စရာဟာသတော့ မလုပ်လိုက်ပါနဲ့။ တကယ်တမ်း ကြုံလာရင် သင်ကိုယ်တိုင် ခေါင်းခဲရပါလိမ့်မယ်။ ဥပမာ– သင့်လက်ထဲကို ငွေသန်းထောင်ချီပြီး ရောက်လာခဲ့ပြီဆိုပါတော့ သင် ဘာလုပ်မလဲ။ မသိရင်တော့ ဒါဟာ ပြဿနာတစ်ခုပါပဲ။ ဒီပြဿနာကို သေချာ ကိုင်တွယ်မဖြေရှင်းနိုင်ရင်တော့ သန်းထောင်ချီတဲ့ငွေတွေဟာ သင့်ဘဝထဲက ပြန်ထွက်သွားမှာပါပဲ။

တချို့သူတွေဟာ ထီပေါက်လို့ ငွေတွေအများကြီး ဖြုန်းခနဲရပြီး တိုက်ဆောက်၊ ကားစီး၊ သူဌေးကြီးတွေ ဖြစ်လာကြပေမယ့် နှစ်အနည်းငယ်မှာပဲ ရှိသမျှထုခွဲရောင်းချပြီး အကြွေးတွေဝိုင်းတဲ့ဘဝ ပြန်လည်ရောက်ရှိသွားတတ်ကြပါတယ်။ တချို့များကြပြန်တော့ လက်ထဲ ငွေကြေးတွေ ရွှင်လာတာနဲ့ မြူးတူးခုန်ပေါက်ပြီး အောက်ခြေလွတ်ကုန်ကြတယ်။ ရှုးရှူးမိုက်မိုက် ရမ်းရမ်းကားကား ငွေကို ရေလို သုံးဖြုန်းပြီး မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြတာတွေလည်း ရှိပါတယ်။ ဒါဟာ ငွေတွေ အများ ကြီးရှိလာတဲ့အတွက်ကြောင့် ဖြစ်နိုင်တဲ့ ပြဿနာတွေပါပဲ။ ငွေတွေ များလာလေလေ ပြဿနာတွေ များလာလေလေ (More Money, More Problems) ဖြစ်ပါတယ်။ ရေကြီး ရေလျှံပြီး ရေဘေးဒုက္ခတွေ့ကာ ရေနစ်သလို ငွေကြေးတွေ အများကြီးကြားမှာလည်း နစ်မွန်းသွားနိုင်ပါတယ်။

လောကမှာ ငွေတွေများလို့ဖြစ်ရတဲ့ ပြဿနာထက် ငွေမရှိလို့

ဖြစ်ရတဲ့ ပြဿနာတွေက ပိုများနေပါတယ်။ More Money, More Problems လို့ ဆိုပေမယ့် No Money ဆိုရင်လည်း More Problems ပါပဲ။ ဘယ်လို ပြဿနာပဲဖြစ်ဖြစ် ဖြေရှင်းနိုင်ဖို့က အထူးလိုအပ်ပါတယ်။ ငွေမရှိတဲ့ ပြဿနာကို မဖြေရှင်းနိုင်ရင် ဆင်းရဲတာရှည်နေမှာ ဖြစ်သလို ငွေတွေရှိလွန်းလို့ဖြစ်တဲ့ ပြဿနာကို မဖြေရှင်းနိုင်ရင်လည်း ဆင်းရဲသွားနိုင်ပါတယ်။ ဒါကြောင့် ငွေကြေး ပြဿနာဖြေခန်းဆိုတာ ဘဝအောင်မြင်မှုနဲ့ သက်ဆိုင်နေတဲ့ အရာ တစ်ခုပါပဲ။

အောက်မှာဖော်ပြထားတဲ့ ငွေပြဿနာ နမူနာတွေကတော့ ငွေမရှိတဲ့ ဆင်းရဲသူတွေရော၊ ငွေတွေရှိတဲ့ ချမ်းသာသူတွေပါ ငွေကြေး ပြဿနာ တစ်ခုမဟုတ် တစ်ခုခုနဲ့ ကြုံနေရတယ်ဆိုတာ သိသာထင်ရှား စေမှာဖြစ်ပါတယ်။

## ငွေမရှိတာနဲ့ပတ်သက်တဲ့ ငွေကြေးပြဿနာ နမူနာများ

၁) ငွေကြေးချို့တဲ့ခြင်း၊ လုံလောက်တဲ့ ငွေမရှိခြင်း ပြဿနာ။

၂) ငွေမလုံလောက်လို့ အကြွေးတွေယူရခြင်း ပြဿနာ။

၃) ကြွေးမြီတွေများပြားလို့ ပြန်မဆပ်နိုင်ခြင်း ပြဿနာ။

၄) စားဝတ်နေရေးစရိတ်တွေ မြင့်တက်လာခြင်း ပြဿနာ။

၅) လစာငွေ၊ ဝင်ငွေ နည်းပါးခြင်း ပြဿနာ။

၆) ဝင်ငွေတိုးပွားအောင် မလုပ်နိုင်ခြင်း၊ ငွေကို ကောင်းစွာ မရှာဖွေတတ်ခြင်း ပြဿနာ။

၇) ဆေးဝါးကုသခြင်းကဲ့သို့သော အရေးပေါ်လို ငွေတွေ အတွက် စုဆောင်းထားငွေ မရှိသည့် ပြဿနာ။

၈) ငွေကြေးမပြည့်စုံလို့ စိုးရိမ်ပူပန်သောက ရောက်နေရတဲ့ ပြဿနာ။

## ငွေအပြောက်အများရှိတာနဲ့ ပတ်သက်တဲ့ ငွေကြေးပြဿနာ နမူနာများ

၁) ငွေကြေးပမာဏများစွာရှိနေခြင်း ပြဿနာ။
၂) ရှိတဲ့ ငွေကြေးများစွာကို ဘယ်လိုစီမံခန့်ခွဲရမလဲ မသိတဲ့ ပြဿနာ။
၃) မိမိငွေကြေးတွေ လုံခြုံစိတ်ချမှုနဲ့ ပတ်သက်တဲ့ ပြဿနာ။
၄) ရင်းနှီးမြှုပ်နှံမှုများ လိုအပ်နေခြင်း ပြဿနာ။
၅) ပိုင်ဆိုင်မှု စည်းစိမ်ဥစ္စာတွေနဲ့ ငွေကြေးများကို စီမံခန့်ခွဲမှု ညံ့ဖျင်းတဲ့ ပြဿနာ။
၆) သူခိုး၊ ဓားပြများနှင့် မိမိငွေကြေးဥစ္စာများအတွက် ကျရောက်လာနိုင်တဲ့ အန္တရာယ်များ ပြဿနာ။
၇) မိတ်ဟောင်း မိတ်သစ်တွေ၊ ဆွေတွေမျိုးတွေ ပိုင်းလာကြပြီး အကူအညီတောင်းကြ၊ ငွေချေးကြတဲ့ ပြဿနာ။
၈) မိမိကိုယ်တိုင်လည်း ဖြစ်နိုင်သလို၊ မိမိ သားသမီးတွေပါ အောက်ခြေ လွတ်ကုန်ပြီး ထင်ရာစိုင်းသွားစေနိုင်တဲ့ ပြဿနာ။

အထက်မှာ နမူနာအဖြစ် ဖော်ပြထားတဲ့ ဘယ်လို ငွေကြေးပြဿနာမျိုးပဲဖြစ်ဖြစ် ဖြေရှင်းနိုင်ဖို့ဆိုရင် ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာ ကြွယ်ဝနေဖို့လိုပါတယ်။ ပြဿနာ မှန်သမျှကို ဖြေရှင်းနိုင်တာ ဉာဏ်ပညာသာဖြစ်ပါတယ်။ ငွေကြေးပြဿနာကို ငွေကြေးနဲ့ပဲ ဖြေရှင်းလို့ရမှာ မဟုတ်ပါဘူး။ ငွေကြေးဆိုင်ရာ အသိပညာနဲ့ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ငွေကြေးဆိုင်ရာ ပြဿနာတွေကို ဖြေရှင်း

နိုင်ဖို့ဆိုရင် ''ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာ (Financial Intelligence)'' က မရှိမဖြစ် အရေးပါလှပါတယ်။

ငွေကြေးအသိဉာဏ်တွေ တိုးလာလေလေ ငွေကြေးပြဿနာတွေကို လိမ္မာပါးနပ်စွာနဲ့ ဖြေရှင်းနိုင်လေလေဖြစ်ပါတယ်။ အပြန်အလှန်အနေနဲ့ ငွေကြေးပြဿနာတွေကို ဖြေရှင်းနိုင်လေလေ ငွေကြေးအသိဉာဏ်တွေ ပိုတိုးလာလေလေပဲပေါ့။ ငွေကြေးအခက်အခဲတွေနဲ့ ငွေကြေးဆိုင်ရာပြဿနာတွေ ကြုံတွေ့နေရခြင်းဟာ လုံလောက်ပြည့်စုံတဲ့ ငွေကြေး အသိပညာ မရှိသေးလို့ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူမဆို ဘဝရဲ့ ငွေကြေးပြဿနာဖြေခန်းမှာ အောင်နိုင်ဖို့ ငွေပညာရှိ သုခမိန်ကြီးတွေဖြစ်အောင် ကြိုးစား လေ့လာထားသင့်ပါတယ်။

## ဆင်းရဲသူတွေရဲ့ ငွေကြေးပြဿနာဖြေခန်း

ဆင်းရဲသူတွေအများစုဟာ ငွေကြေးပြဿနာတွေကို ဖြေရှင်းဖို့ ငွေကြေးဆိုင်ရာ အသိပညာ ဗဟုသုတတွေ နည်းပါးလေ့ရှိတာကို တွေ့ရပါတယ်။ ငွေကို ဘယ်လိုကနေ ဘယ်လို ရှာရမှန်းမသိလောက်အောင် ဖြစ်တတ်ကြတယ်။ ပင်ပင်ပန်းပန်းနဲ့ အလုပ်ကို ကြိုးစားပြီး လုပ်ကိုင်တော့လည်း လုံလောက်တဲ့ ငွေပမာဏကို မရကြပြန်ဘူး။ သူတို့အတွေးအခေါ်က ငွေတွေ အများကြီးရလာရင် သူတို့ရဲ့ ငွေကြေးပြဿနာတွေ ပြေလည်သွားမယ်လို့ ယုံကြည်ထားကြပါတယ်။ ပိုဆိုးတာက သူတို့ရဲ့ ငွေပြဿနာကို ဖြေရှင်းနိုင်ဖို့ အကြွေးတွေကို ယူကြပါတယ်။ အကြွေးယူပြီး ငွေကြေးပြဿနာကို ဖြေရှင်းတာက နောက်ထပ် ငွေကြေးပြဿနာတွေကို ဖန်တီးမိမှန်းမသိ ဖန်တီးနေမိခြင်းပါပဲ။

## လူလတ်တန်းစားတွေရဲ့ ငွေကြေးပြဿနာဖြေရှင်းနည်း

လူလတ်တန်းစားတွေအနေနဲ့ကတော့ ငွေကြေး ပြဿနာကို နည်းလမ်းပေါင်းစုံနဲ့ ဖြေရှင်းတတ်ကြပါတယ်။ ကျောင်းပညာရေးမှာ ထူးချွန်အောင်၊ ဘွဲ့ထူးဂုဏ်ထူးတွေရအောင် ကြိုးစားပြီး ကုမ္ပဏီကောင်းကောင်း၊ အလုပ်ကောင်းကောင်းမှာ ရာထူးကြီးကြီးရပြီဆိုရင် ပြေလည်ပြီလို့လည်း ယုံကြည်လေ့ရှိကြပါတယ်။ ငွေကြေးအရ လုံခြုံစိတ်ချမှုရှိဖို့ အာမခံချက်ရှိတဲ့ အလုပ်တစ်ခုကို စွဲစွဲမြဲမြဲလုပ်ကိုင်ပြီး ငွေပြဿနာတွေကို ပြေလည်အောင် အမျိုးမျိုးဖန်တီးကြပါတယ်။ ငွေကြေးကို စနစ်တကျ သုံးစွဲတတ်ကြပါတယ်။ စီမံခန့်ခွဲပြီး သုံးတတ်သလို ငွေကိုလည်း စုတတ်ကြပါတယ်။ အဓိကအလုပ်တစ်ခုအပြင် အချိန်ရရင် ရသလို အချိန်ပိုင်းအလုပ်လေးတွေလည်း ပြေးလုပ်ကြပါတယ်။ အပိုဝင်ငွေလေး ဘာလေးရတာပေါ့။

လက်ရှိရနေတဲ့ လစာငွေထက် ပိုရရင် အဆင်ပြေမယ်လို့လည်း ထင်နေတတ်ကြပါတယ်။ ဒီအတွက် အလုပ်ပိုလုပ်တယ်။ လစာ တိုးတောင်းတယ်။ ဒါမှမဟုတ် လက်ရှိအလုပ်ထက် လစာပိုကောင်းမယ့် အလုပ်ကို ရွေးချယ်ပြောင်းလုပ်ကြတယ်။ ဒါမှမဟုတ်သေးရင်လည်း အပိုဝင်ငွေရအောင် အချိန်ပိုင်း Part Time Job တစ်ခုခုကို လုပ်ကြတယ်။ တချို့ကျတော့လည်း အိမ်ဆိုင်လေး ဘာလေးဖွင့်တယ်။ ရလာတဲ့ ငွေကြေးတွေကို ကျစ်ကျစ်ပါအောင် စုဆောင်းထားကြတယ်။ ငွေတွေကို မသုံးစွဲရက်ဘဲ အသေစုဆောင်းထားကြတယ်။ သူတို့ငွေဟာ 'ငွေအရှင်'မဖြစ်ဘဲ 'ငွေသေ'တွေပဲ ဖြစ်နေကြရတယ်။ အရေးပေါ် ငွေလိုအပ်လာရင် စုထားဆောင်းထားတာလေးတွေရှိတော့ စိတ်ချရတာပေါ့လို့ ပြောပြီး ငွေကြေးပြဿနာ အခက်အခဲကြုံလာရင်

ဖြေရှင်း ဖို့ အသင့်စုထားကြပါတယ်။

## သူတစ်ပါးအတွက် ငွေကြေးပြဿနာဖြေခန်း

လခစား အလုပ်သမား၊ ဝန်ထမ်းတွေအများစုဟာ သူတို့ရဲ့ ငွေကြေးပြဿနာတွေကို ဖြေရှင်းဖို့ အလုပ်ကို ကြိုးစား လုပ်ဆောင်ကြတယ်လို့ ထင်ရပေမယ့် တကယ်တမ်း သူတို့ ဖြေရှင်းပေးနေရတာ သူတစ်ပါးရဲ့ ငွေကြေးပြဿနာကိုပါ။ သူတို့ကတော့ သူတို့အတွက် သူတို့အလုပ်လုပ်တယ်လို့ ထင်နေပေမယ့် တကယ်တမ်းလုပ်ပေးနေရတာ သူတို့အလုပ်ရှင်အတွက် ဖြစ်နေတာပါ။ ကိုယ်တတ်ထားတဲ့ အတတ်ပညာ၊ ကျွမ်းကျင်မှုတွေနဲ့ တစ်ပါးသူရဲ့ အလုပ်တွေကို လုပ်ပြီး အလုပ်ရှင်ကိုယ်စား တာဝန်ယူဖြေရှင်းပေးနေရတာပါ။

ဥပမာ ကိုယ်က ကိုယ့်ရဲ့ ကိုယ်ပိုင်ငွေနဲ့ စာရင်းကိုင် သင်တန်းတစ်ခုကို သွားတက်ခဲ့တယ်။ ကိုယ်ကျွမ်းကျင်သွားတော့ အလုပ်ဝင်တယ်။ ကိုယ်သင်ယူလေ့လာခဲ့တဲ့ အတတ်ပညာနဲ့ ကိုယ့်အလုပ်ရှင်သူဌေးရဲ့ လုပ်ငန်းအတွက် ငွေကြေးစာရင်းအင်းတွေကို ဖြေရှင်းပေးရတယ်။ လချုပ်၊ နှစ်ချုပ်နဲ့ ငွေကြေးအစီရင်ခံစာတွေ ရေးဆွဲပေးရတယ်။ အလားတူ ကိုယ်က အရောင်းကျွမ်းကျင်သူဖြစ်တယ်ဆိုပါစို့။ ကိုယ့်ရဲ့ အရောင်းပညာနဲ့ ကိုယ့်ထုတ်ကုန်ကို ကိုယ်မရောင်းဘဲ ကိုယ့်အလုပ်ရှင်ရဲ့ ထုတ်ကုန်တွေ ဈေးကွက်မှာ များများရောင်းရအောင်၊ အမြတ်တွေ များများရအောင် အချိန်ပေးဖြေရှင်းပေးနေရပါတယ်။

ဒီတော့ ကိုယ်ဖြေရှင်းပေးနေတာ ကိုယ့်ရဲ့ ငွေကြေး ပြဿနာအတွက်လား အလုပ်ရှင်သူဌေးရဲ့ ငွေကြေးပြဿနာ အတွက်လား ဆိုတာ စဉ်းစားကြည့်သင့်ပါတယ်။ ကိုယ်ဖြေရှင်းပေးတာ သူတစ်ပါး

အတွက်ဆို သူတစ်ပါးကသာ ပြေလည်သွားပါလိမ့်မယ်။ ကိုယ်ကတော့ နဂိုမူလအတိုင်းပါပဲ။ ကိုယ်ဖြေရှင်းတာ ကိုယ့်ပြဿနာအတွက် အမှန် တကယ်ပဲဆိုရင်တော့ ကိုယ်တိုင် ပြေလည်လာမှာပေါ့။ ကိုယ့်အသိ ဉာဏ်နဲ့ သူတစ်ပါး အတွက်တောင် အချိန်ပေးပြီး လုပ်တယ်ဆိုရင် ကိုယ့်အတွက်လည်း အချိန်ပေး လုပ်ဆောင်သင့်ပါတယ်။ တစ်နေ့ ၂၄ နာရီမှာ အလုပ်ချိန် ၈ နာရီက အလုပ်အတွက် ပေးထားတယ်ဆို ရင် ကျန်တဲ့ ၁၆ နာရီဟာ ကိုယ့်ရဲ့ ကိုယ်ပိုင်အချိန်တွေပါပဲ။ ဒီအချိန် တွေကို သေချာစီမံခန့်ခွဲပြီး ကိုယ့်ပြဿနာကို ပြေလည်အောင် ဖြေရှင်း သင့်ပါတယ်။

## ချမ်းသာသူတွေရဲ့ ငွေကြေးပြဿနာဖြေခန်း

ချမ်းသာကြွယ်ဝတဲ့သူတွေအနေနဲ့ကတော့ ငွေကြေးပြဿနာ တွေကို ဘယ်လိုဖြေရှင်းရမလဲ အမြဲ ကြံဆနေတတ်သလို ငွေကြေး ဆိုင်ရာအသိပညာတွေကိုလည်း စနစ်တကျ သိရှိနားလည်အောင် လေ့လာသင်ယူထားပါတယ်။ သာမန်သူလို ကိုယ်လို အောက်ခြေ ဘဝကနေတက်လာတဲ့ ချမ်းသာသူတွေအဖို့ ငွေကြေးပြဿနာကို ဖြေ ရှင်းလာခဲ့တဲ့ အတွေ့အကြုံက အနည်းနဲ့အများ ဆိုသလို ပြည့်ဝနေခဲ့ ပြီးဖြစ်လို့ပါပဲ။ မချမ်းသာခင်ကလည်း ချမ်းသာလာဖို့ ငွေကြေးအသိပညာ အရေးကြီးသလို ချမ်းသာတဲ့အခါမှာလည်း ပြန်မဆင်းရဲသွားစေဖို့ ငွေ ကြေးပညာက အရေးကြီးပြန်ပါတယ်။

ငွေကြေးပညာကြွယ်ဝတဲ့ ချမ်းသာသူတွေအဖို့ ချမ်းသာပြီးရင်း ချမ်းသာနေတော့မှာပါပဲ။ ငွေကြေးပညာချို့တဲ့နေတဲ့ ချမ်းသာသူတွေ

ဘာတော့ နှစ်အနည်းငယ်အတွင်း ပြန်လည် ဆင်းရဲသွားနိုင်ပါတယ်။ တချို့ သူဌေးကြီးတွေ အခြေအနေတစ်ခုခုကြောင့် လုပ်ငန်းတွေ ဆုံးရှုံး သွားပြီး လမ်းဘေးရောက်သွားခဲ့ကြပေမယ့် သူတို့ဟာ မကြာခင်မှာပဲ မီလျံနာ၊ ဘီလျံနာကြီးတွေ ပြန်ဖြစ်လာကြပါတယ်။ သူတို့ကို သူဌေး သူကြွယ်ကြီးတွေ ဘဝပြန်ရောက်အောင် လုပ်ဆောင်ပေးတာကတော့ ငွေကြေးအသိဉာဏ်ပညာသာ ဖြစ်ပါတယ်။

အသိဉာဏ်ပညာမရှိလို့ ချမ်းသာတဲ့ဘဝကနေ ဆင်းရဲသွားတဲ့ အထင်ရှားဆုံး သာဓကတစ်ခုကတော့ 'ကုဋေရှစ်ဆယ် သူဌေးသား' ပုံပြင်ပါပဲ။ ဘယ်လောက်ချမ်းသာ ချမ်းသာ နောက်ဆုံးရလဒ်ကတော့ ခွက်လက်စွဲပြီး တောင်းစားရတဲ့ သူဆင်းရဲဖြစ်သွားတာပါပဲ။

အသိဉာဏ်ပညာပြည့်စုံတဲ့အတွက် သူဆင်းရဲဘဝကနေ သူဌေးကြီး ဘဝရောက်သွားတဲ့ သာဓကကတော့ အားလုံးသိဖူး ပြီးသားဖြစ်တဲ့ 'ကြွက်သေတစ်ခု အရင်းပြု'ဆိုတဲ့ ပုံဝတ္ထုတစ်ခုပေါ့။ တကယ်တော့ ကြွက်သေတစ်ကောင်က ဒီသူဆင်းရဲကို ချမ်းသာသွားစေတာမဟုတ်ဘဲ သူ့ရဲ့ အသိဉာဏ်ကသာလျှင် သူ့ကို သန်းကြွယ်သူဌေးကြီးဖြစ်သွားစေတာပါ။

ဒါကြောင့် လောကမှာ ငွေကြေးဆင်းရဲတာထက် အသိပညာဆင်းရဲတာဟာ အဆိုးဆုံးဖြစ်တယ်လို့ ပညာရှိတွေ မိန့်ဆိုခဲ့တာဖြစ်ပါတယ်။ ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာတွေသာ ပြည့်ဝခဲ့မယ်ဆိုရင် ဆင်းရဲချမ်းသာမရွေး ငွေကြေးပြဿနာတွေကို ကျွမ်းကျင်လိမ္မာစွာ ဖြေရှင်းနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

## ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာ (Financial Intelligence)

ငွေကြေးပြဿနာတွေ ဖြေရှင်းနိုင်ဖို့ဆိုရင် ငွေကြေးဆိုင်ရာ အသိ ဉာဏ်ပညာတွေ လိုအပ်ကြောင်းကို သိရှိပြီး ဖြစ်ပါတယ်။ ဒီတော့ ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာဆိုတာတွေက ဘာတွေလဲ။ ကျွန်တော်တို့ စူးစမ်းဆင်ခြင်ပြီး ဉာဏ်ရင့်သန်လာအောင် အားထုတ်ကြိုး စားသင့်ပါတယ်။ အရာခပ်သိမ်း အောင်မြင်မှုမှာ အသိဉာဏ်ပညာ ကသာလျှင် အခရာဖြစ်ပါတယ်။

ဉာဏ်ပညာရဲ့ သဘောဟာ အကြောင်းအကျိုး၊ အကောင်း အဆိုး၊ အဖြူ အမည်း၊ အမှား အမှန်တို့ကို ခွဲခြမ်းစိတ်ဖြာသိမြင်နိုင်တဲ့ အသိဖြစ်ပါတယ်။ ဒီတော့ ငွေကြေးအသိဉာဏ်ဆိုတာ ငွေကြေးနဲ့ ပတ်သက်တဲ့ အကောင်း အဆိုး၊ အမှား အမှန်၊ လုပ်သင့် မလုပ်သင့် တို့ကို သေသေချာချာ သိရှိတဲ့ အသိဉာဏ်ပါပဲ။

ငွေကြေးနဲ့သက်ဆိုင်တဲ့ အသိဉာဏ်ထဲမှာ ပါဝင်တဲ့ အမျိုးအစား တွေကတော့...

၁) ငွေကြေးများကို ရှာဖွေနိုင်ခြင်း၊

၂) ငွေကြေးများအား ကာကွယ်ထိမ်းသိမ်းထားနိုင်ခြင်း

၃) ငွေတွေကို စနစ်တကျ သုံးစွဲတတ်ခြင်း၊

၄) ငွေကြေးစီမံခန့်ခွဲမှု ကောင်းမွန်နိုင်နင်းခြင်း၊

၅) ငွေကြေးစီးဆင်းမှု အရှိန်အဟုန်ကောင်းကောင်း လည်ပတ်နိုင် အောင် ဖန်တီးနိုင်ခြင်း၊

၆) ငွေကြေးတွေကို ကျွမ်းကျင်လိမ္မာစွာ ခိုင်းစေတတ်ခြင်း၊

၇) ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးဆိုင်ရာ သတင်း အချက်

အလက်များ တိုးပွားစွာရရှိခြင်း၊

၈) အနာဂတ်ငွေကြေးစီမံကိန်းကောင်းကောင်းရှိခြင်း စတာတွေ ဖြစ်ပါတယ်။

ငွေကြေးအသိပညာတွေ တိုးပွားအောင် လေ့ကျင့်ပျိုးထောင်ရင်း တိုတောင်းလှတဲ့ဘဝသက်တမ်းမှာ ငွေကြေးကို ဉာဏ်ရှိရှိအသုံးချပြီး ကောင်းကျိုးရလဒ်တွေ ဖြစ်ထွန်းအောင် လုပ်ဆောင်သွားနိုင်တဲ့ အသိပညာပိုင်ရှင်တွေ ဖြစ်နိုင်ကြပါစေ။ ငွေကြေးပြဿနာ ဖြေခန်းကို ကောင်းစွာဖြေရှင်းနိုင်တဲ့ ငွေပညာရှိ သုခမိန်ကြီး ဖြစ်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

**** ****

## ငွေကြေးပြဿနာဆိုင်ရာ မေးခွန်းလေးတွေ ဖြေကြည့်ပါဦး။

၁။ ငွေဟာ ဘဝရဲ့ ပြဿနာတစ်ရပ်ဖြစ်တယ်ဆိုတာ လက်ခံပါသလား။

လက်ခံ ................ ။ လက်မခံ .................. ။

၂။ ငွေနဲ့ အရာရာကို ဖြေရှင်းလို့ရမယ်လို့ ထင်ပါသလား။

ထင် .................... ။ မထင် ..................... ။

၃။ ငွေတွေများလာလေလေ ပြဿနာတွေ ပိုတိုးလာလေလေ (More Money, More Problems) ဆိုတာကို လက်ခံပါသလား။

လက်ခံ .................. ။ လက်မခံ ................. ။

၄။ ငွေကြေးပြဿနာဟာ ဘယ်တော့မှ မဆုံးနိုင်တဲ့ ပြဿနာတစ်ခုလား။

ဟုတ် .................. ။ မဟုတ် ................... ။

၅။ သင် လက်ရှိကြုံနေရတဲ့ ငွေကြေးဆိုင်ရာ ပြဿနာတွေက ဘာ တွေပါလဲ။

..........................................................................

..........................................................................

၆။ ငွေကြေးပြဿနာတွေ သင် ကြုံလာပါက ဘယ်လိုပုံစံမျိုးနဲ့ သင် ဖြေရှင်းလေ့ ရှိပါသလဲ။

..........................................................................

..........................................................................

၇။ ငွေကြေးပြဿနာဖြေရှင်းနိုင်တဲ့ စွမ်းရည်တွေကို လေ့ကျင့် ပျိုးထောင်ဖို့ ဆုံးဖြတ်လိုက်ပြီလား။

..........................................................................

..........................................................................

**** **** ****


ငွေကြေး
အသင့်ရှိခြင်းသည်
ဆေးဝါး
အသင့်ရှိခြင်းဖြစ်၏။

## အခန်း(၄)

# ကျန်းမာချမ်းသာ ကြပါစေ

### ကျန်းမာရေးအသိပညာ

ကျန်းမာရေးဟာ အရေးအကြီးဆုံးပါပဲ။ ကိုယ်ကျန်းမာဖို့ပဲ ဖြစ်ဖြစ် စိတ်ကျန်းမာဖို့ပဲဖြစ်ဖြစ် ကျန်းမာရေးဟာ ဘဝအတွက် အရေးကြီးတဲ့ ကိစ္စတစ်ခုပါ။ ကျန်းမာရေးမကောင်းရင် ဘယ်လိုမှ စိတ်ချမ်းသာပျော်ရွှင်မှုကို မရရှိနိုင်ပါဘူး။ ကိုယ်တိုင်လည်း စိတ်ဆင်းရဲရသလို မိသားစုတွေလည်း စိတ်ပူပင်ကြောင့်ကြမှုတွေ ဖြစ်ရပါတယ်။

ဒါကြောင့် လူတိုင်းဟာ ကိုယ့်ရဲ့ ကျန်းမာရေး အခြေအနေကို အမြဲတစေ ဂရုစိုက်စောင့်ရှောက်သင့်ပါတယ်။ ကျန်းမာရေးကောင်းအောင် လုပ်ဖို့ ဘယ်သူ့မှာ တာဝန်ရှိပါသလဲ။ ဆရာဝန်တွေ၊ ဆေးရုံဆေးခန်းတွေ၊ ဆေးဝါးဓာတ်စာတွေက ကျန်းမာအောင်လုပ်ပေးတယ်လို့ ထင်နေတတ်ပါတယ်။ တကယ်တော့ မဟုတ်ပါဘူး။ မိမိကိုယ်တိုင်ကသာ အဓိကတာဝန်ရှိတာ ဖြစ်ပါတယ်။

မိမိရဲ့ ကျန်းမာရေးအသိပညာကသာလျှင် ကျန်းမာရေးကောင်းအောင် စောင့်ရှောက်ပေးနိုင်တာ ဖြစ်ပါတယ်။ ဒီအတွက် လူတိုင်းမှာ

ကျန်းမာရေးအသိပညာတွေရှိနေဖို့ လိုအပ်ပါတယ်။ ''အသက်ကို ဉာဏ် စောင့်တယ်''ဆိုတဲ့အတိုင်း ကျန်းမာရေးအသိဉာဏ်နည်းပါးရင် အသက် ရှည် ရပ်တည်ဖို့ အခွင့်အလမ်းတွေ နည်းပါးမှာဖြစ်ပါတယ်။

## ချမ်းသာရေးအသိပညာ

''ကျန်းမာပါစေ၊ ချမ်းသာပါစေ''ဆိုတဲ့ ဆုတောင်းကို ကိုယ်တိုင်လည်း တောင်းခဲ့ဖူးသလို သူတစ်ပါးကိုလည်း ဆုပေးခဲ့ဖူးမှာပါ။ လောကမှာ လူတိုင်း ကျန်းမာရေးကို အလိုရှိကြသလို ချမ်းသာရေးကိုလည်း အလိုရှိကြပါတယ်။ ကျန်းမာရေး အခြေအနေမကောင်းရင် လူတွေ စိတ်ဆင်းရဲကြသလို ချမ်းသာရေး အခြေအနေမကောင်းရင်လည်း (ဆင်းရဲမွဲတေနေရင်) စိတ်ဆင်းရဲ ပူပန်ရတတ်ပါတယ်။

ဒါကြောင့်လည်း လူသားတိုင်းဟာ သူတို့ရဲ့ ချမ်းသာရေး အခြေအနေလေး ကောင်းလာအောင် နည်းအမျိုးမျိုးနဲ့ အလုပ်တွေ ကြိုးစားရှာဖွေနေကြတာပေါ့။ ချမ်းသာရေး အခြေအနေကောင်းဖို့အတွက်ရော ဘယ်သူ့မှာ တာဝန်ရှိပါသလဲ။ ငွေက လုပ်ပေးနိုင်သလား၊ အိမ်မြေနဲ့ ပိုင်ဆိုင်မှုတွေကလား ရွှေတွေ၊ ကုန်ပစ္စည်းတွေ၊ ရှယ်ယာတွေက လုပ်ပေးနိုင်သလား။ မဟုတ်ပါဘူး။ တကယ်တမ်း လုပ်ပေးနိုင်တာ ချမ်းသာရေး အသိပညာကသာလျှင် ဖြစ်ပါတယ်။

## ကျန်းမာခြင်းနဲ့ ချမ်းသာခြင်း

ကျန်းမာရေးအသိပညာမရှိရင် ကျန်းမာရေးချို့တဲ့မယ်။ ချမ်းသာ ရေးအသိပညာမရှိရင် ဆင်းရဲချို့တဲ့မယ်။ ကျန်းမာချင်ရင် ကျန်းမာအောင် ဘယ်လိုနေထိုင်ရမလဲ၊ ဘာတွေဆောင်ရမလဲ၊

ဘာတွေရှောင်ရမလဲ၊ ဘယ်လို စားသောက်နေထိုင်ရမလဲ၊ ဘယ်လို လေ့ကျင့်ခန်းတွေ လုပ်ရမလဲ စသဖြင့် သိဖို့လိုသလို အမှန်တကယ်လည်း လိုက်လံ ကျင့်ကြံဖို့ လိုပါတယ်။

လူတော်တော်များများဟာ ကျန်းမာရေးလိုက်စားတာ နည်းကြပါတယ်။ ကျန်းမာရေး သိပ်မကောင်းကြပါဘူး။ ဘာလို့လဲဆိုတော့ သူတို့တွေဟာ ကျန်းမာရေးအောင်နေထိုင်မယ့် နည်းလမ်းတွေကို လက်တွေ့ အကောင်အထည်ဖော်လုပ်ဆောင်ကြတာ မဟုတ်လို့ပါပဲ။ အစားအသောက်ကိုလည်း မဆင်ခြင်ကြပါဘူး။ လေ့ကျင့်ခန်းတွေလည်း မလုပ် ကြပါဘူး။

ဒီလိုပါပဲ ချမ်းသာချင်ရင် ချမ်းသာအောင် ဘယ်လိုနေထိုင်ကျင့်ကြံရမယ်၊ ဘာတွေဆောင်၊ ဘာတွေရှောင်ရမယ်၊ ဘယ်လိုလေ့ကျင့်ခန်းတွေလုပ်ရမယ်ဆိုတဲ့ နည်းလမ်းတွေကို သိရှိရပါလိမ့်မယ်။ သိရုံတင်မဟုတ်ဘဲ လက်တွေ့လည်း အကောင်အထည်ဖော် လုပ်ဆောင်ရပါမယ်။

လူတွေအများစုဟာ ချမ်းသာရေးအခြေအနေ သိပ်မကောင်းကြပါဘူး။ ဘာလို့လဲဆိုတော့ ချမ်းသာရေးလိုက်စားမှုနည်းလို့ပါပဲ။ သူတို့တွေဟာ ချမ်းသာရေးကောင်းစေမယ့် လေ့ကျင့်ခန်းတွေလည်း ပုံမှန်မလုပ်ကြပါဘူး။ သင်ယူ သင်ကြားမှုလည်း အားနည်းကြပါတယ်။ ငွေကိုလည်း အလွန်အကျွံ သုံးဖြုန်းကြပါတယ်။ စုဆောင်းခြင်း၊ရင်းနှီးမြှုပ်နှံခြင်းတွေလည်း သိပ်မလုပ်ဖြစ်ကြပါဘူး။

ကျန်းမာရေးမကောင်းရင် ရောဂါဝေဒနာတွေ ခံစားရမှာ ဖြစ်ပါတယ်။ ချမ်းသာရေးမကောင်းလို့ ဆင်းရဲချို့တဲ့ရင်လည်း ဘဝရဲ့ ခါးသီးတဲ့ ဝေဒနာတွေမျိုးစုံကို ခံစားရမှာဖြစ်ပါတယ်။ ဒါကြောင့်

ကျန်းမာရေးအရ နာတာရှည်ရောဂါဝေဒနာတွေ မခံစားရအောင် ကျန်းမာရေးအသိတွေ လိုအပ်သလို ချမ်းသာရေးချို့တဲ့လို့ ဆင်းရဲတာရှည်ခြင်းမှ ကင်းဝေး အောင် ငွေကြေးအသိပညာတွေ အထူးလိုအပ်လှပါတယ်။

## ငွေကြေးကျန်းမာရေးပုံမှန်စစ်ဆေးပါ

ဘဝမှာ ချမ်းသာရေးအရ အခြေအနေကောင်းတွေ ကြုံဖို့ဆိုရင် ငွေကြေးဆိုင်ရာကျန်းမာရေး အခြေအနေကို အမြဲဂရုစိုက်ဖို့လိုပါတယ်။ ငွေကြေးကျန်းမာရေးချို့တဲ့နေရင် ဘဝပျော်ရွှင်မှုကို အပြည့်အဝရနိုင်မှာ မဟုတ်သေးပါဘူး။ ဒါကြောင့် ကိုယ့်ရဲ့ ငွေကြေးကျန်းမာရေးကို ဂရုတစိုက် စစ်ဆေးနေဖို့ လိုပါတယ်။

ခန္ဓာကိုယ်မှာ ရောဂါခုခံစွမ်းအားတွေ ကျဆင်းနေပြီဆိုရင် ရောဂါပိုးတွေ အလွယ်တကူဝင်ရောက်လာနိုင်သလို ကိုယ့်ရဲ့ ငွေကြေးကျန်းမာရေးကို ဂရုတစိုက် စစ်ဆေးနေဖို့လိုပါတယ်။

ကျန်းမာရေး (Health)နဲ့ ပတ်သက်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းကြီး WHO က လူတန်းစားသုံးမျိုးရှိကြောင်းကို ဖော်ပြထားပါတယ်။ ဒီလူတန်းစားသုံးမျိုးကတော့...

(၁) ဒေါင်ဒေါင်မြည်ကျန်းမာသူ၊

(၂) နာတာရှည်ရောဂါဖြစ်နေသူနဲ့

(၃) မတ်တတ်နာ ရောဂါဝေဒနာသည်တို့ ဖြစ်ပါတယ်။

ဒေါင်ဒေါင်မြည် ကျန်းမာသန်စွမ်းသူဟာ ၅% ရာခိုင်နှုန်းသာရှိပြီး နာတာရှည်ရောဂါဖြစ်နေသူ ၂၀% ရာခိုင်နှုန်းနဲ့ မတ်တတ်နာရောဂါဝေဒနာသည်တွေဟာ ၇၅% ရာခိုင်နှုန်း ရှိကြပါတယ်။

ဒီလိုပါပဲ။ ငွေကြေးချမ်းသာရေး (Wealth) နဲ့ ပတ်သက်လာရင် ကမ္ဘာပေါ်မှာ လူတန်းစား သုံးမျိုးရှိကြပါတယ်။ ဒီလူတန်းစား သုံးမျိုးဟာ ငွေကြေးဆိုင်ရာ ကျန်းမာရေးကောင်းမွန်မှု၊ ချို့တဲ့မှုပေါ်မူတည်ပြီး လူတန်းစားအချိုးအစားတွေ အခုလို ကွာခြားသွားတာ ဖြစ်ပါတယ်။ ဒီလူတန်းစားသုံးမျိုးကတော့...

(၁) လူချမ်းသာ (The Rich)

(၂) လူလတ်တန်းစား (Middle Class)နဲ့

(၃) ဆင်းရဲသူများ (The Poor)တို့ပဲ ဖြစ်ကြပါတယ်။

သူတို့တွေဟာလည်း WHO က သတ်မှတ်ထားတဲ့ ရာခိုင်နှုန်းတွေနဲ့ အလားတူအတိုင်းပါပဲ။ လူချမ်းသာတွေဟာ ၅% ရာခိုင်နှုန်း၊ ဆင်းရဲသူများက ၂၀% ရာခိုင်နှုန်းနဲ့ လူလတ်တန်းစားတွေက ၇၅% ရာခိုင်နှုန်းတွေ ဖြစ်ကြပါတယ်။ ဒါပေမဲ့ ဂျပန်စီးပွားရေး လုပ်ငန်းရှင်ကြီးတွေရဲ့ သုံးသပ်ချက်အရ မကြာခင်မှာ လူလတ်တန်းစားတွေ ပပျောက်သွားပြီး ဆင်းရဲနဲ့ချမ်းသာ လူတန်းစားနှစ်မျိုးသာ ကျန်ရှိတော့မယ်လို့ ဟောကိန်း ထုတ်ခဲ့ကြပါတယ်။

ဒီနေ့ခေတ်မှာလည်း သူဌေးသူကြွယ်ကြီးတွေဟာ ချမ်းသာသထက် ချမ်းသာလာတဲ့အချိန်မှာ လူတော်တော်များများက ငွေတွေရှာဖွေနေကြတဲ့ ကြားထဲကပဲ လူတိုင်းလိုလို ဆင်းရဲတွင်းထဲက ရုန်းမထွက်နိုင် ဖြစ်နေကြပါတယ်။ ဒါဟာ ငွေကြေး ကျန်းမာရေး အသိပညာတွေမရှိရင် ဒေါင်ဒေါင်မြည် ကျန်းမာသန်စွမ်းသူတစ်ယောက်အဖြစ် ရပ်တည်နိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့် ငွေကြေးအောင်မြင်မှု ပန်းတိုင်ဆီကို လျှောက်လှမ်းကြမယ့် သူတိုင်းဟာ ကိုယ့်ရဲ့ ကျန်းမာရေးကို

အသေအချာ ဂရုတစိုက်နဲ့ လေ့လာလိုက်စားဖို့လိုပါတယ်။ ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်သန်စွမ်းဖို့လဲ လိုအပ်သလို ကိုယ့်ရဲ့ ငွေကြေးဘဏ္ဍာရေး ကဏ္ဍဟာလည်း ကျန်းမာ ကြံ့ခိုင်ဖို့ အထူးလိုအပ်ပါတယ်။

ကျန်းမာခြင်းနဲ့ ချမ်းသာခြင်းဆိုတာ လူသားတိုင်း အလိုရှိကြတဲ့ အရာ ဖြစ်ပါတယ်။ ကျန်းမာခြင်းဆိုတာ လာဘ်ကြီးတစ်ပါးဖြစ်သလို ချမ်းသာခြင်းဆိုတာလည်း လာဘ်ကြီးတစ်ပါး ဖြစ်ပါတယ်။ ဘဝ အောင်မြင်မှုကို တက်လှမ်းလိုကြတဲ့ လူသားတိုင်းဟာ ကျန်းမာဖို့လည်း လိုအပ်သလို ချမ်းသာဖို့လည်း အားထုတ်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ကျန်းမာခြင်း၊ ချမ်းသာခြင်းနဲ့ ပတ်သက်လာရင် လူအမျိုးအစား (၄)မျိုးရှိပါတယ်။ ဘယ်အပိုင်းမှာ ကိုယ်ပါဝင်ချင် သလဲဆိုတာ ဆုံးဖြတ်ပြီး ကြိုးစားအားထုတ်ရမှာပါ။ ဒီလူတွေကတော့…

၁) မကျန်းမာ၊ မချမ်းသာသောသူ

၂) ကျန်းမာပြီး မချမ်းသာသောသူ

၃) ချမ်းသာပြီး မကျန်းမာသောသူနဲ့

၄) ကျန်းမာသန်စွမ်းပြီး ချမ်းသာကြွယ်ဝသောသူ ဖြစ်ပါတယ်။

ဒီလူ (၄)မျိုးထဲမှာ လူသားတိုင်းကတော့ နံပါတ်(၄) အမျိုးအစား ဖြစ်တဲ့ ကျန်းမာသန်စွမ်းပြီး ချမ်းသာကြွယ်ဝသော သူသာ ဖြစ်ချင်ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ခန္ဓာကိုယ်နဲ့ စိတ်ကျန်းမာရေးအတွက်ရော ငွေကြေးဘဏ္ဍာရေးအတွက်ပါ ကျန်းမာရေးကို ပုံမှန်စစ်ဆေး ဂရုစိုက်နေဖို့ လိုအပ်ပါတယ်။

## အခုချက်ချင်းပဲ စစ်ဆေးလိုက်ပါ

ငွေကြေးဘဏ္ဍာရေးအရ ကျန်းမာရေးကို စနစ်တကျ ပုံမှန်

စစ်ဆေးပြီး ထိန်းသိမ်းရမယ့် အချက်လေးတွေကို တင်ပြလိုပါတယ်။ ဒီလို ငွေကြေးကျန်းမာရေး စစ်ဆေးတဲ့ အလုပ်ကို အချိန်တစ်ခု သတ်မှတ်ပြီး သတ်သတ်မှတ်မှတ်ထားလုပ်ဖို့ လိုပါတယ်။

- ဝင်ငွေ ထွက်ငွေ မျှတမှု ရှိ မရှိ
- အသုံးစရိတ်တွေ၊ ငွေယိုပေါက်တွေ အဆမတန်များနေခြင်း ရှိ မရှိ
- အကြွေးတွေ ဘယ်လောက်တင်ရှိနေသလဲ စစ်ဆေးမှု
- အတိုးတွေကို ပုံမှန်စစ်ဆေးပြီး မှန်မှန်ပေးဆပ်မှု
- ဝင်ငွေပိုကောင်းလာနိုင်မယ့် အစီအစဉ်တွေ ရှိ မရှိ
- အခွန်အခနဲ့ ပေးရန်တာဝန်တွေ ဘယ်လောက်ရှိသလဲ စစ်ဆေးမှု
- ရပိုင်ခွင့်နဲ့ ပိုင်ဆိုင်မှုတွေ ဘယ်လောက်ရှိသလဲ စစ်ဆေးမှု
- ရင်းနှီးမြှုပ်နှံမှုတွေကို စစ်ဆေးမှု
- ဘဏ်မှာရှိတဲ့ ငွေတွေကို စစ်ဆေးမှု စသည်ဖြင့် ကိုယ့်ရဲ့ ဘဏ္ဍာရေးအခြေအနေပေါ်လိုက်ပြီး ချဲ့တွေးစဉ်းစား စစ်ဆေးနေဖို့ လိုအပ်ပါတယ်။

ကျန်းမာရေးချို့တဲ့လို့ ဖျားနာနေပြီးရင် ဆရာဝန်နဲ့ ပြသကာ ဆေးဝါးကုသမှု ခံယူသလို၊ ကိုယ့်ရဲ့ ငွေကြေးကျန်းမာရေးက ဖျားနေတဲ့ အဆင့်ရောက်နေပြီဆိုရင်လည်း ငွေကြေးအတိုင်ပင်ခံ၊ စီးပွားရေး အတိုင်ပင်ခံ၊ ကျွမ်းကျင်သူများနဲ့ ပြသကာ အထူးတိုင်ပင် ကုသဖို့ လိုတယ်လို့ ထင်မိပါတယ်။

ကာကွယ်ခြင်းဟာ ကုသခြင်းထက် ပိုအရေးကြီးပါတယ်။ ဒါကြောင့် ဒီနေ့ကစတင်ပြီး ငွေကြေးအရ ခေါင်းကိုက်မှု မဖြစ်အောင်၊

ရောဂါဘယတွေမဖြစ်အောင်၊ နာကျင်တဲ့ ဝေဒနာတွေ မခံစားရအောင်၊ ဆေးရုံဆေးခန်းမရောက်အောင် ကြိုတင်ကာကွယ်ထားဖို့ လိုပါတယ်။ စာဖတ်သူအားလုံး ကျန်းမာရေးအလုံးစုံ ကောင်းမွန်ကြပါစေဗျာ။

**** ****

## သင့်ကျန်းမာရေး စစ်ဆေးဖို့ မေးခွန်းလေးတွေ ဖြေကြည့်ပါဦး။

၁။ လူအမျိုးအစား (၄)မျိုးထဲမှာ သင် ဘယ်အမျိုးအစားမှာ ပါဝင်နေပါသလဲ။ အမှတ်ခြစ်ပါ။

- ☐ ၁) မကျန်းမာ၊ မချမ်းသာသောသူ
- ☐ ၂) ကျန်းမာပြီး မချမ်းသာသောသူ
- ☐ ၃) ချမ်းသာပြီး မကျန်းမာသောသူ
- ☐ ၄) ကျန်းမာသန်စွမ်းပြီး ချမ်းသာကြွယ်ဝသောသူ

၂။ ငွေကြေးဆိုင်ရာ ကျန်းမာရေးကို ဂရုတစိုက်နဲ့ လစဉ်ပုံမှန်စစ်ဆေးဖို့ ဆန္ဒရှိပါသလား။

ရှိ ...................... ။ မရှိ ..................... ။


လူတစ်ယောက်က
“ငွေဟာအဓိကမကျပါဘူး”
လို့ပြောပေမယ့်
သူ့အတွက်
ငွေဟာအဓိကပါပဲ။
ကင်ဟဘ်ဘာဒ်

# အခန်း(၅)

# ငွေကို ဆန့်ကျင်ကြမလား

## ငွေကြေးဟာ မြွေပွေးလို့ အဆိပ်ရှိသလား

“ငွေလိုချင်တာ လုံးဝ မကောင်းဘူး”၊ “ငွေမက်ရင် ဘဝ ပျက်မယ်”၊ “ငွေဆိုတာ အဆိပ်ပဲ”၊ “ငွေဟာ လူတွေရဲ့ ဘဝကို ဖျက်စီးပစ်နိုင်တယ်”၊ “ချမ်းသာချင်ရင် ရိုးရိုးသားသား ရှာစားလို့တော့ မရဘူး။ ချမ်းသာနေတဲ့သူတွေကလည်း ကလိမ်ကကျစ်တွေ လုပ်လို့ ချမ်းသာနေကြတာ၊ ငွေချမ်းသာနေတဲ့ သူတွေဟာ အားလုံး ကလိမ် ကကျစ်တွေပဲ”…

ကျွန်တော် ဖြတ်သန်းလာခဲ့တဲ့ တစ်လျှောက်လုံးမှာ ငွေနဲ့ ပတ်သက်လို့ ဒီလိုစကားတွေ ကြားခဲ့ရပါတယ်။ အခုလက်ရှိမှာလည်း ကြားနေရတုန်းပါပဲ။ လူတွေပြောကြတဲ့ ဒီလိုစကားတွေကြောင့် ကျွန်တော် ငွေလိုချင်လာတဲ့အခါမှာ ကိုယ့်ကိုယ်ကို အပြစ်ရှိတယ် လို့တောင် ခံစားလာရပါတယ်။ ငွေကို အားကြိုးမာန်တက် ရှာဖွေနေတဲ့ အခါမှာ ကိုယ့်ကိုယ်ကို မကောင်းတာများ လုပ်နေသလားလို့တောင် ထင်မိပါတယ်။ ဒါပေမယ့် ကျွန်တော် ငွေရှာတာ သမ္မာအာဇီဝ

အလုပ်နဲ့ပါ။

တကယ်တမ်း စဉ်းစားကြည့်ရင် ကျွန်တော်တို့ဟာ ငွေကို တကယ်လိုချင်တာထက် ငွေနဲ့ လဲလှယ်လို့ရနိုင်မယ့် စိတ်ချမ်းသာမှု၊ ပျော်ရွှင်မှု၊ ကျေနပ်မှုတွေကို လိုချင်ကြတာ ဖြစ်ပါတယ်။ တကယ်တော့ ငွေဆိုတာ သက်မဲ့အရာဝတ္ထုတစ်ခုပါပဲ။ ဒါပေမယ့် ဒီအရာဝတ္ထုက တော်တော်စွမ်းအားရှိတယ်။ ကျွန်တော်တို့ လိုချင်တဲ့အရာတွေ၊ ပိုင်ဆိုင်ချင်တဲ့အရာတွေကို ဒီအရာဝတ္ထုနဲ့ပဲ လဲလှယ်ဝယ်ယူ သုံးစွဲနိုင်ခွင့် ရှိတယ်။ စားဝတ်နေရေး အဆင်ပြေချောမွေ့အောင်လည်း ဒီအရာဝတ္ထုကပဲ ဖန်တီးပေးနိုင်တယ်။ ကျွန်တော်တို့ရဲ့ အိပ်မက်တွေကို အကောင်အထည် ဖော်ပေးနိုင်တယ်။ ဒါကြောင့် ဒီအရာဝတ္ထုကို ကျွန်တော်တို့ အလိုရှိကြတာ ဖြစ်ပါတယ်။

လူတိုင်း ငွေကို အလိုရှိကြတာကတော့ ငြင်းလို့မရဘူး မဟုတ်လား။ ဒါပေမယ့် **"ကျွန်တော်/ ကျွန်မ ငွေလိုချင်ပါတယ်"** လို့ ပြောရမှာကိုတော့ ကျွန်တော်တို့တွေက ရှက်စရာတစ်ခုလို့ စိတ်မှာ မှတ်ထင်နေတတ်ကြပါတယ်။ စိတ်ထဲမှာ အမှန်တကယ်လိုအပ်နေရင်တောင် နှုတ်က ထုတ်မပြောကြပါဘူး။ ကုန်ကုန်ပြောရရင် ငွေအကြောင်းကို ခေါင်းထဲကနေ ထုတ်ထားကြတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ငွေအကြောင်းစဉ်းစားပြီး ငွေစကားပြောရင် လူအထင်သေးခံရမှာ စိုးရိမ်လို့ပါပဲ။ မိသားစု ထမင်းဝိုင်းမှာတောင်မှ ငွေအကြောင်း မဆွေးနွေးကြပါဘူး။

ဒီလိုနဲ့ပဲ လူအများစုက ငွေအကြောင်းကို မလေ့လာ မသင်ယူတော့ဘဲ လျစ်လျူရှုလိုက်ကြပါတော့တယ်။ ငွေကြေးပညာနဲ့လည်း အလှမ်းဝေးလာကြပါတယ်။ ဒီလိုအကြောင်းရင်းတွေကြောင့် ငွေကြေး

ပညာအသိဉာဏ်တွေ နည်းပါးလာကြပြီး ဆင်းရဲခြင်းဆိုတဲ့ အကျိုးတွေကို ခံစားကြရတာ ဖြစ်ပါတယ်။ အဓိကအချက်ကတော့ ''ငွေလိုချင်တာ မကောင်းဘူး၊ ငွေလိုချင်တာ လောဘပဲ''ဆိုတဲ့ သဘောထားခံယူချက်တွေကြောင့်ပါပဲ။

## ငွေကို ဆန့်ကျင်ကြမလား

''ဟေ့... ဒီမှာ ငွေရှိတိုင်း စိတ်ချမ်းသာနေရမယ်လို့ မင်းထင်သလား''လို့ တချို့က မေးပါတယ်။ ဟုတ်ပါတယ်။ အဲ့လိုတော့ မထင်ပါဘူး။ ငွေရှိပြီး စိတ်ဆင်းရဲနေရတဲ့သူတွေလည်း ရှိနိုင်တာပါပဲ။ ငွေဟာ အတိုင်းအတာတစ်ခုအထိတော့ အရေးပါပေမယ့် အလုံးစုံတော့ မဟုတ်သေးပါဘူး။ ဒါကို လက်ခံထားပါတယ်။ ငွေရှိတိုင်းတော့ အရာအားလုံး ပြီးပြည့်စုံတယ်၊ အမြဲစိတ်ချမ်းသာနေရမယ်လို့တော့ မပြောလိုပါဘူး။

ဒါပေမယ့် ငွေမရှိရင်ရော စိတ်ချမ်းသာစရာ ကောင်းပါ့မလား။ ငွေမရှိရင်တော့ တော်တော်လေးကို စိတ်ဆင်းရဲရပါတယ်။ ငွေမရှိလို့ ပျော်နေတယ်ဆိုတဲ့သူ ခပ်ရှားရှားပါ။ ငွေကြေး အကျပ်အတည်းတွေနဲ့ ကြုံတွေနေရတဲ့ ဘဝဟာ စိတ်ချမ်းသာစရာ လုံးဝမကောင်းပါဘူး။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာတော့ ငွေမရှိလို့၊ ငွေကြေးမလုံလောက်လို့ စိတ်ဆင်းရဲနေကြတဲ့သူတွေသာ များပါတယ်။

**''ငွေကြေးပြည့်စုံမှု''**နဲ့ **''ငွေကြေးချို့တဲ့မှု''** နှစ်ခုထဲက တစ်ခုရွေးပါဆိုရင် ဘယ်အရာကို ရွေးကြမယ် ထင်ပါသလဲ။ အဖြေကတော့ ရှင်းပါတယ်။ ငွေကြေးချို့တဲ့မှုကို လိုချင်ပါတယ် ဆိုတဲ့သူ ရှိမှာမဟုတ်ပါဘူး။ အားလုံးဟာ ငွေကြေးပြည့်စုံချင်ကြပါတယ်။ အဆင်ပြေချင်

ကြပါတယ်။ ဒါကိုပဲ တချို့သောလူတွေဟာ ငွေနဲ့ပတ်သက်လို့ရှိရင် ဆန့်ကျင်ဘက်တွေချည်းပဲ ပြောလေ့ရှိကြတာကို တွေ့ရပါတယ်။ ဒီလို ပြောတဲ့သူတွေ ကိုယ်တိုင်ငွေကို တိုးတိုးတိတ်တိတ် လိုအပ်နေမှာ ကိုတော့ သူတို့ကိုယ်တိုင်သိမှာ အမှန်ပါပဲ။ ဒါပေမယ့် ဒီလူတွေ ဘာလို့ အဲ့လို ပြောနေကြသလဲဆိုတာ စဉ်းစားစရာပါပဲ။

ငွေဆန့်ကျင်ရေးလူမျိုးတွေကို (MAW) 'မော'လို့ ခေါ်ပါတယ်။ MAW မော ဆိုတာက (Men Against Wealth) ''ချမ်းသာကြွယ်ဝခြင်းကို ဆန့်ကျင်သူများ''လို့ အဓိပ္ပာယ်ရပါတယ်။ ချမ်းသာခြင်းကို ဆန့်ကျင်နေရင်တော့ တစ်သက်လုံး မောနေရမှာ အသေအချာပါပဲ။ လူလည်းမောမယ်၊ စိတ်လည်းမောမယ်၊ ရင်လည်းမောမယ်။ မောတာမှ ဖတ်ဖတ်ကို မောရမှာပါ။

ဟုတ်ပါတယ်။ စဉ်းစားကြည့်ပါ။ ချမ်းသာကြွယ်ဝခြင်းကို ဆန့်ကျင်တယ် ဆိုကတည်းက ချမ်းသာခြင်းရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ဆင်းရဲခြင်းကိုပဲ ရရှိနေမှာပေါ့။ ဆင်းရဲနွမ်းပါးမှု လျော့ချရေး (Against Poverty) ကိုသာ လုပ်ဆောင်သင့်တာဖြစ်ပြီး ချမ်းသာကြွယ်ဝမှု ဆန့်ကျင်ရေးကို (Against Wealth) မလုပ်သင့်ဘူးလို့ ထင်ပါတယ်။

ကျွန်တော်တို့တွေ ချမ်းသာကြွယ်ဝချင်တာမှန်ရင် ငွေကြေးကို ဆန့်ကျင်တဲ့ စိတ်သဘောထားတွေကို အရင်ဆုံး ဖယ်ရှားထားမှ ဖြစ်ပါမယ်။ ငွေဆန့်ကျင်ရေးသမားတွေရဲ့ စကားတွေကို နားမယောင်မိဖို့ လည်း လိုအပ်ပါတယ်။ တစ်ခုလောက်တော့ သတိပေးပါရစေ။ ဒီလို လူမျိုးတွေဟာ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ အများကြီးရှိတယ်ဆိုတာ ပါပဲ။ ဒါကြောင့်လည်း ကမ္ဘာပေါ်မှာ ဆင်းရဲသားတွေများပြီး လူချမ်းသာ တွေ နည်းနည်းပဲ ရှိတာပေါ့။

ကမ္ဘာအရပ်ရပ်က သန်းကြွယ်သူဌေးကြီးတွေကတော့ ငွေကို မဆန့်ကျင်ကြပါဘူး။ ငွေကို တန်ဖိုးထားကြတယ်။ ငွေကို ဂရုတစိုက်နဲ့ ပွားများလာအောင် ပျိုးထောင်ကြတယ်။ ရင်းနှီးမြှုပ်နှံကြတယ်။ ငွေရဲ့ စွမ်းဆောင်ရည်တန်ဖိုးကိုလည်း နားလည်ကြပါတယ်။ ဒီငွေနဲ့ပဲ သူတို့ဟာ အများကောင်းကျိုး ပရဟိတတွေလုပ်ကြတယ်။ ကိုယ့်မိသားစုကို စိတ်ချမ်းသာအောင် ထားနိုင်ကြတယ်။ ကိုယ့်မိဘကို ကျေးဖူးတုံ့ဆပ်ကြတယ်။ မရှိဆင်းရဲသားတွေကို ပေးကမ်းနိုင်ကြတယ်။ သဘာဝဘေးအန္တရာယ်တွေကြောင့် အကူအညီလိုအပ်နေတဲ့ ကမ္ဘာကြီးကို သူတို့ရဲ့ ခနအင်အားနဲ့ အကူအညီပေးနိုင်ကြတယ်။

သဘောတရားလေးက ရှင်းရှင်းလေးပါ။ သင်က ငွေကို တန်ဖိုးထားရင် ငွေကလည်း သင့်ကို တန်ဖိုးထားမှာပါ။ ငွေကို လေးစားရင် ငွေကလည်း ပြန်လေးစားမှာပါ။ ငွေကို ဂရုစိုက်ရင်ငွေကလည်း ပြန်ဂရုစိုက်မှာပါ။ ငွေကိုချစ်ခင်ရင် ငွေကလည်း ကိုယ့်ကို ပြန်ချစ်ခင်မှာပါ။ ဒီလိုပါပဲ။ ငွေကို ဆန့်ကျင်နေရင်တော့ ငွေကလည်း ကိုယ့်ကို ဆန့်ကျင်နေမှာ ဖြစ်ပါတယ်။

''ငါတို့က ငွေကို ဂရုမစိုက်ပါဘူးကွာ''ဆိုရင်တော့ ငွေကလည်း ''ကျုပ်ကလည်း ခင်ဗျားကို ဘယ်တော့မှ ဂရုမစိုက်ပါဘူး''လို့ ပြုံးပြုံးကြီး ပြန်ပြောပါလိမ့်မယ်။

ဒါကြောင့် ငွေကိုရန်မူပြီး ငွေနဲ့ရန်ဖြစ်နေသရွေ့ ဘယ်တော့မှ ငွေကြေးချမ်းသာလာမှာ မဟုတ်ပါဘူး။ တကယ်တော့ ငွေဟာ ကျွန် တော်တို့ရဲ့ ရန်သူမှမဟုတ်ဘဲဗျာ။ ကျွန်တော်တို့ရဲ့ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတွေ အဆင်ပြေနိုင်စေဖို့အတွက် သူက အကူအညီတွေ

အများကြီးပေးပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ ဘဝနေထိုင်မှုတွေ အဆင်ပြေချောမွေ့အောင် ကူညီပေးတဲ့ မိတ်ဆွေပါ။

ငွေကြေးဟာ ကျွန်တော်တို့ရဲ့ မိတ်ဆွေကောင်းတွေဖြစ်ပြီး ရန်သူ မဟုတ်တာတော့ ယုံကြည်ထားလိုက်ပါ။ မိတ်ဆွေကောင်းတွေကို မဆန့်ကျင်ဘဲ၊ ရန်မလုပ်ဘဲ ဆက်ဆံရေးကောင်းစွာနဲ့ ပေါင်းသင်းပြီး မိတ် ကောင်းဆွေကောင်း ငွေကြေးတွေ တိုးပွားရာ တိုးပွားကြောင်း ငွေ ကြေးပညာရေးကို ဒီနေ့က စတင်ပြီး လေ့လာသင်ယူဖို့ လိုအပ်ပါ တယ်။

## ငွေအကြောင်းမသိလေ အန္တရာယ်ရှိလေပဲ

ကျောင်းတွေမှာတော့ ငွေကြေးပညာရေးကို ဘယ်တော့မှ မသင်ပေးပါဘူး။ ကလေးတွေကို ငွေအကြောင်းသင်ပေးရင် "စိတ်ဓာတ်တွေ ပျက်ပြားကုန်မယ်"ဆိုတဲ့ အချက်တွေကြောင့်ပါပဲ။ ငွေအကြောင်း သင်ပေးလိုက်တာနဲ့ ကလေးတွေဟာ တစ်ကိုယ်ကောင်းဆန်လာမယ်။ ပစ္စည်းဥစ္စာတွေကို မက်မောတတ်လာမယ်။ လောဘသားတွေ ဖြစ်လာမယ်ဆိုတဲ့အကြောင်းပြချက်တွေ ပေးကြပါတယ်။

ငွေအကြောင်းသင်ပေးလို့ ဖြစ်လာနိုင်တဲ့ အန္တရာယ်ဆိုတာ မရှိသလောက်ပါပဲ။ ဒါပေမယ့် ငွေအကြောင်း ဘာမှမသိ လို့ ဖြစ်လာနိုင်တဲ့ အန္တရာယ်တွေကတော့ ဘဝတစ်ခုလုံး၊ တိုင်းပြည်တစ်ခုလုံးနဲ့ သက်ဆိုင်နေပါတယ်။ ငွေပညာကို မသင်ပေးတဲ့အတွက်သာ ပျက်စီးကြတာ ဖြစ်ပါတယ်။ ငွေပညာမရှိလို့သာ လေလွင့်ကုန်တယ်။ လောဘကြီးသူတွေ တိုးပွားလာတယ်။ ငွေကို ဖြစ်သလိုရှာတဲ့ ဒုစရိုက်မှုတွေ ဖြစ်လာတယ်။ အခြေအနေမဲ့ လေလွင့်သူတွေဟာ အကျင့်စာရိတ္တတွေပျက်

ပြီး ဒုစရိုက်လောကထဲ ရောက်သွားနိုင်တဲ့အထိ ဖြစ်နိုင်ချေရှိပါတယ်။

ဆင်းရဲမှုကြောင့် လေလွင့်လူငယ်တွေဟာ ငွေတွေ အမြောက်အမြား အလွယ်တကူရစေနိုင်တဲ့ ဖြတ်လမ်းနည်းတွေ၊ ခိုး၊ ဆိုး၊ လု ယက်၊ တိုက်ခိုက်မှုတွေ၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုတွေ၊ တရားမဝင်ကုန်ပစ္စည်းရောင်းဝယ်မှုတွေ ဖြစ်လာပါတယ်။ ငွေကြေးချို့တဲ့လို့ ကြံမရတဲ့အဆုံး ကိုယ့်ဘဝရေတိမ်နစ်တဲ့အထိ ဖြစ်သွားရတဲ့ အမျိုးသမီးငယ်တွေလည်း ရှိကြပါတယ်။ ငွေကို ဘယ်လိုရှာဖွေပြီး ငွေကြေးကြွယ်ဝအောင်လုပ်ဆောင်နိုင်တဲ့ နည်းလမ်းမသိ လေလေ ငွေကို ဖြစ်သလို ရှာကြတော့လေလေပါပဲ။

ဒီတော့ ငွေဟာ မကောင်းဆိုးဝါးပဲလား။ ငွေဟာ လူတွေရဲ့ ဘဝတွေကို ဖျက်စီးတတ်တာလား။ ငွေကြေးဟာ မြွေပွေးလိုပဲ အဆိပ်ရှိသလား။ ငွေကြေးဟာ မီးလိုပဲ ကိုင်သူကို ပူလောင်စေတတ်သလား။

ငွေဆိုတာ သူ့ချည်းသက်သက်ဆိုရင် ကြောက်စရာကောင်းတဲ့ မကောင်းဆိုးဝါးမဟုတ်ပါဘူး။ ငွေဟာ ဘောလ်ပင် တစ်ချောင်းလိုပဲ အသုံးချ ကိရိယာတစ်ခုဖြစ်ပါတယ်။ လှပတဲ့ စာလုံးလေးတွေနဲ့ ချစ်မေတ္တာစာရေးလို့ရသလို၊ လူတစ်ယောက်ကို အလုပ်ထုတ်ပစ်တဲ့ စာလည်း ရေးနိုင်ပါတယ်။ ဘောလ်ပင်ကို စာရေးဖို့သက်သက် ပုံစံထုတ်ထားပေမယ့် လက်နက်တစ်ခုအဖြစ် လူတစ်ယောက်ကို ထိုးလို့လည်းရပါတယ်။ ဒီ့အတွက် ဘောလ်ပင်မှာ အပြစ်မရှိပါဘူး။ ကိုင်တဲ့လူအပေါ်မှာပဲ မူတည်တာ ဖြစ်ပါတယ်။ ငွေဟာလည်း အလားတူပါပဲ။

ငွေကြေးဆိုတာ သူ့ကို ကောင်းကောင်း အသုံးချတတ်ရင် **"အကောင်းဆုံးအစေခံ"**ဖြစ်ပေမယ့် မသုံးတတ်ရင်တော့ **"အဆိုးဆုံးသခင်"**ပါပဲ။ ငွေကို မကိုင်တွယ်တတ်ရင် အဆိပ်ရှိတယ်။ ဒါကြောင့်

တချို့လူတွေ ငွေကြေးတွေ သုံးမကုန်အောင် ရှိလာတဲ့အခါ ပျက်စီးကြတာတွေ့ရမှာပါ။ ငွေဆိပ်မိပြီး ငွေဆိပ်မွှန်ကာ မျက်လုံးတွေပြာဝေပြီး ဘာဆို ဘာမှ မမြင်နိုင်ဘဲ ငွေအတွက် ဘာမဆိုလုပ်ကြတာ၊ ငွေလမ်း ခင်းပြီး မဟုတ်တာ လုပ်ကြတာတွေ ကြားဖူးကြမှာပါ။ ဒါဟာ ငွေကို သူကနိုင်တာ မဟုတ်ဘဲ၊ ငွေက သူ့ကိုအနိုင်ရသွားတာ ဖြစ်ပါတယ်။

မြွေအကိုက်ခံရလို့ မြွေဆိပ်မိသလို၊ ငွေကိုက်ခံလိုက်ရတော့ ငွေဆိပ်မိသွားတာပဲပေါ့။ မြွေကိုက်လို့ မြွေဆိပ်ဖြေဆေး မထိုးပေးရင် အသက်အန္တရာယ်ထိခိုက်နိုင်ပါတယ်။ ငွေကိုက်ခံရလို့ ငွေဆိပ်မိပြီဆိုရင် ငွေဆိပ်ဖြေဆေး မထိုးပေးလို့ကတော့ ဘဝပါပျက်သွားနိုင်ပါတယ်။ လောဘစိတ်နဲ့ ငွေကြေးကို ခါးပိုက်ပိုက်ဖို့ ကြံမိရင်တော့ မြွေပွေး ခါးပိုက် ပိုက်မိသလို ဒုက္ခလှလှ တွေ့သွားနိုင်ပါတယ်။

ဒီလိုမဖြစ်ရလေအောင် ငွေကို ကောင်းစွာ ထိန်းချုပ်ကွပ်ကဲနိုင်ဖို့ ငွေပညာဟာ သိပ်လိုအပ်ပါတယ်။ ငွေက လူကို အနိုင်မယူသွားစေဘဲ လူကသာ ငွေကို အနိုင်ရဖို့ဆိုရင် ပညာနဲ့ ထိန်းချုပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ငွေဟာ အပြစ်မရှိပါဘူး။ ငွေပညာမရှိတာသာ အပြစ်ဖြစ်ပါတယ်။ ငွေဟာ အဆိပ်ရှိတယ် ဆိုရင်တောင် ဉာဏ်ပညာနဲ့ လိမ္မာစွာကိုင်တွယ်သုံးစွဲတတ်သူအဖို့ ငွေတွေဟာ အကောင်းဆုံး အစေခံအဖြစ် အလုပ်အကျွေး ပြုကြမှာဖြစ်ပါတယ်။ မြွေအလမ္ပာယ်ဆရာက မြွေကို ကောင်းစွာ ထိန်းချုပ်နိုင်သလို ငွေကို ကောင်းစွာ စေခိုင်းထိန်းချုပ်နိုင်ဖို့ ငွေအလမ္ပာယ်ဆရာတွေ ဖြစ်ဖို့လိုပါတယ်။

ငွေကြေးပညာအကြောင်းကို လူတိုင်း လိမ္မာပါးနပ်စွာ သိရှိသဘောပေါက်နားလည်သွားရင် ဒီနေ့ကမ္ဘာကြီး ဘယ်လို ပြောင်းလဲ

သွားမလဲ စဉ်းစားကြည့်ပါ။ ငွေအတွက် ပူလောင်သောကတွေ ကင်းဝေး သွားကြမှာအမှန်ပါပဲ။ ငွေကြေးပြဿနာတွေလည်း ပြေလည်အောင် ဖြေရှင်းနိုင်ကြပါလိမ့်မယ်။ တစ်ဦး ချင်း တစ်ယောက်ချင်းရဲ့ ဝင်ငွေတွေ၊ စီးပွားတွေဟာလည်း ဒီရေအလား တိုးတက်လာတာနဲ့အမျှ တိုင်းပြည် နိုင်ငံဟာလည်း အများကြီး ပြောင်းလဲတိုးတက်လာမှာ ဖြစ်ပါတယ်။ လူတွေအားလုံး ကောင်းစားလာကြတာနဲ့အမျှ လုယက်ခိုးဝှက်ခြင်း၊ မတရားအနိုင်ယူခြင်း၊ လာဘ်စားခြင်းတွေလည်း လုပ်စရာမလိုတော့ ပါဘူး။ ဆင်းရဲနွမ်းပါးမှုဟာလည်း လျော့ကျသွားမှာ ဖြစ်ပါတယ်။ ဒါ ကြောင့် ငွေကြေးဆိုင်ရာ အသိဉာဏ်ပညာကို ကျွန်တော်တို့အားလုံး မြှင့်တင်လိုက်ကြပါစို့။

**** **** 

## ငွေကြေးအသိဉာဏ်တိုးမြင့်ဖို့ မေးခွန်းလေးတွေ ဖြေကြည့်ပါဦး။

၁။ ငွေလိုချင်တာ မကောင်းဘူး၊ အပြစ်ရှိတယ်လို့ သင်ယူဆပါသလား။

ဟုတ် .................... ။ မဟုတ် .................... ။

၂။ ငွေကြေးဟာ သင့်ဘဝအတွက် ရန်သူဖြစ်မလား၊ မိတ်ဆွေဖြစ်မလား။

ရန်သူ .................... ။ မိတ်ဆွေ .................... ။

၃။ ငွေကြောင့် ဘဝတွေပျက်စီးကြတယ်လို့ ပြောလေ့ရှိကြပါတယ်။ ဟုတ်ပါသလား။

ဟုတ် .................... ။ မဟုတ် .................... ။

၄။ ငွေဆိပ်မိပြီး ငွေအတွက် ဘာမဆိုလုပ်မယ်ဆိုတဲ့ ငွေဆိပ်မွှန်နေတဲ့သူတွေကို သင်တွေ့ဖူးပါသလား။

တွေ့ဖူးတယ် ................ ။ မတွေ့ဖူးဘူး.............. ။

၅။ ငွေဆိပ်မမိဖို့၊ ငွေကို ကောင်းစွာ ထိန်းချုပ်ကိုင်တွယ်နိုင်ဖို့ ဘာတွေ လိုအပ်တယ်လို့ ထင်ပါသလဲ။

...........................................................

...........................................................

ငွေကြေးစုဆောင်းခြင်း
ပြုသူများသည်
လူချမ်းသာများဖြစ်လာကြ၍
ငွေကြေးစုဆောင်းခြင်း
မပြုသူများသည်
ဆင်းရဲသားများဖြစ်လာကြသည်။

အမေရိကန် သမ္မတကြီး ဂျော့ဝါရှင်တန်



## အခန်း(၆)

# လူမိုက်နှင့်ငွေ အတူမနေ

"လူမိုက်နှင့်ငွေ အတူမနေ"ဆိုတဲ့ စကားပုံလေးကို ကျွန်တော်တို့အားလုံး ကြားဖူးကြပါတယ်။ ပညာဉာဏ်နည်း မိုက်မဲကြသူတွေရဲ့ လက်ထဲမှာ ဘယ်တော့မှ ငွေမြဲမှာမဟုတ်ပါဘူး။ မှန်ပါတယ်။ ကျွန်တော်တို့အများစုဟာ ငွေနဲ့ပတ်သက်လာရင် မိုက်မဲလေ့ရှိကြပါတယ်။ ငွေကြေးနဲ့ပတ်သက်တဲ့ ပညာဉာဏ်ပိုင်း (Financial IQ)မှာ အားနည်းမှုရှိရင် ရသမျှငွေဟာ ရလွယ်ပျောက်လွယ် ငွေများသာဖြစ်ပါလိမ့်မယ်။

ကမ္ဘာပေါ်မှာ ထီသန်းချီပေါက်တဲ့သူတွေ လစဉ်လတိုင်း ထွက်ပေါ်နေပါတယ်။ ထီပေါက်ခြင်းဟာ ကြီးမားတဲ့ ငွေဝင်မှုကြီးတစ်ခုပါပဲ။ ဒီလိုကြီးမားတဲ့ ငွေဝင်မှုကြီးကြောင့် နေ့ချင်း ညချင်း ချမ်းသာလာတဲ့ သူတွေလည်း ရှိပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ ဒုံရင်းဘဝကို ပြန်လည်ရောက်ရှိသွားကြတဲ့သူတွေ အကြောင်းလည်း ကြားဖူးကြမှာပါ။ ဘာလို့လဲဆိုတော့ ငွေကြေးသုံးစွဲရာမှာ မိုက်မဲတဲ့လူနဲ့အတူ ငွေတွေဟာ ဘယ်တော့မှ ကြာကြာနေမှာ မဟုတ်လို့ပါပဲ။

ငွေကြေးအရ အောင်မြင်မှုမှာ ငွေတွေ ဘယ်လောက်ရသလဲ ဆိုတာ အဓိကမဟုတ်ပါဘူး။ လက်ထဲမှာ ငွေတွေ **''ဘယ်လောက်များ များ ထိန်းသိမ်းထားနိုင်သလဲ''**၊ **''ဘယ်လောက်ကြာကြာ မြဲသလဲ''** ဆိုတာသာ အဓိကပါ။ ကျွန်တော်တို့ အားလုံးဟာ ငွေကို အလုပ်အကိုင် နည်းလမ်းမျိုးစုံနဲ့ ရှာဖွေတတ်ကြပါတယ်။ ဝင်ငွေလစာနည်းတဲ့သူတွေ ရှိသလို အလုပ်အကိုင်ကောင်းပြီး ဝင်ငွေတွေကောင်းနေတဲ့သူတွေ လည်း အများကြီး ရှိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မတူကြပေမယ့် လက်ထဲမှာ **''ငွေပိုငွေလျှံမရှိခြင်း''**ကတော့ အားလုံးလိုလို တူလေ့ရှိကြတာကို တွေ့ရပါတယ်။ ဝင်ငွေဘယ်လောက် ကောင်းကောင်း ငွေပိုငွေလျှံမရှိကြသလို၊ လစာဘယ်လောက်တိုးတိုး သုံးလို့ကို မလောက်တဲ့အခြေအနေကို ရောက်နေကြရပါတယ်။

ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတာ အကြောင်းရင်း နှစ်ချက်ပေါ်မှာ မူတည်ပါတယ်။

## ငွေမပြဲခြင်းအကြောင်းရင်း(၁)

''ပထမအကြောင်းရင်း''ကတော့ **ရသမျှငွေအားလုံးကို အကုန်သုံးပစ်လိုက်လို့**ပဲဖြစ်ပါတယ်။ ဝင်လာသမျှ ငွေတွေဟာ ကိုယ့်ရဲ့ အသုံးစရိတ်ကနေပဲ အားလုံးထွက်ခွာသွားမယ်ဆိုရင် ဘယ်မှာ ငွေပို ငွေလျှံ ရှိလာတော့မလဲ။ ရသမျှငွေတွေကို အကုန်သုံးပစ်တဲ့ အလေ့အထ(Spending Habit)ဟာ ငွေကြေးအရ မိုက်မဲသူတွေပဲ ဖြစ်ကြပါတယ်။ ဒါဟာ ငွေမထိန်းသိမ်းထားနိုင်ခြင်း၊ ငွေမစုဆောင်းနိုင်ခြင်း၊ ငွေတွေကိုယ်နဲ့ အတူမနေခြင်းနဲ့ လက်ထဲမှာ

ငွေပိုငွေလျှံ မရှိခြင်းရဲ့ အဓိကအကြောင်းရင်း ဖြစ်ပါတယ်။

ဒီလို မိုက်မဲစွာငွေကို ရေလိုသုံးနေရင်တော့ ပိုက်ဆံအိတ်ထဲမှာ တစ်ပြားမှ ကပ်ကျန်ခဲ့မှာ မဟုတ်ပါဘူး။ ဘာမှ စုမိ ဆောင်းမိလည်း ရှိမှာမဟုတ်ပါဘူး။ ငွေကြေးတိုးပွားချင်ရင် ငွေကို ဂရုတစိုက် ထိန်းသိမ်း စီမံရမှာဖြစ်ပါတယ်။ **"သင်က ငွေကြေးကို ဂရုမစိုက်ရင် ငွေကြေးက လည်း သင့်ကို ဂရုစိုက်မှာမဟုတ်ပါဘူး"**(If you Don't Care Your Money, Money Don't Care You!)ဆိုတဲ့အချက်ကို အမြဲသတိထားသင့်ပါတယ်။

ငွေကို ဂရုတစိုက် ထိန်းသိမ်းစုဆောင်းခြင်းဟာ လူလိမ္မာတွေရဲ့ အလေ့အထတစ်ခုဖြစ်သလို ငွေကြေးများ ရှေ့ဆက် တိုးပွားစေဖို့ အတွက် အကြောင်းရင်းတစ်ခုဖြစ်ပါတယ်။ လက်ထဲမှာ ငွေတွေ မြဲနေစေဖို့ ငွေကြေးကို စနစ်တကျ ထိန်းသိမ်း စုဆောင်းနိုင်ဖို့လည်း လိုအပ်ပါတယ်။ ငွေစုတာဟာ ကောင်းတယ်၊ အကျိုးရှိတယ်ဆိုတဲ့ အသိလေးတွေ လူတိုင်းကိုယ်စီမှာရှိကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့တွေဟာ ငွေကို သေသေချာချာ မစုဆောင်းနိုင်ကြပါဘူး။

## ငွေမပြည့်ခြင်းအကြောင်းရင်း(၂)

ငွေကို မထိန်းသိမ်း၊ မစုဆောင်းနိုင်ရတဲ့ ''ဒုတိယအကြောင်းရင်း''ကတော့ **ငွေစုဆောင်းမယ်ဆိုတဲ့ ခံယူချက် (သန္နိဋ္ဌာန်) မခိုင်မာခြင်း၊ စိတ်ဆန္ဒမပြင်းပြခြင်း** ဖြစ်ပါတယ်။ ငွေစုဆောင်းထားသင့်တာပဲဆိုတဲ့ စိတ်နဲ့ ကျွန်တော်တို့ဟာ ငွေစုခြင်းကို စတင်ကြပါတယ်။ ဒါပေမယ့် အစပိုင်း ခဏလောက်ပါပဲ။ အကြောင်းအမျိုးမျိုးကြောင့် ဆက်လက် မစုဆောင်းဖြစ်တော့ဘဲ ငွေစုခြင်း အလေ့အထ

(Saving Habit)ကို ရပ်တန့်လိုက်ကြပါတယ်။

ဒါ့အပြင် ကိုယ်စုဆောင်းထားတဲ့ ငွေကြေးပမာဏလေး အနည်းငယ်များလာတာနဲ့ တစ်ပြိုင်နက် "ပထမအကြောင်းရင်း" ဖြစ်တဲ့ သုံးစွဲခြင်းအလေ့အထ (Spending Habit)က လွှမ်းမိုးလာပြီး စုငွေ တွေအားလုံးကို အကုန်သုံးစွဲပစ်လိုက် ပြန်ရော။ ဒီလို စိတ်ခံယူချက် မခိုင်မာတဲ့ အကြောင်းချက်ကလည်း ငွေမစုဆောင်းဖြစ်တဲ့ အချက်ပဲ ဖြစ်ပါတယ်။ လူမိုက်နဲ့ ငွေအတူမနေခြင်းရဲ့ အချက်လည်း ဖြစ်ပါတယ်။

**"ငွေဟာ ရှာရခက်သလောက် – သုံးတာကတော့ လွယ်လိုက်တာကွာ"**လို့ လူအများစုက ပြောကြပါတယ်။ တကယ်တော့ **"ငွေရှာရတာက သိပ်မခက်ပါဘူး။ ငွေကို မြဲအောင်ထိန်းထားရတာက ပိုခက်ပါတယ်"**

ငွေဆိုတာမျိုးက ဝင်လာတာနဲ့ ထွက်ဖို့ အမြဲတမ်းကြံနေတဲ့ အရာပါ။ တစ်ခါတလေဆိုရင် ကျွန်တော်တို့ရဲ့ ငွေဟာ မဝင်လာခင်ကတည်းက ထွက်ဖို့ပြင်နေတာတွေလည်း ရှိပါတယ်။ ငွေကဖြင့် မဝင်လာသေးဘူး။ ထွက်စရာတွေက တန်းစီနေတာ အမှန်ပါပဲ။

ဒါဆို ဒီလို အမြဲတမ်းထွက်ဖို့ပြင်နေတဲ့ ငွေ၊ ထိန်းရခက်တဲ့ ငွေကို မြဲအောင် ဘယ်လိုနည်းနဲ့ ထိန်းသိမ်းစုဆောင်းမလဲ။ ငွေထက် ထိန်းရခက်တဲ့အရာကို နိုင်အောင် ထိန်းသိမ်းခြင်း ဖြစ်ပါတယ်။ ငွေထက် ထိန်းရခက်တဲ့အရာကတော့ "မိမိရဲ့ စိတ်"ပဲ ဖြစ်ပါတယ်။

ငွေကြေးအရ မိုက်မဲသူတွေဟာ ငွေရလာတာနဲ့ ငွေကို သုံးဖြုန်းချင်တဲ့ မိမိစိတ်ကို မထိန်းသိမ်းနိုင်ပါဘူး။ ငွေနဲ့ပတ်သက်တဲ့ မိမိရဲ့ စိတ်အလိုကို ထိန်းချုပ်နိုင်ခြင်းဟာ ငွေကို ထိန်းချုပ်နိုင်ခြင်းနဲ့ တူပါ

တယ်။ ဒီအချက်ကို ဉာဏ်ရှိရှိနဲ့ ထိန်းနိုင်ရင် ငွေဟာ ကျွန်တော်တို့နဲ့ အမြဲအတူတူ နေပါလိမ့်မယ်။ ဒီလိုမှ မဟုတ်ရင်တော့ လူမိုက်နဲ့ငွေ အတူမနေဆိုတဲ့အတိုင်း တစ်ပြားမှရှိမှာ မဟုတ်ပါဘူး။

## ငွေမရခင် ကြိုတင်မသုံးပါနဲ့

မနက်ဖြန်ဝင်ငွေကို ဒီနေ့မသုံးပါနဲ့ (Don't Spend Tomorrow's Income Today) လို့ ငွေကြေးပညာရှင် Ric Edelman က ပြောခဲ့ပါတယ်။ ငွေရဖို့လမ်းတစ်ခုခုရှိနေရင် ကြိုတင် သုံးစွဲချင်တဲ့ စိတ်လေးတွေ ကျွန်တော်တို့မှာ ရှိကြပါတယ်။ ငွေရမယ်ဆိုပြီးတော့ ကြိုတင်မသုံးပါနဲ့။ အကြွေးမယူထားပါနဲ့။ ဒီစိတ်ကို နိုင်အောင် ထိန်းထားရမှာ ဖြစ်ပါတယ်။

## ငွေရလာရင်လည်း အကုန်မသုံးပစ်ပါနဲ့

ဝင်လာသမျှ ငွေကို အကုန်သုံးစွဲပစ်ရင်လည်း လက်ထဲမှာ ငွေပိုငွေလျှံရှိမှာ မဟုတ်ပါဘူး။ ငွေကို ရေလိုသုံးတတ်တဲ့ စိတ်ကို ထိန်းသိမ်းခြင်းဟာ ငွေကို ထိန်းသိမ်းခြင်း ဖြစ်ပါတယ်။

## ကိုယ့်ကိုယ်ကို အရင်ဆုံးပေးပါ

လစဉ် ငွေဝင်လာရင် သုံးစရာတွေ၊ ဝယ်စရာတွေ၊ ပေးစရာတွေ ကတော့ ရှိမှာပါပဲ။ ဒါပေမယ့် တခြားအရာတွေအတွက် မပေးခင် ကိုယ့်ကိုယ်ကို အရင်ပေးရပါမယ်။ ငွေကြေး တဖြည်းဖြည်းနဲ့ တိုးပွား များပြားလာတာကို လိုချင်တယ်ဆိုရင်တော့ ကိုယ့်ကိုယ်ကို အရင်ပေး ခြင်း (Pay yourself first) ကို ပြုလုပ်ရမှာ

ဖြစ်ပါတယ်။

သင့်တင့်တဲ့ ငွေပမာဏကို ကျန်တာတွေအတွက် မပေးမီ ကိုယ့်ကိုယ်ကို အရင်ဆုံးပေးထားလိုက်ပါ။ ကိုယ့်အတွက် ကိုယ်ပေးပြီးမှ ကျန်တဲ့ငွေကို အခြားအရာတွေအတွက်ပေးပါ။ ဘောဘီလုံက သူ့ကြွယ်ကြီး အာခတ်ကိုယ်တိုင်ကလည်း ''ကိုယ့် ဝင်ငွေရဲ့ ဆယ်ပုံတစ်ပုံကို မဖြစ်မနေ ဖယ်ထားပြီး စုဆောင်းပါ''လို့ အကြံပြုထားပါတယ်။ ဥပမာ ကိုယ်က ငွေတစ်သိန်းရတယ်ဆိုရင် တစ်သောင်းကို ကိုယ့်အတွက် အရင်ဆုံးပေးထားပြီး ကျန်ငွေ ကိုးသောင်းကို သုံးစွဲပါ။ ဒါဟာ ရိုးရှင်းတဲ့ငွေစုနည်းတစ်ရပ် ဖြစ်ပါတယ်။

**ငွေကြေးစုဆောင်းပါ**

စားဝတ်နေရေး အသုံးစရိတ်များမှ အလွတ်ဖြစ်တဲ့ ကိုယ့် စုငွေ ဆယ်ပုံတစ်ပုံဟာ ကိုယ့်ရဲ့ ကိုယ်ပိုင်ဝင်ငွေဖြစ်ပါတယ်။ ဒီကိုယ်ပိုင် ဝင်ငွေဖြစ်တဲ့ စုဆောင်းငွေတွေကို အနာဂတ်အတွက် စီးပွားရေးလုပ်ဖို့ ရင်းနှီးမြှုပ်နှံဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အသေအချာ စုဆောင်းထားစေချင်ပါတယ်။ ဒီစုငွေလေးတွေဟာ အနာဂတ်ဘဝမှာ ငွေကြေးကြွယ်ဝလာစေဖို့အတွက် မျိုးစေ့လေးတွေပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ ငွေကြေးစုဆောင်းခြင်းနဲ့ ပတ်သက်လို့ ကဗျာစာပိုဒ်လေးတစ်ပိုဒ်ကို ဖော်ပြလိုပါတယ်။

***လောကဥ္စပင် ပျားနှင့်ယင်ကို***
***မျက်မြင်ပုံထား၊ မောင်ရှုစားလော့။***
***ပျားကားအုံပြု၊ အရည်စု၍၊***
***ထားမှုလီမွှာ၊ နောင်ချမ်းသာ၏။***
***ယင်မှာသော်တုံ၊ ဝမ်းဝရုံမျှ၊***

***သုံးကာသောက်စား၊ စုမထား၍၊***
***ရှာငြားမပြတ်၊ မရတတ်၏။***

အနာဂတ်မှာ ချမ်းသာကြွယ်ဝတဲ့ဘဝကို ပိုင်ဆိုင်လိုသူတိုင်းဟာ ငွေကြေးကို ပျားတွေလိုမျိုး လိမ္မာစွာ စုဆောင်းထားကြရမှာ ဖြစ်ပါတယ်။ ဝမ်းဝရုံသာ ရှာစားတတ်တဲ့ ယင်တွေလိုမျိုးသာ ပြုမူမယ်ဆိုရင် စားဝတ်နေရေးအတွက် တစ်သက်လုံး ရှာဖွေလုံးပန်းနေရမှာ ဖြစ်ပါတယ်။ ကိုယ်မရှာဖွေနိုင်တဲ့ အခြေအနေမျိုးလည်း ရောက်တဲ့အခါမှာတော့ ဆင်းရဲတဲ့ဒဏ်ကို ခံစားရမှာဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ အမေရိကန် သမ္မတကြီး ဂျော့ဝါရှင်တန်က လည်း ''ငွေကြေးစုဆောင်းခြင်း ပြုသူများသည် လူချမ်းသာများ ဖြစ် လာ၍ ငွေကြေးစုဆောင်းခြင်း မပြုသူများသည် ဆင်းရဲသားများ ဖြစ် လာကြသည်''ဟု ဆိုခဲ့ပါတယ်။

ငွေစုဆောင်းရတာ အလုပ်ရှုပ်တယ်လို့ ထင်သူတွေအတွက် လွယ် ကူ ရိုးရှင်းတဲ့ ငွေစုနည်းလေးတစ်ခုကို ထပ်ပြောပြပါရစေ။ ဒီနည်း လေးကတော့ တစ်နေ့တာ သုံးစွဲပြီးလို့ ညဘက် အိမ်ပြန်ရောက်တဲ့ အချိန်မှာ ပိုလာတဲ့ ငွေအကြွေလေးတွေကို လွတ်နေတဲ့ မုန့်ပုံးဖြစ်စေ၊ ဘူးအလွတ်ထဲကိုဖြစ်စေ ထည့်ထားပြီး စုဆောင်းတဲ့ နည်းလမ်း ဖြစ်ပါတယ်။

ပိုတဲ့ အကြွေတွေကို ဖယ်ထားလိုက်တဲ့အတွက် နောက်တစ်ရက်မှာ ငွေစက္ကူ အတန်ကြီးနဲ့ စတင်သုံးစွဲရပါတယ်။ ဒီလိုနဲ့ တစ်နေ့တာ သုံးစွဲတယ်၊ ညဘက်မှာ လက်ထဲရှိတဲ့ အကြွေလေးတွေကို စုပုံးထဲထည့် ထားလိုက်တယ်။ ဒီလိုဆိုရင် ကိုယ်သတိမထားမိဘဲ ငွေအကြွေလေး တွေကို အလိုလို

စုဆောင်းမိနေပြီးသား ဖြစ်ပါတယ်။

ဒီအလေ့အထကို တစ်ယောက်တည်း လုပ်ဆောင်ရုံ သာမက အိမ်မှာရှိတဲ့ မိသားစုဝင်တွေ အားလုံးကိုပါ လုပ်ဆောင်စေမယ်ဆိုရင် ပိုကောင်းတာပေါ့။ ဒီအကြွေ စုဆောင်းငွေလေးတွေဟာ မိသားစုရဲ့ အနာဂတ် ရင်းနှီးမြှုပ်နှံမှုအတွက် ရန်ပုံငွေမျိုးစေ့လေးတွေပဲဖြစ်ပါတယ်။

**"ငွေစုခြင်းအကျင့်ဟာ ကိုယ့်ကိုယ်ကို ထိန်းကျောင်း ကွပ်ကဲတဲ့ စည်းကမ်းသေဝပ်မှုတစ်ခုဖြစ်တယ်"**လို့ ကမ္ဘာကျော် သံမဏိသူဌေးကြီး အင်ဒရူးကာနက်ဂျီကလည်း ဆိုပါတယ်။ ဒါကြောင့် ဘယ်သူမဆို ကိုယ့်ဝင်ငွေထဲမှ ငွေပမာဏ အနည်းငယ်လောက်ကို စုဆောင်းခြင်း အလေ့အကျင့် ရရှိလာစေဖို့ မှန်မှန်ပြုလုပ်သင့်ပါတယ်။ ပထမ အလေ့အကျင့်ကို ကိုယ်က တမင်လုပ်ဆောင်ရပါတယ်။ နောက်တော့ အလေ့အကျင့်က ကိုယ့်ကို ပုံမှန်လုပ်ဆောင်သွားစေပါတယ်။

မိုင်ပေါင်းထောင်ချီတဲ့ ခရီးကို ခြေတစ်လှမ်းကပဲ စတင်ရပါတယ်။ မြင့်မားတဲ့တိုက်တာ အဆောက်အဦးကြီးတွေကို အုတ်တစ်တုံးကနေ စတင် တည်ဆောက်ရပါတယ်။ ရေစက် ရေပေါက်တွေ တစ် စက်ခြင်းကျလာရင်းနဲ့ပဲ ရေအိုးကြီးတစ်အိုးလုံးကို ပြည့်သွားစေနိုင်ပါတယ်။ အနာဂတ်မှာ ငွေကြေးအရ စိတ်ချလုံခြုံမှုရှိတဲ့ဘဝကို ပိုင်ဆိုင်ပြီး ငွေကို လိမ္မာစွာနဲ့ ထိန်းသိမ်းထားနိုင်ဖို့အတွက် အခုချိန်ကစပြီး ကြိုးစားအားထုတ်ဖို့ လိုပါတယ်။

**** ****

## ငွေတွေလက်ဝယ်မြဲစေဖို့ မေးခွန်းလေးတွေ ဖြေကြည့်ပါဦး။

၁။ သင်ရှာခဲ့တဲ့ငွေတွေကို ထိန်းသိမ်းထားနိုင်စွမ်းရှိပါသလား။

ရှိ ...................... ။ မရှိ ...................... ။

၂။ ရှာဖွေရရှိခဲ့သမျှငွေတွေကို အကုန်သုံးစွဲပစ်လေ့ရှိပါသလား။

ရှိ ...................... ။ မရှိ ...................... ။

၃။ ငွေတွေ စုဆောင်းတဲ့ အလေ့အထ သင့်မှာ ရှိပါသလား။

ရှိ ...................... ။ မရှိ ...................... ။

၄။ လစဉ်ငွေတွေ ဝင်လာရင် သင့်ကိုယ်သင် အရင်ဦးဆုံး ပေးဖို့ ဆန္ဒရှိပါသလား။

ရှိ ...................... ။ မရှိ ...................... ။

၅။ အခုအချိန်ကစပြီး ငွေစုဆောင်းမယ်ဆိုတဲ့ အစီအစဉ် သင့်မှာ ရှိ၊ မရှိ။

ရှိ ...................... ။ မရှိ ...................... ။


လူတိုင်းလိုလိုသည်
ငွေကိုမည်ကဲ့သို့ရှာဖွေ
ရမည်ကို သိသော်လည်း
မည်ကဲ့သို့ သုံးစွဲရမည်ကို
တစ်သန်းတွင်
တစ်ယောက်မသိချေ။
ဟင်နရီဒေးဗစ် သော်ယူး

အခန်း(၇)

# အသုံးစရိတ်လား၊ အဖြုန်းစရိတ်လား

ငွေကြေးအောင်မြင်မှုဆီသို့ တက်လှမ်းတော့မယ်ဆိုရင် အသုံးစရိတ်တွေကို သေချာစီမံခန့်ခွဲတတ်ဖို့လည်း အထူးလိုအပ်ပါတယ်။ ကိုယ်ရှာဖွေစုဆောင်းရရှိလာတဲ့ ငွေကြေးဥစ္စာတွေကို မကုန်သင့်တာမကုန်အောင်၊ မဆုံးရှုံးသင့်တာမဆုံးရှုံးအောင် ထိန်းသိမ်းစောင့်ရှောက်တတ်ရပါမယ်။ ငွေကို စည်းကမ်းတကျ သုံးစွဲတတ်ခြင်းဟာ ငွေကြေးအောင်မြင်မှုကို ဖြစ်စေတဲ့ အဓိကအချက်ပါပဲ။

ကျွန်တော်တို့ ရှာဖွေရရှိလာတဲ့ ငွေကြေးတွေကို မသုံးဘဲနဲ့ထားလို့တော့ မဖြစ်ပါဘူး။ သုံးကို သုံးစွဲရပါတယ်။ ဒီလိုငွေကို သုံးတဲ့နေရာမှာ အသုံးစရိတ်နဲ့ အဖြုန်းစရိတ်ကို နားလည်ထားရပါမယ်။ လူတွေအားလုံးရဲ့ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ စားဝတ်နေရေးနဲ့ ကျန်းမာရေးကိစ္စတွေအတွက် တကယ်လိုအပ်လို့ အသုံးပြုတဲ့ငွေတွေဟာ အသုံးစရိတ်တွေဖြစ်ပြီး မဝယ်လည်းဖြစ်တဲ့ အပိုသုံးငွေ၊ ကြွားသုံးငွေ၊ အပျော်အပါးအတွက် သုံးငွေတွေဟာ အဖြုန်းစရိတ်တွေလို့ ခွဲခြား သိနိုင်ပါတယ်။

ငွေတွေဟာ အသုံးများလို့ ကုန်တာလည်း ရှိသလို အဖြုန်းများလို့ ကုန်တာလည်း ရှိပါတယ်။ လိုအပ်လို့ သုံးတာလည်း ရှိသလို မလိုအပ် ဘဲ သုံးတာတွေလည်း အများကြီးရှိ နေနိုင်ပါတယ်။ ကုန်သင့်လို့ ကုန်တာတွေလည်း ရှိသလို မကုန်သင့်ဘဲ ကုန်နေတာတွေလည်း ရှိ ပါတယ်။ ဒါကြောင့် ကိုယ့် မှာရှိတဲ့ ငွေတွေ လစဉ် ထွက်သွားတာဟာ အသုံးကြောင့်လား၊ အဖြုန်းကြောင့်လားဆိုတာကို သေချာစိစစ် သုံးသပ်ဖို့ လိုပါတယ်။

ဒီတော့ ကိုယ့်အသုံးစရိတ်ကဏ္ဍကို ကိုယ်တိုင် ဂရုတစိုက်နဲ့ အမြဲစစ်ဆေးနေပါ။ အကြောင်းတစ်ခုခုကြောင့် ငွေကို သုံးတော့မယ် ဆိုရင် ကိုယ့်ကိုယ်ကို မေးခွန်းလေးတွေ ပြန်မေးပါ။ တကယ်လိုအပ်တာ လား၊ ကုန်သင့်တာလား၊ အဖြုန်းသက်သက်ပဲလား ဆိုတာကိုပေါ့။ ဒါဟာ ကပ်စေးနဲတာ၊ နှမြောလွန်းတာ၊ ငွေကို ခြစ်ကုပ်လွန်းတာလို့ ထင်ကောင်းထင်မှာပါ။ မဟုတ်ပါဘူး။ ငွေကြေးအောင်မြင်မှုပန်းတိုင်ကို ရောက်ရှိစေဖို့အတွက် အသုံးအစွဲမှာ စည်းကမ်းရှိတာသာ ဖြစ်ပါတယ်။

စည်းကမ်းရှိတာနဲ့ နှမြောတွန့်တိုတာနဲ့ မတူပါဘူး။ မကုန်သင့်တာ မကုန်အောင်၊ အလဟဿ ပြုန်းတီးမှုတွေ မဖြစ်အောင် ထိန်းသိမ်း စောင့်ရှောက်တာဟာ စည်းကမ်းရှိတာ ဖြစ်ပါတယ်။ သုံးသင့် သုံး ထိုက်ပေမယ့် မသုံးတာ၊ ပေးသင့် ပေးထိုက်ပေမယ့် မပေးတာ၊ အမှန် တကယ် လိုအပ်ပါလျက် ခြစ်ကုပ်စိစစ်လွန်းတာကြတော့ ကပ်စေးနဲ တာ ဖြစ်သွားပြီ။ နှမြောတွန့်တိုတာ ဖြစ်သွားပါပြီ။

ဝင်ငွေနဲ့ ထွက်ငွေ ညီညွတ်မျှတအောင် သုံးစွဲတာ ကောင်းပါ တယ်။ ဒါပေမယ့် ဘယ်တော့မှ ကိုယ့်လက်ထဲမှာ ငွေပိုငွေလျှံရယ်လို့ ကျန်ခဲ့မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဝင်လာသမျှ

ဝင်ငွေ တွေရဲ့ ပမာဏဟာ ထွက်သွားတဲ့ အသုံးစရိတ်တွေပမာဏနဲ့ ညီမျှနေ လို့ပါပဲ။

လူတိုင်း၊ မိသားစုတိုင်း၊ အိမ်ထောင်တိုင်းမှာ ထွက်လေ့ရှိတဲ့ အသုံးစရိတ်တွေကတော့ အများကြီးပါပဲ။

- သာရေး၊ နာရေး၊ လူမှုရေးအတွက် အသုံးစရိတ်တွေ၊
- အိမ်လခ (သို့) နေထိုင်စရိတ်တွေ၊
- ပေးဆောင်ရတဲ့ အခွန်အခတွေ၊
- မီးဖိုချောင်စရိတ် (စားစရိတ်)တွေ၊
- ကျန်းမာရေးအတွက် အသုံးစရိတ်တွေ၊
- ပျော်ရွှင်မှုနဲ့ အပန်းဖြေမှုအတွက် သုံးငွေ၊ ဖြုန်းငွေတွေ၊
- စျေးကြီး စားသောက်ဆိုင်၊ ကော်ဖီဆိုင်တွေမှာ သုံးငွေတွေ၊
- ကွမ်းယာ၊ ဆေးလိပ်၊ လက်ဖက်ရည် စတဲ့ အသုံးစရိတ်တွေ၊
- ကျောင်း၊ သင်တန်း စတဲ့ ပညာရေးအတွက် သုံးငွေတွေ၊
- အဝတ်အထည်နဲ့ အိမ်ထောင်ပရိဘောဂပစ္စည်း ဝယ်ယူမှုတွေ၊
- ဖိမ်ခံပစ္စည်းတွေနဲ့ အပိုပစ္စည်းတွေ၊
- အရက်၊ မူးယစ်ဆေးဝါး၊ အပျော်အပါးအတွက် သုံးငွေတွေ၊
- ငွေကုန်ကြေးကျများတဲ့ ကစားနည်းတွေ၊ လောင်းကစားတွေမှာ သုံးတဲ့ငွေတွေ စသည်ဖြင့် ကုန်စရာ၊ ထွက်စရာ ငွေတွေကတော့ အများကြီးပါပဲ။

ဒီအသုံးစရိတ်တွေ ကာမိအောင်လည်း လူတိုင်း ငွေတွေကို ရှာဖွေနေကြရပါတယ်။ ငွေရှာတာ ဘယ်လောက်တော်တော်၊ ဝင်ငွေ တွေ ဘယ်လောက်များများ၊ ဒီလို အသုံးစရိတ် ထွက်ငွေတွေများနေရင် တော့ ငွေကြေးတိုးပွားလာစရာအကြောင်း မရှိပါဘူး။

ဒါကြောင့် ဘယ်ကဏ္ဍတွေဟာ ကိုယ့်အတွက် တကယ် လိုအပ် တဲ့ အသုံးစရိတ်တွေလည်း လျှော့ချရမယ့် အသုံးစရိတ်တွေက ဘာ တွေလည်း၊ ဘယ်ကဏ္ဍအတွက် ဘယ်လောက် ငွေကိုပဲ သုံးမယ် စသည်ဖြင့် စီစဥ်ထားဖို့ လိုပါတယ်။ အကြံပေးလိုတာကတော့ အသုံး စရိတ် မှတ်တမ်းထားပါ။ အကြောင်းတစ်ခုခုကြောင့် ငွေကို သုံးလိုက် ရရင် အသုံးစရိတ် မှတ်တမ်းထဲမှာ ထည့်သွင်းပါ။ လကုန်ရင် အသုံး စရိတ်စာရင်းချုပ်ပါ။ ပြန်လည်စစ်ဆေးပါ။ ကိုယ်ရှာဖွေရရှိလာတဲ့ ဝင်ငွေ တွေထက် ကိုယ်သုံးစွဲတဲ့ အသုံးစရိတ်ထွက်ငွေတွေက ပိုများနေမယ် ဆိုရင် ငွေကြေး အောင်မြင်မှုပန်းတိုင်နဲ့ ဝေးနေဦးမှာဖြစ်ပါတယ်။

**** ****

## ငွေကြေးအသိဉာဏ်တိုးမြှင့်ဖို့ မေးခွန်းလေးတွေ ဖြေကြည့်ပါဦး။

၁။ အသုံးစရိတ်နဲ့ အဖြုန်းစရိတ်တွေကို သေချာစီမံခန့်ခွဲတဲ့ အလေ့အကျင့် သင့်မှာရှိပါသလား။

ရှိ .............. ။ မရှိ ............... ။

၂။ ကိုယ့်ရဲ့ လစဉ်အသုံးစရိတ်ကဏ္ဍကို ဂရုတစိုက်နဲ့ အမြဲစစ်ဆေးပြီး ထိန်းသိမ်းမှု အလေ့အထ ရှိပါသလား။

ရှိ .............. ။ မရှိ ............... ။

၃။ မရှိသေးဘူးဆိုရင်တော့ ဒီနေ့ကစတင်ပြီး အသုံးစရိတ်ကို စီမံခန့်ခွဲဖို့ အမှန်တကယ် ဆန္ဒရှိပါသလား။

ဟုတ် ............... ။ မဟုတ် ............... ။

၄။ သင့်ရဲ့ လစဉ် အသုံးစရိတ်တွေက ဘာတွေပါလဲ။ စုစုပေါင်း လစဉ်ကုန်ကျစရိတ် ဘယ်လောက်ရှိပါသလဲ။

၁) ...................... = ............... ကျပ်

၂) ...................... = ............... ကျပ်

၃) ...................... = ............... ကျပ်

၄) ...................... = ............... ကျပ်

၅) ...................... = ............... ကျပ်

စုစုပေါင်း လစဉ်အသုံးစရိတ်= ............... ကျပ်


ကြွေးတင်ခြင်းသည်
ငွေထောင်ချောက်တွင်
ပိတ်မိခြင်းသာတည်း ။

## အခန်း(၈)

# အကြွေးတွေကို အပြတ်ရှင်းပစ်ပါ

လူမှန်ရင် အကြွေးနဲ့မကင်းဘူးဆိုသလိုပါပဲ။ ကျွန်တော်တို့ အားလုံးဟာ အကြွေးနဲ့ တစ်နည်းမဟုတ် တစ်နည်းတော့ ပတ်သက်ဖူးကြတဲ့သူတွေပါ။ လူတစ်ဦးခြင်းစီဖြစ်စေ၊ အဖွဲ့အစည်းအနေနဲ့ဖြစ်စေ၊ နောက်ဆုံး တိုင်းပြည်နိုင်ငံအနေနဲ့ ဖြစ်စေလိုအပ်ရင် အကြွေးကို အသုံးချရတာပါပဲ။

အကြွေးယူတာ ကောင်းသလား၊ မကောင်းဘူးလားဆိုတာကတော့ ဘယ်လို အသုံးချမလဲ၊ ဘယ်လို စီမံခန့်ခွဲမလဲဆိုတဲ့အပေါ်မှာ အများကြီး မူတည်ပါတယ်။ အကြွေးကြောင့် ကြီးပွားချမ်းသာသွားနိုင်သလို အကြွေးကြောင့် ဆင်းရဲမွဲတေ ဘဝပျက်သွားနိုင်ချေလည်း ရှိပါ တယ်။

ငွေကြေးအောင်မြင်မှုပန်းတိုင်ဆီကို စတင်ချီတက်တော့မယ်ဆိုရင် အရင်ဆုံးလုပ်ရမှာက ကိုယ့်မှာရှိတဲ့ အကြွေးတွေကို အရင်ဆုံး ရှင်းပစ်ဖို့ပါပဲ။ အကြွေးရှိတယ်ဆိုတာ ကိုယ့်လည်ပင်း ကိုယ် ကျောက်ဆူး ကြိုးဆွဲထားသလိုပါပဲ။ "ကြွေးတင် နွံနစ် ကျွန်ဖြစ်"ဆိုတဲ့ စကားလည်းရှိပါတယ်။ အကြွေးဆိုတဲ့အရာက နွံလိုပဲ အောက်ကိုဆွဲချတတ်တဲ့

သဘောရှိပါတယ်။ အောက်ကို နစ်မသွားအောင် ကိုယ်က ထိန်းထားနိုင်တယ်ဆိုရင်တောင်မှ စိတ်ပူပင်ကြောင့်ကြမှုကို ဖြစ်စေပါတယ်။

ကြွေးသက်ရှည်တာဟာ ကျွန်သက်ရှည်တာနဲ့ အတူတူပါပဲ။ ယူထားတဲ့အကြွေးတွေကို ပြန်မဆပ်နိုင်သေးသရွေ့ 'အတိုး'တွေက တော့ တဖြည်းဖြည်း တက်လာမှာပါပဲ။ ဒီအတိုးတွေကို ပေးဆပ်ရတဲ့သူအတွက် ငွေကြေးဆိုင်ရာ အားအင်တွေ ချည့်နဲ့စေမှာမလွဲပါဘူး။ ဒီတော့ အကြွေးတွေကို အမြန်ဆုံးဆပ်နိုင်ဖို့ အရေးကြီးပါတယ်။ အကြွေးတွေကို အကျေဆပ်လိုက်နိုင်ခြင်းဟာ ကိုယ့်အပေါ်ပိနေတဲ့ ဝန် ထုပ် ဝန်ပိုးကို ရှင်းပစ်လိုက်တာနဲ့အတူတူပါပဲ။ ဝန်မပိလေလေ လှုပ် ရှားရတာ လွတ်လပ်လေလေပါပဲ။

ဒါကြောင့် ကိုယ့်မှာ ပေးဆပ်စရာ အကြွေးတွေရှိနေရင် ဘယ်လောက်ရှိသလဲဆိုတာ ချရေးပြီး စာရင်းလုပ်လိုက်ပါ။ အကြွေးတွေ ဆပ်စရာ အများကြီးပဲဆိုပြီး စိတ်ညစ်ညူးနေမယ့်အစား အကြွေးတွေကို အကျေဆပ်နိုင်မယ့် အစီအစဉ် (Plan) ကို ရေးဆွဲလိုက်တာက ပိုပြီး လက်တွေ့ဆန်မယ်လို့ ထင်ပါတယ်။

ရှိနေတဲ့အကြွေးက ဘယ်လောက်လဲ၊ ဘယ်ပုံ ဘယ်နည်းနဲ့ ပေးဆပ်မလဲ၊ လစဉ် ဘယ်လောက်ပြန်ဆပ်နိုင်မလဲ၊ ဘယ်လောက် ကြာကြာ ပေးဆပ်ရမလဲ၊ အမြန်ဆုံး အကြွေးကျေနိုင်မယ့် နည်းလမ်း ဘာရှိသလဲ စတာတွေကို စဉ်းစားစီစဉ်ရမှာ ဖြစ်ပါတယ်။

ချေးငွေနဲ့ အကြွေးတွေအားလုံးကို အပြတ်ရှင်းနိုင်ပြီဆိုရင်တော့ စိတ်လက်ပေါ့ပါးပြီး ရှာဖွေရသမျှငွေတွေဟာ သူများအတွက် မဖြစ်တော့ပါဘူး။ ငွေကြေးအောင်မြင်မှုပန်းတိုင်ဆီကို လွတ်လပ်ပေါ့ပါးတဲ့ စိတ်တွေနဲ့ ချီတက်ဖို့ လမ်းပွင့်သွားပြီပဲ ဖြစ်ပါတယ်။

ကြွေးမြီကင်းတဲ့ ဘဝဟာ ဘယ်လောက် စိတ်လက် ပေါ့ပါးသလဲ ဆိုတာ အကြွေးတွေ အားလုံးကျေသွားရင် ကိုယ်တိုင် ခံစားသိရှိရမှာပါ။ ဒီလိုအကြွေးတွေ ကင်းရှင်းပြီးတဲ့နောက် အကြွေးထပ်အတင်ခံချင်သေး ပါသလား။

ဒါပေမယ့် အထူးအခွင့်အရေးတစ်ရပ်အဖြစ် အတိုးပေးစရာ မလိုတဲ့ ချေးငွေ ဒါမှမဟုတ် အသက်သာဆုံးအတိုးနဲ့ ချေးငွေရပြီး အကျိုးအမြတ်ဖြစ်ထွန်းစေမယ့် စီးပွားရေးလုပ်ငန်းတွေ၊ ရင်းနှီးမြှုပ်နှံမှု တွေ လုပ်တာကိုတော့ အသိအမှတ်ပြုပါတယ်။ ဒါပေမယ့် 'အကြွေး' ဆိုတာ မီးနဲ့ကစားရသလို အန္တရာယ်ကြီးမားတယ်ဆိုတာကတော့ လုံးဝ မမေ့သင့်ပါဘူး။ စွန့်စားမှုကို ကြိုက်နှစ်သက်တယ်ဆိုရင်တော့ အကြွေး ကို ခုတုံးလုပ်ပြီး ငွေကြေးအောင်မြင်မှုဆီကို တက်လှမ်းဖို့ကို အားပေး ပါတယ်။

လူတွေအများစု အကြွေးယူကြတယ်ဆိုကတည်းက ငွေကြေး တစ်စုံတစ်ရာ လိုအပ်လို့သာဖြစ်ပါတယ်။ ကိုယ့်လက်ထဲမှာ ငွေကြေး လုံလောက်မှုရှိနေရင် အကြွေးယူစရာမလိုပေမယ့် အကြောင်းအမျိုးမျိုး ကြောင့် ငွေလိုအပ်လာရင်တော့ ငွေကြေးကို ပုံစံအမျိုးမျိုးနဲ့ ချေးယူကြ တော့တာပါပဲ။

ဒီယူထားတဲ့ ချေးငွေတွေကို ကိုယ်က စားဝတ်နေရေးအတွက် သုံးစွဲမှာလား၊ ဖိမ်ခံပစ္စည်းတွေ ဝယ်ပစ်မှာလား၊ လောင်းကစားလုပ်မှာ လား၊ စီးပွားရေးလုပ်မှာလား၊ မိသားစု ကျန်းမာရေး၊ ပညာရေးတွေမှာ သုံးမှာလားဆိုတာတော့ စဉ်းစားရမှာပါပဲ။ ကိုယ်ယူတဲ့ အကြွေးဟာ အကြွေးကောင်းလား၊ အကြွေးဆိုးလားဆိုတာ သိသင့်ပါတယ်။ အကြွေးဆိုးဟာ သုံးဖို့ ဖြုန်းဖို့ ယူတဲ့ချေးငွေပါ။ အကြွေးကောင်းကတော့

ကိုယ့်ကို ချမ်းသာစေဖို့အတွက် ယူတဲ့ချေးငွေပါ။

လုပ်ငန်းတစ်ခု စတင်လုပ်ကိုင်ဖို့ လက်ရှိလုပ်ငန်းကို တိုးချဲ့ဖို့ ငွေအရင်းအနှီးတွေ လိုအပ်တဲ့လုပ်ငန်းရှင်တွေဟာလည်း ချေးငွေတွေကို ပုံစံအမျိုးမျိုးနဲ့ ယူကြပါတယ်။ အသိမိတ်ဆွေတွေဆီက ငွေချေးတယ်၊ ဘဏ်တွေကနေ ချေးငွေယူတယ်။ ဒါပေမယ့် အကြွေးနဲ့ လုပ်ငန်းလည်ပတ်နေရတာ အလွန်အန္တရာယ်များပါတယ်။ စီမံခန့်ခွဲမှု ညံ့ဖျင်းလို့၊ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းအရှုံးပေါ်လို့ဆိုရင်တော့ လုပ်ငန်းဖျက်သိမ်းရဖို့ ရာခိုင်နှုန်းများပါတယ်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ ဘဏ္ဍာငွေတွေ ပြည့်စုံလုံလောက်တဲ့အခါ ဆောင်ရွက်စရာကိစ္စတွေကို ဆောင်ရွက်နိုင်ကြပေမယ့် ဘဏ္ဍာငွေ လုံလောက်မှုမရှိတဲ့အခါ အဲဒီတိုင်းပြည် နိုင်ငံဟာ လူတွေလိုပဲ ကိုယ်ရင်းနှီးကျွမ်းဝင်မှုရှိရာ တခြားနိုင်ငံတွေဆီကနေ ချေးငွေကို ယူကြရပါတယ်။

ဒီယူထားတဲ့ ချေးငွေနဲ့ပဲ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေဖို့ စီးပွားရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး စတာတွေမှာ အသုံးချတာ၊ လမ်းတွေ၊ တံတားတွေ၊ သယ်ယူပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးလုပ်ငန်းတွေမှာ အသုံးပြုတာ၊ စက်ရုံကြီးတွေ၊ ဆည်မြောင်းတာတမံကြီးတွေ တည်ဆောက်တာ စတဲ့ လိုအပ်မှုရှိတဲ့နေရာတွေမှာ သုံးစွဲရတာတွေ ရှိပါတယ်။ ဒီလို တိုးတက်အောင်ကြိုးစားလုပ်ဆောင်ပြီး တိုင်းပြည်ဝင်ငွေတိုးတက်လာမှ မြီရှင်နိုင်ငံတွေရဲ့ အကြွေးတွေကို ပြန်ဆပ်ပေးနိုင်မှာပါ။

အကြောင်းအမျိုးမျိုးကြောင့် တိုင်းပြည်စီးပွားရေးတွေ ကျဆင်းသွားမယ်ဆိုရင် ဝင်ငွေ ထွက်ငွေတွေဟာ အချိုးမညီမျှတော့ဘဲ ယူထား

တဲ့ အကြွေးတွေကို ပြန်ဆပ်နိုင်ဖို့ တော်တော် ခဲယဉ်းသွားမှာဖြစ်ပါတယ်။ အကြွေးတွေ များသထက် များလာ၊ အကြွေးထဲမှာ နစ်သထက် နစ်လာတဲ့ နိုင်ငံတစ်ခုဟာ လျော့ရင်းနစ်နေတဲ့ နိုင်ငံဖြစ်လာတတ်ပါ တယ်။ နောက်ဆုံး အကြွေးတွေ မဆပ်နိုင်တဲ့အဆုံး တိုင်းပြည်ပိုင်ဆိုင်မှု တွေကို ထုတ်ရောင်းရတာတွေ၊ နည်းအမျိုးမျိုးနဲ့ ရောင်တိမ်းနေတာ တွေ၊ အနည်းအကျဉ်းသာ ပေးဆပ်နိုင်တာတွေဟာ နိုင်ငံအတွက် ကမ္ဘာ့အလည်မှာ မျက်နှာပျက်စရာမျိုးတွေ ဖြစ်သွားတတ်ပါတယ်။

အဓိကအရေးကြီးတာကတော့ **"အကြွေးရဲ့ကျေးကျွန်"** မဖြစ်စေဘဲ **"အကြွေးရဲ့ အရှင်သခင်"**ဖြစ်အောင်လုပ်ဖို့ပါပဲ။ ငွေကြေးကို ကောင်းစွာ စီမံခန့်ခွဲနိုင်တဲ့ ပညာမရှိဘဲနဲ့ အကြွေးကို ကောင်းကောင်း ထိန်းချုပ်နိုင်ဖို့ဆိုတာ ခက်ပါလိမ့်မယ်။ ကိုယ်နိုင်မယ်ထင်ရင်တော့ လုပ်နိုင်ပါတယ်။ ကိုယ်က မဟန်ရင်တော့ အကြွေးက ကိုယ့်ကိုနိုင်သွားပါလိမ့်မယ်။ အကြွေးက နိုင်သွားပြီဆိုရင်တော့ လုံးပါးပါးတော့မှာပါပဲ။

ဒီတော့ အကြွေးဆိုတာ သင့်ရဲ့ ငွေကြေးဆိုင်ရာ ဉာဏ်ရည် (Financial IQ) ပေါ်မှာမူတည်ပြီး "အကောင်းဆုံး မိတ်ဆွေ"ဖြစ်နိုင်သလို "အဆိုးဆုံးရန်သူ"လည်း ဖြစ်နိုင်တယ်ဆိုတာ အမြဲ နှလုံးသွင်းထားဖို့လိုပါတယ်။

ဘယ်လိုအကြောင်းပြချက်နဲ့ အကြွေးယူတာဖြစ်စေ နောက်ဆုံးမှာတော့ အတိုးရော အရင်းပါ ပေးဆပ်ရမှာပဲ ဖြစ်ပါတယ်။ အကြွေးကင်းရင် စိတ်ရှင်းတယ်၊ စိတ်ရှင်းရင် ဘဝလည်း ရှင်းမှာဖြစ်ပါတယ်။ ဖြစ်နိုင်ရင်တော့ အကြွေးလုံးဝမရှိတာဟာ အကောင်းဆုံးပါပဲ။ ရှိနေရင်လည်း ဒီနေ့ကစတင်ပြီး စီမံကိန်းဆွဲကာ အပြတ်ရှင်းပစ်ဖို့ တိုက်တွန်းလိုပါ၏

FutureWave Publishing House

## အကြွေးဆိုင်ရာ အသိဉာဏ်ဖြင့် မေးခွန်းလေးတွေ ဖြေကြည့်ပါဦး။

၁။ အကြွေးယူတာ ကောင်းသလား၊ မကောင်းဘူးလားဆိုတာ သင့်ထင်မြင်ချက်အတိုင်းပြောပြပါ။

ကောင်း ................. ။ မကောင်း ................. ။

၂။ အကြွေးကောင်းနဲ့ အကြွေးဆိုး ဆိုပြီး ၂ မျိုးရှိတာကို သိရှိပြီးဖြစ်မှာပါ။ ဘာတွေ ကွာခြားပါသလဲ။

၁) အကြွေးကောင်းဆိုတာ ..............................

၂) အကြွေးဆိုးဆိုတာ ..............................

၃။ သင်ယူထားတဲ့ အကြွေးတွေရှိပါသလား။ အကြွေးတင်နေပါသလား။

ရှိ ..................... ။ မရှိ ..................... ။

၄။ သင်ပေးရန်ရှိတဲ့ အကြွေးစာရင်းတွေကို ချရေးပါ။ စုစုပေါင်းအကြွေး သင့်မှာ ဘယ်လောက်ရှိပါသလဲ။

၁) ........................ = ............. ကျပ်

၂) ........................ = ............. ကျပ်

၃) ........................ = ............. ကျပ်

စုစုပေါင်းပေးရန်ရှိသောအကြွေး = ............. ကျပ်

၅။ သင့်မှာ တင်ရှိနေတဲ့ အကြွေးတွေဟာ အကြွေးကောင်း တွေလား၊ အကြွေးဆိုးတွေလား။ ရန်သူတွေဖြစ်မလား၊ မိတ်ဆွေတွေ ဖြစ်မလား။

..........................................................

၆။ အကြွေးတွေကို အကျေဆပ်နိုင်ဖို့ သင့်မှာ အစီအစဉ်ရှိ ပါသလား။

ရှိ ....................... ။ မရှိ ....................... ။

၇။ ချေးငွေအကြွေးတွေ ယူဖို့ သင့်မှာ အစီအစဉ်ရှိပါသလား။

ရှိ ....................... ။ မရှိ ....................... ။

၈။ ချေးငွေ ဘယ်လောက်ယူချင်ပါသလဲ။ ဘာအတွက် ချေးငွေယူမှာလဲ။ ဘယ်လိုအသုံးချမလဲ။

..........................................................


ငွေဖြင့် ပျော်ရွှင်မှုကို
ဝယ်ယူ၍
မရနိုင်သော်လည်း
ငွေသည်
ပျော်ရွှင်အောင်
ကူညီနိုင်ပါသည်။

အခန်း(၉)

# လိုချင်တာတွေ ဝယ်နိုင်ဖို့ ငွေကြေးအစီအစဉ်

လူတွေအားလုံးမှာတော့ လိုချင်တဲ့အရာတွေ၊ လိုအပ်တဲ့အရာတွေ အများကြီးရှိနေမှာပါ။ ဒါတွေကို ဝယ်ယူနိုင်ဖို့အတွက် ငွေကြေးဆိုတာ လိုအပ်ပါတယ်။ ကိုင်တွယ် ထိတွေ့လို့ရသမျှ အရာဝတ္ထုတိုင်းကို ငွေနဲ့ဖလှယ်ယူရပါတယ်။ ငွေဟာ ကျွန်တော်တို့လိုချင်တဲ့ပစ္စည်းတွေကို သယ်ဆောင်ပေး လာနိုင်စွမ်းရှိပါတယ်။ အချစ်တွေ၊ မေတ္တာတွေ၊ ကြင်နာမှုတွေ၊ နားလည်မှုတွေ စတဲ့ ထိတွေ့ကိုင်တွယ်လို့မရတဲ့အရာတွေကိုတော့ ငွေနဲ့ ဝယ်ယူနိုင်မှာ မဟုတ်ပါဘူး။

ကိုယ်ပိုင်ဆိုင်ချင်တဲ့ ပစ္စည်းတွေကို ဝယ်ယူနိုင်ဖို့အတွက် ငွေကြေး ဆိုင်ရာ ပန်းတိုင်တွေ ချမှတ်တတ်ဖို့ လိုပါတယ်။ ရေတို၊ ရေလတ်၊ ရေရှည် စတဲ့ ပန်းတိုင်တွေ အသီးသီးရှိပါတယ်။ ရေတိုပန်းတိုင်တွေ အတွက် ငွေကြေးစီမံကိန်းချမှတ်ရတာ လွယ်ကူမှာပါ။ ဒါကတော့ အသေးစား ပိုင်ဆိုင်ချင်တဲ့ပစ္စည်းတွေ ဝယ်ယူနိုင်ဖို့ပါ။ ရှူးဖိနပ်တစ်ရံ၊ ကုတ်အင်္ကျီတစ်ထည်၊ ဖုန်းဟန်းဆက် အသစ်တစ်လုံး၊

ကွန်ပျူတာ တစ်လုံး စတဲ့ အသေးစား အိပ်မက်ပန်းတိုင်လေးတွေပေါ့။ ဒါတွေကို ဝယ်ယူနိုင်ဖို့အတွက် ငွေကြေးစီမံကိန်းလေးတွေ ချမှတ်ပါ။

- ကိုယ်ဝယ်ယူ ပိုင်ဆိုင်ချင်တဲ့အရာက ဘာလဲ။
- ဘယ်လောက် ဈေးနှုန်းတန် ဝယ်မှာလဲ။
- ဒီအရာကို ဘယ်တော့ ဝယ်ယူမှာလဲ။
- လုံလောက်တဲ့ ငွေကြေးတစ်စုံတစ်ရာ ရှိသလား။
- လိုငွေဘယ်လောက်ရှိသလဲ။ ဘယ်နည်းနဲ့ ဖြည့်မလဲ။
- တစ်လ ဘယ်လောက် စုဆောင်းရမလဲ စတာတွေ ချတွက်ပြီး စီစဉ်ထားဖို့ လိုပါတယ်။

အလတ်စား ဝယ်ယူပိုင်ဆိုင်ချင်တဲ့ အရာတွေအဖြစ် ကိုယ်စီးချင်တဲ့ ကား၊ ကိုယ်ပိုင်ဆိုင်ချင်တဲ့ အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ ကိုယ်ပိုင် ဖွင့်ချင်တဲ့ ဆိုင်ခန်း၊ အသေးစား စီးပွားရေး လုပ်ငန်း စတာတွေအတွက် ပန်းတိုင်ချမှတ်တာကတော့ ရေလတ် စီမံကိန်းပဲ ဖြစ်ပါတယ်။ အိမ် တစ်လုံးပိုင်ဆိုင်ချင်တယ် ဆိုရုံမျှဟာ အိပ်မက်ဆန္ဒသက်သက်သာ ဖြစ်ပါတယ်။ ပန်းတိုင် မဟုတ်သေးပါဘူး။

- ဘယ်လိုအိမ်မျိုး လိုချင်တာလဲ၊
- ဘယ်နေရာမှာ လိုချင်တာလဲ၊
- ကိုယ်လိုချင်တဲ့အိမ်က ဘယ်လောက်တန်ဖိုးရှိသလဲ၊
- ဝယ်ဖို့ ငွေကြေးပမာဏကို ဘယ်လိုနည်းနဲ့ရအောင် ကြိုးစားအားထုတ်မလဲ၊
- ဒီအိမ်ကို ဝယ်ယူနိုင်ဖို့အတွက် ကာလဘယ်လောက် ကြာနိုင်မလဲ၊
- ဒီအိမ်ကို ဝယ်နိုင်ဖို့ အခွင့်အလမ်းတွေ ကိုယ့်မှာ ဘာ ရှိသလဲ၊

တိကျရေရာတဲ့ အချက်အလက်တွေ လိုအပ်ပါတယ်။ စီမံကိန်းတွေလိုပါတယ်။ ဒီလို တိကျသေချာမှုရှိမှသာ ပန်းတိုင်တစ်ခု ဖြစ်လာမှာပါ။

လိုချင်တာဝယ်နိုင်ဖို့ဆိုရင်တော့ ရည်မှန်းချက်ထားပါ။ ကြိုးစားပါ။ နည်းမှန် လမ်းမှန် ကြိုးစားဖို့လည်း အရေးကြီးပါတယ်။ ဖြတ်လမ်းနည်းမလိုက်ပါနဲ့။ ဒုစရိုက်အလုပ်တွေလည်း ရှောင်ပါ။ သမ္မာအာဇီဝကျတဲ့ ငွေကိုရှာပါ။ စည်းကမ်းရှိရှိ စုဆောင်းပါ။ စီမံကိန်းချပါ။ ပြီးရင် တစိုက်မတ်မတ် အကောင်အထည်ဖော်ပါ။ ကိုယ်လိုချင်တာ ဝယ်နိုင်ရမယ်ဆိုတဲ့ ယုံကြည်ချက်ထားပါ။

## သတိပြုစရာ

ကိုယ်လိုချင်တာကို ပစ္စည်း၊ ဝယ်ယူချင်တဲ့အရာဟာ ကိုယ့်အတွက် အကျိုးရှိ မရှိ စဉ်းစားဆုံးဖြတ်ပါ။ တကယ်လို အပ်၊ မလိုအပ် ဝေဖန်သုံးသပ်ပါ။ တွေ့သမျှပစ္စည်း လိုချင်တိုင်းသာ ဝယ်ယူနေမယ် ဆိုရင်တော့ မဖြစ်သေးပါဘူး။ လူတိုင်းမှာ လိုချင်တဲ့အရာတွေက နည်းတာမှမဟုတ်တာ။ လက်ရှိမှာ ကိုယ်တကယ်မလိုအပ်တဲ့ ပစ္စည်း တွေကိုဝယ်ယူနေရင် အနာဂတ်မှာ ကိုယ်တကယ်လိုအပ်တဲ့ပစ္စည်း တွေကို ရောင်းထုတ်ပစ်ရတတ်တယ်လို့ သူဌေးကြီး ဝါရင်းဘူဖတ်က သတိပေးခဲ့ဖူးပါတယ်။

တချို့ပစ္စည်းတွေဟာ ဝယ်ယူသူတွေကို အကျိုးရှိစေပါတယ်။ တချို့ပစ္စည်းတွေကတော့ ဝယ်ယူသူတွေရဲ့ ငွေကို သဲထဲရေသွန်သလို ဖြစ်စေပါတယ်။ ဘာမှ အကျိုးမပေးပါဘူး။ ဒါကြောင့် မဝယ်ခင် ကြိုတင် စဉ်းစားဖို့လိုပါတယ်။ ကိုယ့်အတွက် အမှန်တကယ်လည်း

လိုအပ်တယ်၊ အသုံးလည်းဝင်တယ်၊ ရှိလည်း ရှိသင့်တယ်ဆိုရင် ဝယ်ယူနိုင်ဖို့ အစီအစဉ် ချလိုက်ရုံပါပဲ။

အရေးကြီးတဲ့အချက်က "ကိုယ်ဝယ်ချင်တာနဲ့ ကိုယ်ဝယ်နိုင်တာ"ကို ခွဲခြားသိဖို့ပါပဲ။ တစ်လဝင်ငွေ တစ်သိန်းသာရတဲ့ လူတစ်ယောက်ဟာ လောလောဆယ်မှာတော့ ကားဝယ်စီးနိုင်ဖို့ မဖြစ်သေးပါဘူး။ ကိုယ်မဝယ်နိုင်တာကို ဝယ်ချင်နေပြီး စိတ်ဆင်းရဲနေတဲ့သူတွေ တစ်ပုံကြီးပါ။ ဒီကိစ္စက စိတ်ထားနဲ့ အတွေးအခေါ်လွဲသွားရင် အန္တရာယ်ရှိပါတယ်။ ကိုယ်မတတ်နိုင်တာကို ဝယ်ချင်စိတ်နဲ့ ဒုစရိုက်သမားတွေ ဖြစ်ကုန်တယ်၊ မကောင်းတဲ့လမ်းများတွေ ရောက်သွားကြတဲ့ သာဓကတွေလည်း ကြားဖူးမှာပါ။

ဒီလိုဖြစ်ရမယ့်အစား ကိုယ့်အတိုင်းအတာ ကိုယ်သိပြီး မှန်ကန်တဲ့၊ အပြုသဘောဆောင်တဲ့ ရည်မှန်းချက်တွေ ထားရမှာ ဖြစ်ပါတယ်။ အခုမဝယ်နိုင်သေးပေမယ့် အနာဂတ်မှာ ဝယ်ယူနိုင်ဖို့ကိုတော့ ရည်မှန်းချက်ထားနိုင်ပါတယ်။ ဒါဟာ စိတ်ဓာတ်ကို တက်ကြွစေပါတယ်။ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးပါတယ်။

ဒီလို မှန်ကန်တဲ့ရည်မှန်းချက်ရှိလာတာနဲ့ တစ်ပြိုင်နက် လူဟာ အရင်ထက် အလုပ်ကို ပိုကြိုးစားလုပ်ကိုင်တော့မှာပါ။ ငွေကိုလည်း စနစ်တကျ သုံးစွဲစုဆောင်းပြီး စီးပွားရေး အခွင့်အလမ်းတွေကိုလည်း ရှာဖွေတော့မှာဖြစ်ပါတယ်။ အခက်အခဲတွေကို ဖြတ်ကျော်ပြီး ပန်းတိုင်ရောက်အောင်သွားမယ်ဆိုတဲ့ စိတ်ဓာတ်တွေ ပေါက်ဖွားလာမှာပါ။ ဒါဟာ သူ့ရည်မှန်းချက်ကပေးတဲ့ တွန်းအားတွေပါပဲ။

## ရေရှည်ပန်းတိုင်တွေ ချမှတ်ပါ

ရေရှည်ပန်းတိုင်တွေအတွက်ကတော့ လာမယ့် အနာဂတ် ၁၀ သက်တမ်းတစ်လျှောက်လုံးမှာ ကိုယ်ပိုင်ဆိုင်ချင်တဲ့ ပိုင်ဆိုင်မှုတွေ ဝယ်ယူနိုင်ဖို့၊ စီးပွားရေးလုပ်ငန်းတွေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့၊ ကိုယ့် ဘဝမှာ ဖြစ်ချင်တဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်နိုင်ဖို့ ဖြစ်ပါတယ်။

ရေရှည်ပန်းတိုင်ဆိုတဲ့အတွက် အငြိမ်းစားမီမံကိန်းတွေလည်း ပါဝင်မှာပါ။ ဘယ်အသက်အရွယ်မှာ အငြိမ်းစားယူမယ်၊ လောက အတွက် အကျိုးရှိစေမယ့် ဘာလုပ်ငန်းတွေ လုပ်ကိုင်မယ်၊ နောင်လာ နောက်သားနဲ့ သားသမီး မြေးမြစ်တွေအတွက် ဘာတွေ စီစဉ်ခဲ့ချင် တယ်။ ဒီတော့ လက်ရှိအချိန်က စတင်ပြီး အငြိမ်းစားစီမံကိန်းတွက် နှစ်ပေါင်းဘယ်လောက် ကြိုးစားမယ်၊ ဘာလုပ်ငန်းတွေ ဖန်တီးထား မယ် စတာတွေကို စီစဉ်ချမှတ်ထားဖို့ လိုအပ်ပါတယ်။

အိပ်မက်တွေ (Dreams)မှ တဆင့် ပန်းတိုင်(Goals) တွေကို တည်ဆောက်ဖို့လိုပါတယ်။ ပန်းတိုင်တွေဆီ ရောက်မှ အိပ်မက်တွေက မှန်ကန်လာမှာ မို့လို့ပါပဲ။ အိပ်မက်တွေက တဆင့် ပန်းတိုင်တွေဆီ ရောက်ဖို့ ဘာတွေလိုအပ်မလဲ၊ ဘယ်လို အခြေအနေရောက်ရင် အိပ် မက်တွေက မှန်ကန်လာနိုင်မလဲ၊ အဲလို အခြေအနေမျိုးရောက်ဖို့ ဘာတွေ လုပ်ဆောင်မလဲ သုံးသပ်ဖို့လိုပါတယ်။

ပန်းတိုင်ရောက်ဖို့အတွက် မောင်းနှင်ရမယ့် ယဉ်လိုပါတယ်။ ဘဝမှာ ကိုယ်ရောက်လိုတဲ့ ပန်းတိုင်တွေဆီ ပို့ဆောင်ပေးမယ့် ယာဉ် တွေကတော့ ရည်မှန်းချက် အိပ်မက်ဆိုတဲ့ ယာဉ်၊ စီမံကိန်းဆိုတဲ့ ယာဉ်၊ စွမ်းဆောင်ရည်ဆိုတဲ့ ယာဉ်၊ ငွေကြေးဆိုတဲ့

ယာဥ်တွေပဲ ဖြစ်ပါတယ်။ ဒီယာဥ်တွေကို ပိုင် ဆိုင်ဖို့အတွက် ဒီနေ့ကစပြီး ကြိုးပမ်း ပါ။ ပန်းတိုင်တွေကို တည်ဆောက်ပါ။ ကိုယ်ဘာလိုချင်တာလဲဆိုတာ သိပါ။ ငွေကြေး စုဆောင်းပါ။ အစွမ်းကုန်ကြိုးစားလုပ်ဆောင်ပါလို့ တိုက်တွန်းလိုက်ပါတယ်။

**** ****

## လိုချင်တာတွေ ဝယ်နိုင်ဖို့ မေးခွန်းလေးတွေ ဖြေကြည့်ပါဦး။

၁။ သင့်ဘဝမှာ လိုချင်တာတွေရှိတဲ့အခါ ဝယ်ယူပိုင်ဆိုင်နိုင်ဖို့ ရည်ရွယ်ချက်ထားပြီး ငွေကြေးအစီအမံ လုပ်လေ့ရှိသလား။

ရှိ ................... ။ မရှိ .................... ။

၂။ သင်လိုချင်တဲ့အရာတွေက ဘာတွေပါလဲ။ အမှန်တကယ် ဝယ်ယူပိုင်ဆိုင်လိုသောအရာ ၁၀ မျိုးကို ချရေးလိုက်ပါ။

| | |
|---|---|
| ၁) .................... | ၆) .................... |
| ၂) .................... | ၇) .................... |
| ၃) .................... | ၈) .................... |
| ၄) .................... | ၉) .................... |
| ၅) .................... | ၁၀) .................... |

၃။ သင်လိုချင်တဲ့ ဒီအရာတွေကို ဝယ်ယူပိုင်ဆိုင်နိုင်ဖို့ အစီ အစဉ်တွေ၊ စီမံကိန်းတွေ ရေးဆွဲဖို့ ဆန္ဒရှိပါသလား။

ရှိ ................... ။ မရှိ .................... ။

၄။ သင့်စီမံကိန်းတွေကို ဘယ်တော့ စတင်ရေးဆွဲပြီး အကောင်အထည်ဖော်မယ်လို့ စိတ်ကူးထားပါသလဲ။

အခုချက်ချင်း ............... ။ နောက်မှ ............... ။

ဘယ်တော့မှ စိတ်မကူး .............. ။


လေးလံနေသည့်
ပိုက်ဆံအိတ်
တစ်လုံးသည်
စိတ်နှလုံးကို
ပေါ့ပါးစေသည်။
အင်္ဂလိပ် စကားပုံ

အခန်း(၁၀)

# စိတ်ပြောင်းရင် အိတ်ဖောင်းမယ်

လူတွေအများစုဟာ တွေ့သမျှအလုပ်တွေ အားလုံးကို သိမ်းကျုံး လုပ်နေပေမယ့် ငွေကြေးအောင်မြင်မှုနဲ့ ဝေးနေကြပါတယ်။ တချို့ လူတွေကတော့ အလုပ်ကလေး နည်းနည်းပါးပါးနဲ့ မပင်မပန်းလုပ်ရပြီး ငွေတွေအများကြီး ရပြီးရင်း ရနေတာကိုလည်း တွေ့ကြရမှာပါ။ တချို့ တွေ ကြွေးလည်ပင်းနစ် နေချိန်မှာ တချို့တွေကတော့ ငွေပိုငွေလျှံတွေ သုံးမကုန်အောင် ဖြစ်နေကြတာကိုလည်း တွေ့ရမှာပါ။ ဒီလိုလူတွေ ငွေကြေးနဲ့ ပတ်သက်ပြီး ရလဒ်တွေ ကွာခြားနေတာဟာ ဘာကြောင့် လဲလို့ တွေးကြည့်ဖူးပါသလား။

တစ်ချိန်မဟုတ် တစ်ချိန်တော့ ဒီလို အတွေးမျိုး သင့်ခေါင်းထဲမှာ တွေးမိဖူးမှာ သေချာပါတယ်။ ငွေကြေးအရ ပူပင်သောက မရှိသူများကို ''သူတို့က ကံကောင်းလို့ အရင်းအနှီးတွေရှိလို့၊ အရင်းရှင်ကြီးတွေနဲ့ ပေါင်းထားလို့'' ထင်ကောင်း ထင်နေမှာပါ။ ဟုတ်ချင်လည်း ဟုတ်မှာ ပေါ့။ ဒါပေမယ့် သင်လည်း သူတို့လို ချမ်းသာနိုင်ကြောင်းကို ယုံကြည်

ထားလိုက်ပါ။ ငွေကြေးများ အဆက်မပြတ် စီးဝင်နေတဲ့ ဘဝမှာ နေနိုင်ရတဲ့ သူတစ်ယောက် ဖြစ်လာအောင် သင်လည်း လုပ်နိုင်ပါတယ်။

လူအများစု မချမ်းသာကြခြင်းဟာ နိုင်ငံရေးစနစ်ကြောင့်၊ အစိုးရရဲ့ စီးပွားရေး ပေါ်လစီတွေကြောင့်၊ အထက်လူကြီးတွေကြောင့်၊ ကုန် ဈေးနှုန်းကြီးမားခြင်းကြောင့်၊ အခွန်အခတွေ များလွန်းတာကြောင့် စတဲ့ ပြင်ပက သက်ရောက်မှုတွေကြောင့်လို့ အထင်ရောက်တတ်ကြပါတယ်။

အဓိကကတော့ ကိုယ့်ရဲ့ အတွင်းစိတ်အခြေအနေနဲ့ အတွေးအခေါ်တွေနဲ့ လုပ်ရပ်တွေနဲ့သာ သက်ဆိုင်ပါတယ်။ လူတွေဟာ သူတို့ လိုချင်တဲ့ ငွေကြေး အောင်မြင်မှုဘဝကို ရရှိဖို့ ခက်ခဲနေကြတာဟာ အတွေးတွေ၊ စိတ်အခြေအနေတွေနဲ့ လုပ်ဆောင်ချက်တွေကို နည်းမှန်လမ်းမှန် စနစ်တကျ အသုံးမချခြင်းကြောင့်သာ ခက်ခဲနေကြတာ ဖြစ်ပါ တယ်။

ဘဝမှာ ငွေကြေးအောင်မြင်မှုတွေရစေဖို့၊ ပျော်ရွှင်သာယာစေဖို့၊ အိပ်မက်တွေ အမှန်တကယ်ဖြစ်လာစေဖို့ အဖြေက ဘာလဲ။ ပြဿနာ ရှိရင် အဖြေဆိုတာ ရှိပါတယ်။ ဒီအဖြေတွေ အားလုံးဟာလည်း သင့်စိတ်ထဲမှာ ရှိနေပါတယ်။ ချမ်းသာကြွယ်ဝစေတာလည်း သင့် စိတ်ခံယူချက်ကြောင့်ဖြစ်ပြီး ဆင်းရဲခက်ခဲနေရတာဟာလည်း ဒီ စိတ်ကြောင့်ပဲ ဖြစ်ပါတယ်။ ''အိတ်ဖောင်းရင် စိတ်ပြောင်းတယ်''လို့ တချို့က ပြောကြပါတယ်။ အမှန်မှာတော့ **''စိတ်ပြောင်းမှ အိတ် ဖောင်း''**မှာ ဖြစ်ပါတယ်။

**ကြွယ်ဝစိတ်**

အောင်မြင်ရေး စိတ်ပညာရှင်တွေ နှစ်ပေါင်းများစွာ သုတေသနပြု လေ့လာခဲ့ပြီး သိရှိလာတဲ့ လျှို့ဝှက်ချက်တစ်ခုကတော့ ငွေကြေးခနဉ်စွာများ ကြွယ်ဝနေသူတွေနဲ့ ငွေကြေး အဆက်မပြတ် စီးဝင်နေသူ တွေဟာ အပြုသဘောဆောင်တဲ့ ကြွယ်ဝစိတ်ရှိကြောင်းကို သိရှိရ ပါတယ်။

ကြွယ်ဝစိတ်ဆိုတာကတော့ ငွေကြေးတွေ အမြဲတမ်းရှိနေလိမ့်မယ်လို့ ယုံကြည်နေတာဖြစ်ပါတယ်။ ငွေကို အလွယ်တကူ ရှာနိုင်ရမယ်၊ ငွေရှာဖို့နဲ့ ချမ်းသာကြွယ်ဝဖို့အတွက် အခွင့်အလမ်းတွေ တွေ့ကိုတွေ့လိမ့်မယ်လို့ ယုံကြည်နေခြင်းဖြစ်ပါတယ်။

ငွေကြေးအရ အောင်မြင်ဖို့ ခဲယဉ်းနေရခြင်းမှာ ကြွယ်ဝစိတ်ဖြစ်တဲ့ ယုံကြည်မှုအစား သံသယစိတ်ကိုသာ လက်ခံပွားများနေလို့ဖြစ်ပါတယ်။ **"ဖြစ်မှ ဖြစ်ပါ့မလား။ ဒီတစ်သက်တော့ ချမ်းသာနိုင်ပါ့မလား။ ငါဒီလောက် ကံမကောင်းနိုင်ပါဘူး"**ဆိုတဲ့ သံသယစိတ်တွေကို ဘယ်တော့မှ လက်မခံပါနဲ့။ ဒီလိုစိတ်မျိုးရှိနေခြင်းဟာ ကြွယ်ဝစိတ်ကို သတ်ပစ်လိုက်တာ ဖြစ်ပါတယ်။

လူအများ ပြောလေ့ရှိတဲ့ စကားတွေက ''ငွေရှာရတာခက်လိုက် တာ''တဲ့။ ဒါကလည်း ယုံကြည်မှု တစ်မျိုးပါပဲ။ ဘယ်လိုယုံကြည်မှု လည်း ဆိုတော့ ''ငွေဟာရှာဖို့ခက်တယ်''ဆိုတဲ့ တလွဲယုံကြည်မှု ဖြစ်ပါတယ်။

ဒီစိတ်ကို ပြောင်းဖို့ အထူးလိုအပ်ပါတယ်။ ဒီလိုသာ တလွဲယုံကြည်နေရင် ငွေရှာတဲ့အခါ အခက်အခဲတွေ အများကြီးတွေ့ရမှာပါ။ လူတစ်ယောက်ရဲ့စိတ်ဟာ ယုံကြည်မှုအပေါ် အခြေခံပြီး

အခြေအနေ တွေကို ဖြစ်လာဖို့ ဖန်တီးပေးတတ်ပါတယ်။

သင့်ယုံကြည်မှုဟာ သင့်အတွက် ကောင်းမလား၊ ဆိုးမလား ဆိုတာကို ဂရုမစိုက်ပါဘူး။ သင်ယုံကြည်တဲ့အတိုင်း သင့်ဘဝကိုလည်း ပြောင်းလဲပေးလိုက်မှာ ဖြစ်ပါတယ်။ သင့် ယုံကြည်မှုကိုသာ အပြု သဘော ကြွယ်ဝစိတ်အဖြစ် ပြောင်းလိုက်ပါ။ သင်ဖြစ်ချင်သလို ချမ်းသာကြွယ်ဝတဲ့ ဘဝအဖြစ်လည်း ပြောင်းလဲလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် သင် အိတ်ဖောင်းချင်ရင် စိတ်ပြောင်းလိုက်ဖို့လိုပါတယ်။

## အတွေးအခေါ်တွေ ဘောင်မချော်စေနဲ့

အတွေးတွေဟာ အရမ်းကို အစွမ်းထက်ပါတယ်။ ဆွဲအားလည်း ပြင်းပါတယ်။ တွေးရင် တွေးတဲ့အတိုင်း အမှန်တကယ် ဖြစ်ပေါ်လာတတ် ပါတယ်။ ဆင်းရဲတဲ့အတွေးတွေ တွေးနေရင် ဆင်းရဲစေလိမ့်မယ်။ ချမ်းသာတဲ့ အတွေးတွေတွေးရင် ချမ်းသာလာလိမ့်မယ်။ မှန်ကန်တဲ့ အတွေးတွေဟာ အောင် မြင်မှုအတွက် အင်မတန် အရေးကြီးပါတယ်။

အောင်မြင်မှု လျှို့ဝှက်ချက်ဟာ အတွေးတွေပေါ်မှာ မူတည်ပါ တယ်။ သင် ဘာတွေးနေတယ်ဆိုတာ သင့်ဘဝပါပဲ။ အခုလက်ရှိ တွေးနေတဲ့အရာဟာ အနာဂတ်မှာ ဖြစ်လာစေမယ့် အရာတွေပါပဲ။ ဒါကြောင့် သင့်အတွေးအခေါ်တွေ မှန်ကန်တည့်မတ်ဖို့ သတိထားရပါ လိမ့်မယ်။

သင့်မှာ ဖြစ်ချင်တဲ့အရာရှိရင် ဖြစ်နိုင်တာကိုပဲ တွေးနေရမှာ ဖြစ်ပါတယ်။ မဖြစ်နိုင်ပါဘူးလို့ မတွေးရပါဘူး။ ဖြစ်မှ ဖြစ်ပါ့မလားလို့ လည်း မတွေးသင့်ပါဘူး။ အောင်မြင်သူတွေရဲ့ လျှို့ဝှက်ချက်ကတော့ ဖြစ်ချင်တာတွေ ရှိလာရင် ''ဖြစ်နေပြီ''လို့ကို တွေးထားတာ

ဖြစ်ပါတယ်။

သူတို့တွေဟာ ဖြစ်ချင်လိုက်တာလို့တောင် မစဉ်းစား တော့ပါဘူး။ ဖြစ်နေပြီလို့ကို လက်ခံထားပြီး ယုံယုံကြည်ကြည်နဲ့ လုပ်ဆောင်စရာရှိတာတွေကို လုပ်ဆောင်သွားကြတာပါပဲ။ ဒါကြောင့် အောင်မြင်ချင်ရင် အောင်မြင်နေပြီလို့ကို ခံစားတွေးတောထားပါ။ ချမ်းသာချင်ရင်အခုပဲ ချမ်းသာနေပြီလို့ကို လက်ခံထားပါ။ ကျန်းမာရေးကောင်းချင်ရင် အခုပဲ ကျန်းမာနေပြီလို့ တွေးထားပါ။

ဘာပဲလုပ်လုပ် အတွေးဟာ အဓိကကျပါတယ်။ မှန်ကန်တဲ့ အတွေးဟာ သင့်ဘဝကို မှန်ကန်တဲ့လမ်းကြောင်းပေါ် တင်ပေးမှာပါ။ အတွေးအခေါ်တွေ ဘေးချော်နေရင်တော့ သင့်ဘဝဟာလည်း လမ်းချော်သွားပြီး အောင်မြင်မှုနဲ့ ဝေးကွာသွားနိုင်ပါတယ်။

**** ****

## စိတ်ပြောင်းပြီး အိတ်ဖောင်းစေဖို့ မေးခွန်းလေးတွေ ဖြေကြည့်ပါဦး။

၁။ ချမ်းသာကြွယ်ဝခြင်း၊ အောင်မြင်ခြင်းဆိုတာ ကိုယ့်ရဲ့ အတွင်းစိတ်အခြေအနေနဲ့ အတွေးအခေါ်တွေနဲ့ လုပ်ရပ်တွေနဲ့ အများဆုံး သက်ဆိုင်တယ်ဆိုတာ လက်ခံပါသလား။

လက်ခံ ..............။ လက်မခံ ..............။

၂။ သင်ချမ်းသာမယ်လို့ သင့်ကိုယ်သင် လုံးဝ ယုံကြည်နေပါသလား။ ဒါမှမဟုတ် ချမ်းသာပါ့မလားလို့ သံသယ ဝင်နေတတ်သလား။

..................................................

၃။ သင်ယုံကြည်နေတဲ့အတိုင်း သင့်ဘဝဖြစ်လာမယ်၊ သင် တွေးနေတဲ့အတိုင်း သင့်ဘဝဖြစ်လာမယ်ဆိုတာ သင် သိပါသလား။

သိ ............... ။ မသိ ............... ။

၄။ ချမ်းသာကြွယ်ဝခြင်းနဲ့ ပတ်သက်လို့ သင့်ရဲ့ ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ်နဲ့ စိတ်နေ စိတ်ထားတွေ ဘယ်လိုရှိသလဲဆိုတာ ချရေးပြီး ဖော်ထုတ်ကြည့်ပါလား။

..................................................

..................................................

..................................................


အိတ်အတွင်းမှ
ငွေသည်
စိတ်အားငယ်ခြင်း နှင့်
စိတ်ဓာတ်ကျခြင်းကို
အဝေးသို့
မောင်းနှင်လိုက်
နိုင်သည်။

အခန်း(၁၁)

# ငွေတွေ ဘယ်လိုရှာကြမလဲ

လောကလူ့ဘောင်မှာ ငွေဟာ မရှိမဖြစ် လိုအပ်တဲ့အရာ တစ်ခု ဖြစ်လာတာနဲ့အမျှ ကမ္ဘာပေါ်ရှိ လူမျိုးစုံ၊ လူတန်းစားပေါင်းစုံဟာ တစ်နည်းမဟုတ် တစ်နည်းတော့ ငွေကိုရှာဖွေနေ ကြပါတယ်။ ငွေဟာ အရာခပ်သိမ်းဖြစ်တယ်လို့ ဆိုလို့မရပေမယ့် လူရယ်လို့ဖြစ်လာရင် ငွေရှာရမယ်ဆိုတာ သမိုင်းပေးတာဝန် တစ်ရပ်လိုပါပဲ။ ငွေမရှိရင် ရပ် တည်ဖို့ခက်ခဲပါတယ်။ စားဝတ်နေရေး ခက်ခဲနိုင်ပါတယ်။

ဒါကြောင့် လူသားအားလုံးဟာ ငွေရှာနေကြရတယ်။ ပညာ တတ်တွေလည်း ငွေရှာရသလို၊ ပညာမတတ်တဲ့သူတွေဟာလည်း ငွေရှာနေကြပါတယ်။ ဆင်းရဲသားတွေလည်း ငွေရှာသလို၊ သူဌေးကြီး တွေဟာလည်း ငွေရှာနေကြတုန်းပါပဲ။ လူငယ်လူရွယ်ကလေးတွေ တချို့ဟာလည်း ငွေရှာနေကြရသလို၊ လူလတ်လူကြီးတွေသာမက တချို့ သက်ကြီးရွယ်အိုတွေပါ ငွေရှာနေကြရတာကို နေ့စဉ် ဘဝတွေ မှာ မြင်တွေ့ရမှာပါ။

FutureWave Publishing House

ငွေရှိရင် ကျွန်တော်တို့လိုချင်တာ အတိုင်းအတာတစ်ခုအထိ ရအောင် လုပ်နိုင်ပါတယ်။ တခြားလူတွေကိုလည်း ကူညီနိုင်ပါတယ်။ ကိုယ်နဲ့ ကိုယ့်မိသားစုဘဝကိုလည်း တိုးတက်အောင် လုပ်ဆောင်ပေးနိုင်ပါတယ်။ ဒီတော့ ငွေတွေများများရရှိအောင် ဘယ်လိုရှာဖွေကြမလဲ။

လောကမှာ ငွေရှာနည်းတွေ အများကြီးရှိမှာပါ။ ဘယ်လောက်တောင်များမလဲ။ မရေမတွက်နိုင်ပါဘူး။ ခက်ခက်ခဲခဲ ရှာမှရတဲ့ နည်းတွေလည်း ရှိသလို၊ အလွယ်တကူရတဲ့နည်းတွေလည်း အများကြီးပါ။ မဖြစ်စလောက်ငွေလေးရတဲ့ အလုပ်တွေ ရှိသလို၊ မြောက်မြားစွာရတဲ့ နည်းတွေလည်း အများကြီးပါပဲ။ သေချာတာကတော့ လူတွေအားလုံးဟာ ငွေရှာနည်းကို ပညာရပ်တစ်ခုအနေနဲ့ လေ့လာလိုက်စားသူ အရမ်းနည်းလှပါတယ်။

ငွေရှာနည်းကို မသိတဲ့သူဟာ တစ်သက်လုံး လူမွဲဘဝနဲ့ နေထိုင်သွားရမှာပါ။ လူအများစုဟာ ငွေဘယ်လိုရှာရမလဲ ဆိုတာကို လေးလေးနက်နက် မစဉ်းစားကြဘဲ ဖြစ်သလိုရှာ၊ ရသလောက်သုံးပြီး ဘဝကို ကျေနပ်ရောင့်ရဲနေကြပါတယ်။ တချို့က ငွေမရှာတတ်၊ တချို့ကရှာတယ်၊ ရလည်း ရတယ်၊ ဒါပေမယ့် လောက်ငတဲ့ ငွေကြေးကို မရကြ။ တချို့ကျတော့ ပင်ပင်ပန်းပန်းကို လုပ်မှရကြတယ်။ တချို့တွေကျတော့ မပင်ပန်း၊ ငွေတွေ သောက်သောက်လဲ ရကြတယ်။ တချို့ ငွေရှာကောင်းတဲ့သူတွေက ချမ်းသာသွားကြတယ်။

ဒီလို အမျိုးမျိုး ကွဲပြားခြားနားနေကြတာဟာ ငွေရှာနည်းတွေ မတူကြလို့ ဖြစ်ပါတယ်။ ငွေရှာမယ်ဆိုပြီး အလုပ်ကိုပဲ အတင်းဖိလုပ်နေလို့ မဖြစ်၊ အတင်းဇွတ်ကြိုးစားနေလို့ မလုံလောက်ပါ။ ရွေးချယ်မှု မှန်ကန်ဖို့၊ အသိဉာဏ်ရှိဖို့၊ နည်းစနစ်ကျဖို့လည်း လိုပါတယ်။

လူတွေဟာ ငွေတော့ အများကြီး လိုချင်ကြပါတယ်။ ငွေရှာနည်းကို အချိန်ပေးလေ့လာဖို့တော့ မလုပ်ကြပါဘူး။ ဒါ့အပြင် ကျောင်းတွေ၊ တက္ကသိုလ်တွေကလည်း ငွေရှာနည်းဆိုပြီး သီးသန့် မသင်ပေးလိုက်ပါဘူး။

ပတ်ဝန်းကျင်မှာတွေ့နေရတဲ့ လူအများစုကတော့ သူတစ်ပါး ငွေရှာကောင်းရင် မနာလိုစိတ်သာ ပွားတတ်ကြပါတယ်။ ဘယ်ပုံ ဘယ်နည်းနဲ့ ဘယ်လို ကြိုးစားရှာသလဲဆိုတာ မစူးစမ်း မလေ့လာကြပါဘူး။ သူတို့က ကံကောင်းလို့နေမှာပါလို့ ကံကို ယိုးမယ်ဖွဲ့တတ်ကြပါတယ်။ ငါကိုယ်က ကုသိုလ်ကံ နည်းပါးနေပါလို့လည်း ညည်းတွားတတ်ကြတယ်။ ကံကိုပဲ အပြစ်တင်မနေဘဲ ဉာဏ်၊ ဝီရိယစိုက်လို့ ငွေရှာနည်းတွေကို သိရှိအောင် လေ့လာဆည်းပူးသင့်ပါတယ်။ ပြီးရင် ကိုယ်နဲ့ကိုက်ညီမယ့် အကောင်းဆုံး ငွေရှာနည်းကို ရွေးချယ်ပြီး လုပ် ဆောင်ရပါလိမ့်မယ်။

## ဝန်ထမ်းအလုပ်ဖြင့် ငွေရှာခြင်း

ကြီးပွားတိုးတက်လိုတဲ့ အရွယ်ရောက်ပြီး လူတိုင်းဟာ ငွေရှာခြင်းကို စတင်ချင်ကြပါတယ်။ ငွေရှာဖို့ စတင်စဉ်းစားတဲ့အခါမှာ ဘာကို စလုပ်ဖို့ စဉ်းစားကြပါသလဲ။ အများစုစတင် ကြတာကတော့ အလုပ်တစ်ခုရှာရမယ်၊ လစာကောင်းတဲ့ အလုပ်ဝင်လျှောက်ရမယ်။ အလုပ်ကောင်းရတော့ လစာကောင်းရတာပေါ့။ ဒါဟာ လူတိုင်းစဉ်းစားကြတဲ့ နည်းလမ်းပါ။ ဒါကြောင့် ကိုယ့်အရည်အချင်းနဲ့ ကိုက်ညီမယ့် အလုပ်တစ်ခုကို ရအောင်ရှာပြီး လခစားအဖြစ် ဝင်လုပ်ကြပါတယ်။ ဒါဟာလည်း ငွေရှာနည်းတစ်မျိုးပါပဲ။

ကိုယ်ရရှိတဲ့ အလုပ်က အောက်ခြေဝန်ထမ်းလည်း ဖြစ်နိုင်သလို ရာထူးကြီးဝန်ထမ်းလည်း ဖြစ်နိုင်ပါတယ်။ လစာဝင် ငွေကောင်းခြင်း၊ မကောင်းခြင်းဟာ အလုပ်ပေါ်မှာလဲ မူတည်သလို ရာထူးအဆင့် (Po-sition) ပေါ်မှာလဲ မူတည်ပါတယ်။ လစာအပြင် အခါအားလျော်စွာ ချီးမြှင့်တဲ့ ဆုကြေးတွေ၊ အခွင့်အရေးတွေတော့ ရနိုင်တာပေါ့။ အစိုးရ ဝန်ထမ်းဆိုရင် နောင်ရေးအတွက် ပင်စင်လစာပါ ရနိုင်ပါသေးတယ်။ ဒါ့အပြင် အလုပ်ထဲကပေးတဲ့ အသိပညာ၊ အတွေ့အကြုံနဲ့ အဆက်သွယ်ကောင်းတွေလည်း ရနိုင်ပါတယ်။

အများစုကတော့ လစာနဲ့ အခွင့်အရေးပိုပေးတဲ့ အလုပ်မျိုးကို ရှာဖွေဝင်ရောက် လုပ်ကိုင်လေ့ရှိကြပါတယ်။ လုပ်ရတာ အဆင်မပြေလို့၊ ပင်ပန်းလို့၊ လစာမလောက်လို့၊ အလုပ်ရှင်နဲ့ အဆင်မပြေလို့ စတဲ့ အကြောင်းအမျိုးမျိုးတွေ ရှိလာတဲ့အခါ နောက်ထပ် အလုပ်တစ်ခုကို ရှာဖွေကူးပြောင်း ကြပါတယ်။ ဒီလိုနည်းနဲ့ အလုပ်ခွင်မျိုးစုံမှာ အလုပ်တွေ လုပ်ကိုင် ဆောင်ရွက်ရင်း ဝင်ငွေလစာများ ရှာဖွေကြပါတယ်။

## တပိုင်တနိုင် အသက်မွေးမှုလုပ်ငန်းဖြင့် ငွေရှာခြင်း

ဒီအပိုင်းကတော့ ဝန်ထမ်းတစ်ယောက်အနေနဲ့ မဟုတ်ဘဲ ကိုယ်ပိုင်အလုပ်နဲ့ လွတ်လပ်စွာ ငွေရှာလို့ရတဲ့ အပိုင်းပါပဲ။ ကိုယ်တတ်ကျွမ်းထားတဲ့ အသက်မွေးမှုလုပ်ငန်း တစ်ခုခုနဲ့ ငွေကြေး စီးပွားရှာဖွေခြင်း ဖြစ်ပါတယ်။ ပန်းချီဆရာ၊ အဆိုတော်၊ ရုပ်ရှင်မင်းသား၊ ပွဲစား၊ ဥပဒေအကြံပေး၊ ဓာတ်ပုံပညာရှင်၊ စာရေးဆရာ၊ ဆရာဝန် စတဲ့ ကျွမ်းကျင်အတတ်ပညာရှင် (Professional) အဖြစ်နဲ့ ရပ်တည်ကြသူတွေ ပါဝင်တယ်။ ဒါ့အပြင် တပိုင်တနိုင် လုပ်ငန်းလေးတွေအဖြစ်

ထမင်းဆိုင်၊ အထည်ဆိုင်၊ ကုန်စုံဆိုင်၊ စတိုးဆိုင်၊ ကွမ်းယာဆိုင်၊ လက်ဘက်ရည်ဆိုင်စတဲ့ ဆိုင်ပိုင်ရှင်များနဲ့ အသေးစား စီးပွားရေး လုပ်ငန်းတွေလည်း ပါဝင်ပါတယ်။

ကိုယ်ပိုင်အတတ်ပညာ၊ ကိုယ်ပိုင်အရင်းအနှီးနဲ့ ကိုယ့်အချိန် ကိုယ်စီမံခန့်ခွဲနိုင်ပြီး ကိုယ်တိုင်လုပ်ရတဲ့ အလုပ်တွေပါပဲ။ ဝင်ငွေအနေ နဲ့ကတော့ ကိုယ်လုပ်နိုင်သလောက်ရမှာ ဖြစ်ပါတယ်။ ကြိုးစားရင် ကြိုးစားသလောက် အကျိုးရလဒ် ထွက်ပါတယ်။ ဝင်ငွေများများလိုချင် လေ အလုပ်ကို ပိုလုပ်ရလေပေါ့။ အောင်မြင်မှုရဖို့ကတော့ ယှဉ်ပြိုင်မှု တွေများတဲ့အတွက် တော်တော်လေး ကြိုးစားအားထုတ်ရမှာ ဖြစ်ပါ တယ်။ အောင်မြင်လာပြီဆိုရင်တော့ ကြိုးစား အားထုတ်ရကြိုးနပ် လောက်အောင် ရလဒ်တွေ ပြန်ထွက်လာမှာပါ။ အောင်မြင်လာတာနဲ့ အမျှ ဝင်ငွေတွေလည်း တိုးပွားလာနိုင်ပါတယ်။ ဒါပေမယ့် ကိုယ်ပိုင် အချိန်တွေလည်း နည်းပါးသွားမှာ ဖြစ်ပါတယ်။

## အချောင်လိုက်၊ ဖြတ်လမ်းနည်းနဲ့ ငွေရှာခြင်း

ဒီလို ငွေရှာခြင်းမျိုးကလည်း လူသားတွေရဲ့ ငွေရှာနည်းတွေ ထဲက တစ်ခုပါပဲ။ ငွေကို ဘယ်လိုအချောင်ရမလဲ၊ အလွယ်တကူနဲ့ ဘယ်လို ဖြတ်လမ်းလိုက်ရမလဲ စဉ်းစားကြံစည်ပြီး ရှာဖွေကြတာလည်း ရှိပါတယ်။ ပေါ်ချောင်ကောင်း ပစ္စည်းတွေ အချောင်လိုက်ပြီး အမြတ် တင်ရောင်းဝယ် လုပ်ကိုင်တဲ့ လူတွေကလည်း အပေါစား ငွေရှာသူတွေ ဖြစ်ပါတယ်။ အရည်အသွေး မမှီတဲ့ ပစ္စည်းတွေကို လူလည်လုပ်ရောင်း ချ (ဂျင်းထည့်)တာလည်း အချောင်သမားပါပဲ။

ငွေကို ဘယ်လို လှည့်ရမလဲ၊ ဘယ်လို အလွဲသုံးစား လုပ်ရမလဲ၊

ဘယ်သူ့ဆီက ပိုက်ဆံချေးယူရမလဲ၊ ဘယ်လို တောင်းရမလဲ၊ ဘယ်လို စာရင်းလိမ်ရမလဲ၊ ငွေရှိတဲ့သူနဲ့တွဲပြီး ပိုက်ဆံကို ဘယ်လို ချူယူရမလဲ၊ ဘယ်သူ့ကို အချဉ်ဖမ်းရမလဲ စတဲ့ အပေါ်စား အချောင်နည်းတွေ၊ ဖြတ်လမ်းနည်းတွေနဲ့ ရှာတာပဲဖြစ်ပါတယ်။ ရလဒ်ကတော့ ကောင်းမှာ မဟုတ်ပါဘူး။ ဇာတ်သိမ်းလှမှာလည်း မဟုတ်ပါဘူး။ အနည်းဆုံးတော့ နာမည်ပျက်ပြီး လူတောမတိုးနိုင်တဲ့ ဘဝကို ရောက်မှာပါပဲ။ ဒီနည်း နဲ့ရှာလို့ ငွေတွေရလာရင်လည်း ခဏတဖြုတ်ပါပဲ။ တစ်ခါစား၊ တစ်နပ် စား ကြံတာဟာ ဘယ်တော့မှ ရေရှည်ခံမှာ မဟုတ်ပါဘူး။ အောင်မြင်မှု ရဲ့ လမ်းစဉ်ဟာ ရိုးသားမှုပါပဲ။

## လောင်းကစားလုပ်ပြီး ငွေရှာခြင်း

လောင်းကစားလုပ်ပြီး ချမ်းသာတယ်ဆိုတဲ့ ခပ်ရှားရှားပါပဲ။ လောင်းကစားကြောင့် အိမ်တိုင်ချွတ်ရတယ်၊ ဘဝပျက်ရတယ်ဆိုတဲ့ ဇာတ်လမ်းတွေကတော့ မနည်းလှပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ လောင်းကစားလုပ်ပြီး ငွေရှာနေတဲ့သူတွေကိုတော့ အလွယ်တကူ မြင်တွေ့နိုင်မှာပါ။ ''လောင်းကစားဟာ ငါ့စီးပွားရေးပဲ''လို့ ပြောတဲ့သူတွေ ရှိပါတယ်။ လူတစ်ယောက်ရဲ့ စီးပွားရေးကို ကံစမ်း လောင်းကစားလုပ်တဲ့ အလုပ်နဲ့ လုပ်တာလောက် မိုက်မဲတာရှိမှာ မဟုတ်ပါဘူး။

ဘောလုံးပွဲလောင်း၊ ထီထိုး၊ ဖဲကစား၊ မြင်းပွဲလောင်း၊ ကာစီနို ကစားဝိုင်းတွေမှာ ဝင်ကစားပြီး ငွေတွေ ဒလဟောဝင်တာတွေလည်း ရှိပါတယ်။ ဒါပေမယ့် အဲဒီဝင်ငွေတွေ ဘယ်လောက်ကြာကြာ ခံတာ မြင်ဖူးပါသလဲ။ လောင်းကစားနဲ့ဝင်တဲ့ငွေဟာ လောင်းကစားနဲ့ပဲ ပြန်ကုန်

မှာဖြစ်ပါတယ်။ လေ့မျော လေ့နဲ့လိုက်၊ ငွေမျော ငွေနဲ့လိုက်ဆိုပြီး လိုက်ရင်း လိုက်ရင်းနဲ့ မွဲသွားကြတာပါပဲ။ ဒါကြောင့် လောင်းကစားနဲ့ ငွေရှာခြင်းဟာ ကိုယ့်ငွေနဲ့ ကိုယ် မွဲဆေးဖော်တာပါပဲ။ ကိုယ့်ငွေနဲ့ ကို ရန်သူတွေ တိုးပွားအောင်လုပ်တာနဲ့လည်း တူတူပါပဲ။ လောင်း ကစားလောကမှာ ချမ်းသာဖို့ထက် အန္တရာယ်တွေက ပိုများလှပါတယ်။

ကံကို ယုံစားပြီး ထီထိုးကာ ချမ်းသာမယ့်နေ့ကို ထိုင်စောင့် နေတဲ့ သူတွေလည်း အများအပြားပါ။ ထီလက်မှတ် တစ်စောင်ဝယ်ဖို့ ဘာမှ မခဲယဉ်းပါဘူး။ ဝယ်လိုက်တဲ့ ထီလက်မှတ်ပေါက်ဖို့ ဆိုတာက လည်း လွယ်မှာမဟုတ်ပါဘူး။ ထီပေါက်လို့ ငွေတွေရပြီး ရလာတဲ့ ငွေတွေကို စနစ်တကျ မသုံးတတ်တဲ့အတွက် ဒုံရင်းဘဝကို ပြန်ရောက် သွားကြတဲ့ သူတွေလည်း ဒုနဲ့ဒေးပါ။ ငွေကို စနစ်တကျ မသုံးတတ်ရင် တော့ တစ်မွန်းတည့် ကောင်းစားပြီး ပြာပုံထဲ ပြန်ရောက်သွားမှာပါပဲ။ ဒါကြောင့် ထီပေါက်ရုံနဲ့ မချမ်းသာနိုင်သလို သိထားဖို့က တစ်သက်မှာ ထီဆုကြီး အခါခါပေါက်ဖို့ လုံးဝ မဖြစ်နိုင်ပါဘူး။

## မတရားတဲ့နည်းနဲ့ လောဘတကြီး ငွေရှာခြင်း

တချို့တွေကျတော့ မတရားတဲ့နည်းတွေဖြစ်တဲ့ လိမ်လည်၊ ခိုးယူ၊ လုယက်၊ ဓားပြတိုက်ပြီး ငွေရှာကြပါတယ်။ ရိုးရိုးသားသား သမာအာဇီဝကျကျ ငွေရှာလို့ရပေမယ့် လောဘဇော နောက်ကိုလိုက် ပြီး မတရားရှာဖွေကြတာ ဖြစ်ပါတယ်။ ဥပဒေကို လက်တစ်လုံးခြား လှည့်ပြီး ငွေတွေ ဒလဟောဝင်အောင် ရှာကြတယ်။ တရားမဝင်ပစ္စည်း တွေကို ရောင်းဝယ် ဖောက်ကားကြတယ်။ စာရင်းလိမ်တယ်။ လာဘ် ပေး လာဘ်ယူ လုပ်တယ်။ ခိုးနည်းမျိုးစုံနဲ့ ခိုးယူနေကြတယ်။ မကောင်း

တဲ့ နည်းလမ်းတွေ၊ မဟုတ်မမှန်တဲ့ နည်းတွေနဲ့လည်း ဝင်ငွေရှာကြတယ်။

တကယ်တမ်းကျတော့ ဒီလို နည်းလမ်းတွေဟာ ဘဝမှာ အောင်မြင်ချမ်းသာဖို့ထက်စာရင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ ထောင်ထဲဝင်ရဖို့ များပါတယ်။ ပေးဆပ်ရမယ့် အရင်းအနှီးကလည်း ဘဝနဲ့ ယှဉ်ပြီး ပြန်လည်ပေးဆပ်ရမှာပါ။ ငွေအတွက် ကိုယ့်ဘဝကို စတေးတာကတော့ မိုက်မဲတဲ့ လုပ်ရပ်တစ်ခုပါပဲ။ ကံကောင်းလို့ ချမ်းသာသွားမယ်ဆိုရင်တောင် ပျော်ရွှင်မှုရရှိမှာ မဟုတ်ပါဘူး။ ဒီလိုနည်းနဲ့ ငွေတွေ မတရားရှာပြီး ပျော်ရွှင်မှုတွေကို ဝယ်လို့ရမယ်ဆိုရင်တောင် အေးချမ်းမှုကို မဟုတ်ပါဘူး။ ပူလောင်တဲ့ ပျော်ရွှင်မှုတွေပဲ ရနိုင်မှာပါ။ ရိုးသားခြင်းဟာ ချမ်းသာခြင်း အစစ်အမှန်ကို ရရှိစေမှာဖြစ်ပါတယ်။

## စီးပွားရေးလုပ်ငန်းကြီးဖြင့် ငွေရှာခြင်း

ငွေကြေးအရင်းအနှီးတွေများများနဲ့ စီးပွားရေးလုပ်ငန်းကြီးတွေ တည်ဆောက်ပြီး ဝင်ငွေမြောက်မြားစွာ ရရှိအောင်လည်း ရှာဖွေနိုင်ပါတယ်။ စီးပွားရေးလုပ်ငန်းကြီးတွေ လုပ်ကိုင်ပြီး စီးပွားရှာဖို့အတွက်ဆိုရင် ငွေအရင်းအနှီး၊ လူအရင်းအမြစ်၊ လုပ်ငန်းစနစ် ကောင်းမွန်မှု၊ ကုန်ထုတ်လုပ်မှု၊ ဖြန့်ချီရေး၊ ဈေးကွက် ဖော်ဆောင်ရေး၊ စီမံခန့်ခွဲမှု စတဲ့ အစိတ်အပိုင်းတွေ ပေါင်းစပ်ထားတဲ့ လုပ်ငန်းစုကြီးဖြစ်အောင် တည်ဆောက်နိုင်ရပါမယ်။

စီးပွားရေးလုပ်ငန်းဟာ ငွေအင်အား၊ လူအင်အားတွေ ရင်းနှီးပြီး လုပ်ဆောင်ရပါတယ်။ လုပ်ငန်းအောင်မြင်မှု ရရှိလာတာနဲ့အမျှ ဝင်ငွေ အကျိုးအမြတ်တွေများစွာ ရရှိနိုင်ပြီး လုပ်ငန်းရှင်ကို ချမ်းသာကြွယ်ဝစေပါတယ်။ အောင်မြင်လာလေလေ အချိန်တွေ ပိုထွက်လာလေ၊

ငွေကြေးအမြတ်တွေ ပိုတိုးပွားလာလေ ဖြစ်ပါတယ်။ မိမိလုပ်ငန်းရဲ့ ထုတ်ကုန်ပစ္စည်းတွေ၊ ဝန်ဆောင်မှုကောင်းတွေနဲ့ လူသားတွေကိုလည်း အကျိုးပြုနိုင်ပါတယ်။ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုကို ဖော်ဆောင်နိုင်တာနဲ့အမျှ ဂုဏ်သိက္ခာကလည်း တိုးပွားလာနိုင်ပါတယ်။ စီးပွားရေးလုပ်ငန်းတစ်ခုကို တည်ထောင်သူဟာ တစ်ချိန်တည်းမှာ မိမိကိုယ်ကိုလည်း အောင်မြင်အောင် တည်ထောင်နေတာ ဖြစ်ပါတယ်။

## ရင်းနှီးမြှုပ်နှံမှုဖြင့် ငွေရှာခြင်း

ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ထားခြင်းနဲ့လည်း ငွေတွေကို ရှာဖွေနိုင်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေကတော့ ငွေတွေကို အလုပ်လုပ်ခိုင်း ထားသူတွေ ဖြစ်ပါတယ်။ အိမ်ခြံမြေနဲ့ ဆိုင်ခန်းတွေ ဝယ်ယူ ရင်းနှီး မြှုပ်နှံတာ၊ စီးပွားရေးလုပ်ငန်းတွေမှာ ရင်းနှီးတာ၊ စတော့ရှယ်ယာတွေ ဝယ်ယူရင်းနှီးတာနဲ့ တခြားသော ငွေပြန်ဖြစ်စေမယ့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေမှာ ထည့်ဝင်ပြီး ငွေတွေ တိုးပွားအောင် ရှာဖွေကြတာ ဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှု ပြုလုပ်တာဟာ ငွေနဲ့ ငွေပြန်ရှာတာ ဖြစ်ပါတယ်။ ငွေတွေက ရင်းနှီးမြှုပ်နှံသူအတွက် အလုပ်တွေ လုပ်ပေးနေကြတာ ဖြစ်ပါတယ်။ ဒီအတွက် အချိန်လွတ်လပ် နိုင်ပါတယ်။ ရင်းနှီးမြှုပ်နှံတာကြောင့် ငွေတွေပြန်ရလာသလို၊ ပြန်ရလာတဲ့ ငွေတွေကို ပြန်လည်ရင်းနှီးမြှုပ်နှံမှုလုပ်တာများလာရင် ငွေကြေးဥစ္စာတွေဟာလည်း ရေစီးဆင်းသလို အမြဲ စီးဆင်းလာနေမှာ ဖြစ်ပါတယ်။ ငွေတွေကို ရင်းနှီးမြှုပ်နှံတဲ့ အလုပ်ဟာ ကိုယ်အလုပ်လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ ဝင်ငွေစီးကြောင်းကတော [illegible]

FutureWave Publishing House

## ဘယ်နည်းနဲ့ ငွေရှာမလဲ

ကမ္ဘာပေါ်ရှိ လူသားပေါင်းစုံဟာ နည်းလမ်းပေါင်းဆုံနဲ့ ငွေတွေရှာဖွေနေကြပါတယ်။ သင်ရော ဘယ်လိုနည်းနဲ့ ငွေရှာဖို့ စိတ်ကူးထားပါသလဲ။ ဘယ်လောက်များများ ရှာဖွေနိုင်ဖို့ ရည်ရွယ်ထားပါသလဲ။ မိသားစု လောက်ငရုံလား၊ ပိုလျှံအောင် ရှာမှာလား၊ စုမိဆောင်းမိရုံလား၊ စားဝတ်နေရေး ဖြေရှင်းနိုင်ရုံလား၊ ငွေကြေးအကျပ်အတည်းက လွတ်မြောက်အောင် ရှာဖွေမှာလား၊ လစဉ် နှစ်စဉ် ဝင်ငွေဘယ်လောက် လိုချင်ပါသလဲ၊ လိုအပ်ပါသလဲ စဉ်းစားပါ။

လက်ရှိဝင်ငွေနဲ့ ကျေနပ်နိုင်ပြီလား။ အခုရော သင် ဘယ်နည်းနဲ့ ဝင်ငွေကို ဖန်တီးနေပါသလဲ။ လစာဝင်ငွေ တစ်ခုတည်းနဲ့ရော ရေရှည်မှာ အဆင်ပြေချောမွေ့ပါ့မလား။ ဝင်ငွေ တိုးပွားအောင် ဘယ်လိုလုပ်မယ်၊ ဘာတွေထပ်လုပ်မလဲ၊ စီးပွားရေးလုပ်ငန်းတစ်ခုနဲ့ ငွေရှာဖို့ရော ဆန္ဒရှိပါသလား။ ရင်းနှီးမြှုပ်နှံမှုနဲ့ရော ငွေတွေ တိုးပွားအောင်လုပ်ဖို့ ရည်ရွယ်ထားသလား။ ဒါတွေအားလုံးဟာ သင့်အနာဂတ်နဲ့ သက်ဆိုင်တဲ့ မေးခွန်းတွေပါ။ သင့်ရွေးချယ်မှုဟာ သင့်ဘဝနဲ့ တိုက်ရိုက် သက်ဆိုင်နေပါတယ်။ ပေါ့သေးသေးမဟုတ်ပါဘူး။ လေးလေးနက်နက် စဉ်းစားပြီး ငွေကြေးပညာနဲ့ ငွေတွေကို အကျိုးရှိအောင် ဘယ်လိုသုံးစွဲမလဲဆိုတဲ့ ပညာတွေကို ဆည်းပူး လေ့လာပါ။

ပတ်ဝန်းကျင်မှာ မရေမတွက်နိုင်တဲ့ အခွင့်အလမ်းတွေ အများကြီး ရှိနေပါတယ်။ ဒါတွေကို ကျွန်တော်တို့ မြင်အောင် ကြည့်နိုင်ရပါလိမ့်မယ်။ တကယ်တော့ ငွေရှာနည်းဆိုတာ အိုင်ဒီယာကောင်းတစ်ခုပါပဲ။ သင့်ခေါင်းထဲမှာရှိနေတဲ့ စီးပွားရေးဉာဏ်၊ ငွေကြေးဉာဏ်ကလေး လက်ခနဲ လင်းသွားတာနဲ့ သင့်ဘဝအတွက် ကြီးမားတဲ့ ဝင်ငွေစီး

ကြောင်းကြီးတစ်ခုက ဖြစ်ပေါ်လာမှာပါ။ ငွေဆိုတာ အိုင်ဒီယာပါပဲ။ အိုင်ဒီယာ ကောင်းကောင်းရရင် ဝင်ငွေကောင်းရပြီလို့သာ မှတ်ပါ။ သင့်ဆီကို ငွေတွေ စီးဝင်လာစေမယ့် အိုင်ဒီယာကောင်းလေးတွေ စဉ်းစားကြည့်လိုက်ပါ။ သင် ဘယ်လို ငွေရှာမလဲဆိုတာ သင့်ဆုံးဖြတ်ချက်အပေါ်မှာ မူတည်နေပါတယ်။

****  ****

## ဝင်ငွေကောင်းစွာရှာဖွေနိုင်ဖို့ မေးခွန်းလေးတွေ ဖြေကြည့်ပါဦး။

၁။ လောလောဆယ် သင် ဘယ်လိုနည်းနဲ့ ငွေရှာနေပါသလဲ။ ဘယ်လိုအလုပ်မျိုးနဲ့ ဝင်ငွေတွေ ရရှိနေပါသလဲ။

..................................................

၂။ လစာဝင်ငွေတစ်ခုတည်းနဲ့ ရေရှည်မှာ အဆင်ပြေ ချောမွေ့ပါ့မလား။ သင့်ဘဝ လုံခြုံစိတ်ချရပြီလို့ ထင်နေပါသလား။

ထင် .................. ။ မထင် .................. ။

၃။ ကိုယ်ပိုင်စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ပြီး ငွေဝင်လမ်းကြောင်းတွေ တိုးပွားအောင်လုပ်ဖို့ ဆန္ဒရှိပါသလား။

ရှိ ...................... ။ မရှိ ...................... ။

၄။ လစဉ် ဝင်ငွေ ဘယ်လောက်ဝင်ရင် သင့်ဘဝ ငွေကြေး အပူအပင်ကင်းစွာနဲ့ တည်ငြိမ်အေးဆေးတဲ့ အခြေအနေကို ရောက်ပြီလို့ ဆိုနိုင်မလဲ။ သင့်စိတ်အထင်ကို ခန့်မှန်း တွက်ချက်ပြီး ချရေးကြည့်ပါ။

လစဉ်ဝင်ငွေ = ..........................................


ငွေကြေး၏ တန်ဖိုးကို
သိလိုလျှင်
အနည်းငယ်ဖြစ်စေ
သွား၍ ချေးငှားကြည့်ပါ။
ဘင်ဂျမင် ဖရန့်ကလင်

အခန်း(၁၂)

# ငွေတွေ ကိုယ့်နောက်လိုက်အောင်လုပ်ပါ

"လူမှာခြေထောက် နှစ်ချောင်းရှိပြီး ငွေမှာတော့ ခြေထောက် လေးချောင်းရှိတယ်"လို့ အဆိုရှိပါတယ်။ အဓိပ္ပာယ်ကတော့ "ငွေဟာ ခြေထောက်လေးချောင်းရှိတဲ့အတွက် ခြေထောက် နှစ်ချောင်းသာရှိတဲ့ လူကလိုက်ရင် ဘယ်တော့မှ လိုက်မမှီဘူး။ မောရုံသာရှိမယ်။ ဒါပေမယ့် ငွေက လူနောက်ကို လိုက်ပြီဆိုရင်လည်း အဲဒီလူဟာ ပြေးလို့လွတ်မှ မဟုတ်ဘူး"လို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

ဒီအချက်ကို မသိတဲ့သူတွေဟာ ငွေတွေနောက်ကို လိုက်ရင်း တစ်သက်လုံး မောပန်းနေရပါတယ်။ ငွေနောက်ကို လိုက်မယ့်အစား ငွေတွေက ကိုယ့်နောက်ကို လိုက်လာအောင်လုပ်တဲ့ ပညာကိုသာ သိထားမယ်ဆိုလို့ရှိရင် ငွေကြေးအောင်မြင်မှုတွေ ရရှိလာမှာ မလွဲမသွေ ပါပဲ။

ငွေနောက် တကောက်ကောက်လိုက်နေရတဲ့ ဘဝက လွတ် မြောက်ချင်ရင်တော့ ငွေနောက်လိုက်တာကို ခဏလေးရပ်ပြီး ငွေတွေ ကိုယ့်နောက်လိုက်လာအောင် ဘယ်လိုလုပ်မလဲ၊ ငွေကို ဘယ်ပုံ

ဘယ်နည်းနဲ့ တိုးပွားများပြားလာအောင် စေခိုင်းမလဲဆိုတာ လေ့လာဖို့လိုပါတယ်။

ရေလိုအပ်ရင် ရေပုံးထမ်းပြီး ရေသယ်လို့လည်း ရသလို ရေပိုက်သွယ်တဲ့နည်းနဲ့ ရေတွေဝင်လာအောင် လုပ်လို့လည်း ရပါတယ်။ ရေပုံးထမ်းပြီး ရေသယ်တာဟာ ရေရှိရာနောက်ကို လိုက်ရှာကာခပ်ယူ တာဖြစ်ပြီး ရေပိုက်သွယ်တာကတော့ ရေရှိရာအရပ်က ရေတွေ ကိုယ့် ဆီ စီးဝင်လာအောင်လုပ်တာ ဖြစ်ပါတယ်။

ဒီလိုပါပဲ ငွေတွေ ကိုယ့်နောက်လိုက်လာစေဖို့ဆိုရင် ငွေတွေရှိတဲ့နေရာက ငွေတွေကို ပိုက်သွယ်ပြီး ငွေဘုံဘိုင်အဖြစ် ကိုယ့်ဆီစီးဝင်လာအောင် ငွေဝင်လမ်းကြောင်းတွေကို ဖန်တီးထားဖို့လိုအပ်ပါတယ်။ ငွေဘုံဘိုင်အဖြစ် ဖန်တီးတည်ဆောက်ပြီး ငွေတွေ စီးဝင်လာအောင် လုပ်တယ်ဆိုတာ တခြားမဟုတ်ပါဘူး။ ပိုင်ဆိုင်မှုအဖြစ်ရင်းနှီး မြှုပ်နှံမှုတွေကို တည်ဆောက်တာပဲ ဖြစ်ပါတယ်။

ပိုင်ဆိုင်မှုအဖြစ် ရင်းနှီးမြှုပ်နှံမှုတွေလုပ်တာဟာ ငွေတွေကိုယ့် နောက် လိုက်လာအောင်လုပ်တာ ဖြစ်ပါတယ်။ ဒီအချက်ဟာငွေကြေး အောင်မြင်မှုတွေ ရရှိလာစေဖို့ အဓိကအချက်ဖြစ်ပါတယ်။ ချမ်းသာသူ သူဌေးသူကြွယ်ကြီးတွေကို ကြွယ်ဝချမ်းသာလာစေတဲ့အကြောင်းရင်း အချက်ကတော့ ပိုင်ဆိုင်မှုတွေကို ရင်းနှီးတည်ဆောက်ထားခြင်းပဲဖြစ်ပါတယ်။

အိမ်မြေမှာ ရင်းနှီးမြှုပ်နှံတာ၊ စီးပွားရေးလုပ်ငန်းကြီးတွေမှာရင်းနှီးမြှုပ်နှံတာ၊ ရှယ်ယာတွေ ဝယ်ယူရင်းနှီးမြှုပ်နှံတာတွေဟာ ပိုင်ဆိုင်မှုတွေ တည်ဆောက်တာပါ။ ပိုင်ဆိုင်မှု အစစ်အမှန်ဆိုတာကိုယ့် ဆီကို ငွေတွေဝင်ရောက်လာစေမှာ ဖြစ်ပါတယ်။ ဒါဟာ ကိုယ့်ပိုင်

ဆိုင်မှုတွေက ကိုယ့်ကို ပြန်လည် အလုပ်အကျွေးပြုနေတာ ဖြစ်ပါတယ်။

ကျွန်တော်တို့သိတဲ့ သူဌေးဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ အလုပ်ကို အချိန်ပြည့် နဖူးကချွေး ခြေမကျအောင် ပင်ပင်ပန်းပန်း လုပ်စရာမလိုဘဲ ငွေတွေ တလိမ့်လိမ့် ဝင်လာစေတာကတော့ သူတို့ရဲ့ ပိုင်ဆိုင်မှုတွေကြောင့် ဖြစ်ပါတယ်။ သူတို့ဟာ ငွေနောက်လိုက်ကြသူတွေ မဟုတ်ကြပါဘူး။ ငွေတွေလိုက်လာအောင် ဖန်တီးကြသူတွေ ဖြစ်ပါတယ်။ သူတို့လို ငွေတွေ လိမ့်ဝယ်လာချင်တယ်ဆိုရင်တော့ သူတို့လုပ်သလို လုပ်ဆောင်ဖို့သာ ရှိပါတယ်။

အောင်မြင်တဲ့ သူဌေးသူကြွယ်တိုင်းဟာ ဒီလို ငွေတွေ တိုးပွားစေတဲ့ ပိုင်ဆိုင်မှုစည်းစိမ်တွေရဖို့ ကျားကုတ်ကျားခဲ မဆုတ်မနစ်တဲ့ ဇွဲလုံ့လတွေနဲ့ ခက်ခက်ခဲခဲ ကြိုးစားခဲ့ကြတာ ဖြစ်ပါတယ်။ ပိုင်ဆိုင်မှုအဖြစ် ရင်းနှီးမြှုပ်နှံမှုတွေကို တည်ဆောက်တာဟာ အပင်တစ်ပင်ကို စိုက်ပျိုးတာနဲ့ တူပါတယ်။ အပင်ဟာ ငယ်စဉ်မှာ ကိုယ့်ရဲ့ ပြုစုစောင့်ရှောက်မှုကို လိုအပ်ပေမယ့် ကြီးထွားလာတဲ့အခါမှာ ကိုယ့်ကို ပြန်လည်စောင့်ရှောက်ပါတယ်။

ပိုင်ဆိုင်မှုဟာ စတင် ရင်းနှီးတည်ဆောက်စဉ်မှာ ပင်ပန်းသလောက် သူက ပြန်လည် အလုပ်အကျွေးပြုပြီဆိုရင်လည်း အသီးအပွင့်ကို အေးအေးဆေးဆေး ခံစားရုံပါပဲ။ အပင်တွေ များများစိုက်လေလေ အသီးတွေများများရလေ ဖြစ်သလို ပိုင်ဆိုင်မှုတွေများလေလေ ငွေကြေးစီးဝင်မှုတွေ များလာလေလေပဲ ဖြစ်ပါတယ်။

ဒါကြောင့် ငွေတွေ ကိုယ့်နောက်လိုက်တာကို လိုချင်တယ်ဆိုရင် ငွေဘုံဘိုင်တွေ၊ ငွေပင်တွေကို အခုပဲ စတင် တည်ဆောက်စိုက်ပျိုးလိုက်

ဖို့ လိုပါတယ်။ ကိုယ့်ရဲ့ လစဉ်ဝင် ငွေတွေကို ထိန်းထိန်းသိမ်းသိမ်းနဲ့ စနစ်တကျစုဆောင်းထားပြီး ပိုင်ဆိုင်မှုအဖြစ် အသွင်ပြောင်းလို့ ငွေကို အပွားခတ်လိုက်ရင် ဘုံဘိုင်က ငွေတွေ ဒလဟောကျလာမှာ ဖြစ်ပါ တယ်။

လူကြံရင် ဘာမဆိုဖြစ်ပါတယ်။ ကောင်းကင်ပေါ်ပဲ ပျံမလား၊ လကမ္ဘာပေါ်ကို သွားမလား၊ အာကာသထဲကို ခရီးနှင်မလား အားလုံး လုပ်နိုင်ပါတယ်။ သူဌေးသူကြွယ်ဖြစ်ဖို့ဆိုတာ ဘာမှ ခဲယဉ်းတာ မဟုတ် ပါဘူး။ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမယ်ဆိုတဲ့ စကား လည်း ရှိသားပဲ။ ဒီလိုစိတ်ဓာတ် နဲ့ ပန်းတိုင်ကို လျှောက်လှမ်းဖို့ လိုပါတယ်။ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲပေါ့။

ငွေကြေးအောင်မြင်မှုပန်းတိုင်ကို ခြေတစ်လှမ်းတည်းနဲ့ တော့ မရောက်နိုင်ပေမယ့် ခြေလှမ်းပေါင်းများစွာ လျှောက်လှမ်း နေမယ်ဆိုရင် တော့ သေချာပေါက် ရောက်ကို ရောက်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံး အခုပဲ စတင် လျှောက်လှမ်းလိုက်ကြရအောင်။

**** ****

## ငွေတွေ သင့်နောက်လိုက်လာစေဖို့ မေးခွန်းလေးတွေ ဖြေကြည့် ပါဦး။

၁။ သင် ငွေနောက်ကို လိုက်နေပါသလား။ ငွေနောက်လိုက်နေတယ်လို့ သင့်ကိုယ်သင် ထင်ပါသလား။
ဟုတ် .................. ။ မဟုတ် .................. ။

၂။ ''ငွေနောက်ကို လိုက်နေရတာ''နဲ့ ''ငွေတွေက ကိုယ့်နောက်ကို လိုက်လာတာ'' ဘယ်အရာကို သင်လိုချင်ပါသလဲ။
..........................................................

၃။ ငွေတွေ ကိုယ့်နောက်လိုက်ပါလာအောင် လုပ်တဲ့နည်း လမ်းတွေကို သင် အမှန်တကယ် သိရှိပါသလား။
သိတယ် .................. ။ မသိပါ .................. ။

၄။ ငွေတွေ ကိုယ့်နောက်ကို ဒလဟောလိုက်ပါ စီးဝင်လာစေဖို့အတွက် ပိုင်ဆိုင်မှုတွေကို ဖန်တီးတည်ဆောက်ဖို့ ဆန္ဒရှိပါသလား။
ရှိတယ် .................. ။ မရှိပါ .................. ။

၅။ သင် ရင်းနှီးမြှုပ်နှံချင်တဲ့ ပိုင်ဆိုင်မှု အမျိုးအစား ၃ မျိုးလောက်ကို ချရေးပါ။ ဥပမာ အငှားယာဉ်၊ အိမ်မြေ၊ တိုက်ခန်း၊ စတော့ရှယ်ယာ၊ ရွှေ၊ ကိုယ်ပိုင်လုပ်ငန်း စသည်
၁) ..........................................................
၂) ..........................................................
၃) ..........................................................


ငွေကိုချစ်ပြီး
လူတွေကို မခိုင်းပါနဲ့။
လူတွေကို ချစ်ပြီး
ငွေကိုသာ ခိုင်းပါ။

## အခန်း(၁၃)

# ငွေတွေကို အလုပ်ရှာပေးပါ

ကျွန်တော်တို့ဟာ အလုပ်ရှာတယ်လို့ ပြောလိုက်တာနဲ့ လူတွေအတွက်လို့သာ အများအားဖြင့် သိထားကြပါတယ်။ အလုပ်ရှာပြီး အလုပ်လုပ်ကြတာနဲ့ ပတ်သက်လို့ နှစ်မျိုးနှစ်စား ရှိတယ်ဆိုတာ ကျွန် တော် နားလည်ထားပါတယ်။ တစ်မျိုးက ''လူတွေအတွက် အလုပ် ရှာခြင်း''ဖြစ်ပြီး နောက်တစ်မျိုးက ''ငွေတွေအတွက် အလုပ်ရှာခြင်း'' ဖြစ်ပါတယ်။ တကယ်တော့ ငွေတွေကိုလည်း အလုပ်လုပ်နိုင်ဖို့အတွက် အလုပ်ရှာပေးသင့်ပါတယ်။

''ငွေဆိုတာ လူမှမဟုတ်ဘဲ ဘယ်လိုလုပ်ပြီး ငွေတွေကို အလုပ်ရှာပေးရမှာလဲ''လို့ စောဒကတက်နိုင်ပါတယ်။ လူတွေပဲ အလုပ်လုပ်တတ်တာ မဟုတ်ပါဘူး။ ငွေတွေဟာလည်း အလုပ်ကို ကောင်းကောင်း လုပ်တတ်ပါတယ်။ ငွေဆိုတာမျိုးက သူ့ကို အကျိုးဖြစ်ထွန်းအောင် နိုင်းစေတတ်သူတွေအတွက် တကယ့်ကို စိတ်အားထက်သန်စွာ အလုပ်လုပ်ပေးတတ်တဲ့ အလုပ်သမားကောင်းပါ။

လူအများစုဟာ ဘဝရပ်တည်နေထိုင်ဖို့ အလုပ်တစ်ခုကို ရှာဖွေကြပါတယ်။ အလုပ်ရလာတဲ့အခါ သူတို့ကိုယ်တိုင် အလုပ်သမားကောင်းဖြစ်အောင် ကြိုးစားကြပြီး ငွေကို ရှာဖွေကြပါတယ်။ ဒီလို ငွေရှာခြင်းဟာ ''လူအားဖြင့် ငွေရှာခြင်း''လို့ ခေါ်ပါတယ်။

လူအနည်းစုကသာ ကိုယ့်မှာရှိတဲ့ ငွေတွေကို အလုပ်လုပ်ခိုင်းပြီး အကျိုးအမြတ်တွေ ဖြစ်ထွန်းအောင် လုပ်ဆောင် ဖန်တီးနိုင်ကြပါတယ်။ ငွေကို အလုပ်လုပ်ခိုင်းပြီး ငွေရှာတာဟာ ရင်းနှီးမြှုပ်နှံမှုလုပ်တာ ဖြစ်ပါ တယ်။ ဒီလိုငွေရှာခြင်းမျိုးကို ''ငွေအားဖြင့် ငွေရှာခြင်း''လို့ ခေါ်ပါတယ်။

ငွေကို အလုပ်လုပ်ခိုင်းဖို့အတွက် ကိုယ်ပိုင်ဆိုင်ထားတဲ့ ငွေတွေကို ကိုယ့်အလုပ်သမားတွေလို့ မြင်ယောင်ကြည့်ပါ။ ဥပမာ– ကိုယ့်မှာ ပိုင်ဆိုင်ထားတဲ့ငွေ (၅၀)သိန်းရှိရင် အဲဒီငွေ (၅၀)သိန်းဟာ ကိုယ့် အလုပ်သမားတွေ ဖြစ်ပါတယ်။ ပိုင်ဆိုင် ငွေ သိန်း (၅၀၀) ရှိရင်တော့ အဲဒီငွေ သိန်း (၅၀၀)ဟာ ကိုယ့် အလုပ်သမားတွေပဲပေါ့။

ဒါပေမယ့် လူအတော်များများဟာ သူတို့ရဲ့ငွေတွေကို အလုပ် မလုပ်ခိုင်းကြပါဘူး။ သူတို့ရဲ့ ငွေကြေးတွေကို စိတ်မချတဲ့အတွက် အလုပ်မခိုင်းဘဲ ရင်အုပ်မကွာ သိမ်းထားတတ်ကြပါတယ်။ ဥပမာ ပြောရရင် သားသမီးတွေကို စိတ်မချလို့ အလုပ် မလုပ်ခိုင်းဘဲ အိမ်မှာ နေခိုင်းထားတဲ့ အုပ်ထိန်းသူတွေလိုပေါ့။ ဒါကြောင့် သူတို့ရဲ့ ငွေတွေက လည်း အလုပ် မလုပ်တတ်ကြတော့ပါဘူး။

ငွေတွေဟာ အလုပ်သမားကောင်းတွေ ဖြစ်ပေမယ့် ကိုယ်က အလုပ် မလုပ်ခိုင်းဘဲထားရင်တော့ သူတို့တွေဟာ ''အလုပ်လက်မဲ့တွေ'' သာ ဖြစ်မှာပါ။

အလုပ်အကိုင်မရှိသေးတဲ့သူတွေဟာ အလုပ်ရှာဖို့ လိုအပ်ပါတယ်။ ဒီလိုပါပဲ အလုပ်အကိုင်မရှိသေးတဲ့ ကိုယ့်ရဲ့ ငွေတွေကိုလည်း အလုပ်ရှာပေးရမှာ ဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံသူ တစ်ယောက်အနေနဲ့ လုပ်လေ့လုပ်ထရှိတာကတော့ ကိုယ့်ငွေအလုပ်သမားတွေ အလုပ်လုပ်နိုင်ဖို့အတွက် အလုပ်ခွင်ကောင်းကောင်းကို ရှာပေးတာပဲ။

ကိုယ်တိုင် အလုပ်လုပ်ဖို့အတွက် အလုပ်ရှာနေကြသူများဟာ ဝန်ထမ်း(Employees) များ ဖြစ်ကြပါတယ်။ ကိုယ့်ငွေတွေ အလုပ် လုပ်ဖို့အတွက်အလုပ်ရှာနေကြသူများဟာ ရင်းနှီးမြှုပ်နှံသူ(Investors) များ ဖြစ်ကြပါတယ်။ ဒီလိုနဲ့ ''ကိုယ့်အတွက်အလုပ်ရှာသူ(For me)'' နဲ့ ''ကိုယ့်ငွေအတွက် အလုပ်ရှာသူ (For my mon-ey)'' ဆိုပြီး အလုပ်ရှာကြသူများ နှစ်မျိုးနှစ်စား ကွဲသွားကြတာပေါ့။

လူတွေ အလုပ်ရှာကြတာဟာ လုပ်ငန်းခွင်တာဝန်တွေ ထမ်းဆောင်ကြဖို့ ဖြစ်ပါတယ်။ ငွေတွေကို အလုပ်ရှာပေးပြီး အလုပ်လုပ်ခိုင်းတာကတော့ ရင်းနှီးမြှုပ်နှံမှု လုပ်တာပါ။ အနာဂတ်မှာ ရင်းနှီး မြှုပ်နှံသူတစ်ယောက် ဖြစ်ချင်တယ်ဆိုရင်တော့ ငွေတွေကို ကိုယ့် အလုပ်သမားတွေအဖြစ် အလုပ်လုပ်ခိုင်းတတ်ဖို့ လိုအပ်ပါတယ်။

## လူတွေ အလုပ်ရှာကြခြင်း

လူတွေ အလုပ်ရှာကြတဲ့နေရာမှာ အလုပ်ခေါ်စာတွေ၊ အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီ (Agency)တွေ၊ အလုပ်ရှာ ဂျာနယ်

တွေ၊ အလုပ်ရှာ အင်တာနက်စာမျက်နှာ (Web-site)တွေက တဆင့် ရှာဖွေကြသလို အသိမိတ်ဆွေ သူငယ်ချင်းတွေဆီမှ တဆင့်လည်း ရှာဖွေလေ့ရှိကြပါတယ်။

အလုပ်တစ်ခုတွေ့ပြီဆိုရင်လည်း ဒီအလုပ်ဟာ ကိုယ်နဲ့ သင့်တော်ရဲ့လား၊ လူမှန် နေရာမှန် ဖြစ်ရဲ့လား၊ ရေရှည်အကျိုး ရောရှိရဲ့လား၊ လစာဝင်ငွေနဲ့ အကျိုးခံစားခွင့် အခြေအနေကောင်းရဲ့လား၊ တိုးတက်နိုင်ချေရှိသလား၊ အလုပ်ရှင်ကရော ဆက်ဆံရေး အဆင်ပြေရဲ့လား စသဖြင့် ရွေးချယ် စဉ်းစားပြီးမှ ဝင်ရောက်လုပ်ကိုင်ကြတာပါ။

## ငွေတွေကို အလုပ်ရှာပေးခြင်း

ငွေတွေကို အလုပ်ရှာပေးရာမှာ လူတွေအလုပ်ရှာသလို အေဂျင်စီ (Agency)တွေက တစ်ဆင့် ရှာပေးလို့ မရနိုင်ပါဘူး။ ကိုယ့်ရဲ့ ငွေတွေ အလုပ်အကိုင် ကောင်းကောင်း (ရင်းနှီးမြှုပ်နှံမှုကောင်း) ရဖို့အတွက် အခွင့်အလမ်းကောင်း (Opportunities)တွေကို အမြဲတမ်း စောင့်ကြည့်ရှာဖွေနေရမှာ ဖြစ်ပါတယ်။ မှန်ကန်တဲ့ သတင်းအချက်အလက်တွေရဖို့၊ အဆက်အသွယ်ကောင်းတွေရဖို့ အများကြီး လိုအပ်ပါတယ်။ ဒီအတွက် ယုံကြည်စိတ်ချရတဲ့ မိတ်ကောင်းဆွေကောင်းတွေလည်း လိုအပ်သလို၊ ကိုယ်တိုင်ကလည်း လိမ္မာပါးနပ်ဖို့၊ အတွေ့အကြုံရှိဖို့ လိုအပ်ပါတယ်။

လူတွေကို အလုပ်ရှာပေးရတာထက် ငွေတွေကို အလုပ်ရှာပေးရတာက ပိုခက်ခဲ သိမ်မွေ့ပါတယ်။ ရင်းနှီးမြှုပ်နှံသူ ငွေပိုင်ရှင် တစ်ဦးအနေနဲ့ ကိုယ့်ငွေအလုပ်သမားတွေကို မှန်ကန်တဲ့ လုပ်ငန်းခွင်ရှာ ပေးဖို့ လိုအပ်သလို ငွေမှန် (Right Money)၊ နေရာမှန် (Right Place)၊ အချိန်မှန် (Right Time) ဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ကိုယ့်ငွေအတွက် စိတ်ချရပြီး အကျိုးများစေမယ့် လုပ်ငန်းခွင်တွေ့ပြီ ဆိုတာနဲ့ ဝင်ရောက်

လုပ်ကိုင်စေပါ။

**အလုပ်သမားတွေကို ဂရုစိုက်ပါ**

ကိုယ့်ငွေတွေကို အလုပ်ရှာပေးပြီးရုံနဲ့ မပြီးသေးပါဘူး။ အလုပ်လုပ်နေတဲ့ လုပ်ငန်းခွင်က ကိုယ့်ငွေတွေကို လစာကောင်းကောင်းပေးရဲ့လား (အကျိုးအမြတ်ထွက်ရဲ့လား)၊ ကောင်းကောင်းမွန်မွန် ဆက်ဆံ ကြရဲ့လား။ ဒါမှမဟုတ် ကိုယ့်ငွေတွေ သူတစ်ပါးလက်အောက်မှာ အဆဲ အဆိုခံ၊ အနှိမ်ခံဘဝနဲ့ ပင်ပန်းတကြီး အလုပ်လုပ်နေရပြီး ဘာအကျိုးရလဒ်မှ မရရှိဘူးလား စသည်ဖြင့် အမြဲ ဆန်းစစ်နေသင့်ပါ တယ်။

ကိုယ့်ငွေတွေဟာ အလုပ်ခွင်မှာ တကယ်ကြိုးစားရမယ်၊ အလုပ် ကို ကောင်းကောင်း(ရလဒ်)ထွက်အောင် လုပ်တတ်ရမယ်။ တက်ကြွ ဖျတ်လတ်ရမယ်။ စည်းကမ်းရှိရမယ်။ တာဝန်ကျေရမယ်။ သစ္စာရှိရ မယ်။ အလုပ်သမားတွေကို ကြည့်ကြပ် ကွပ်ကဲမှုလုပ်ရသလို ကိုယ့်ငွေ အလုပ်သမားတွေကိုလည်း သေချာကြီးကြပ်ကွပ်ကဲရပါတယ်။ ကိုယ့် ငွေတွေဟာ အလုပ်သမားကောင်းတွေဖြစ်လာဖို့အတွက် ပိုင်ရှင်ဖြစ်တဲ့ သင့်ရဲ့ စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုအပေါ်မှာ မူတည်ပါတယ်။

အလုပ်သမားတွေကို ဂရုမစိုက်တဲ့ အလုပ်ရှင်ဆီက အလုပ်သမားတွေဟာ ထွက်ပြေးမှာပါ။ ငွေဟာလည်း သူ့ကို ဂရုမစိုက်တဲ့ ပိုင်ရှင်ဆီကနေ ထွက်ပြေးသွားတတ်ပါတယ်။ ဒါကြောင့် ကိုယ့်ငွေလေး တွေကို အမြဲလေးလေးစားစား တန်ဖိုးထား ဂရုစိုက်စောင့်ရှောက်ပေး သင့်ပါတယ်။ ဒါမှ အလုပ်သမားတွေဖြစ်တဲ့ ကိုယ့်ရဲ့ ငွေတွေဟာလည်း စိတ်အားတွေ ထက်သန်လာပြီး ကိုယ့်အတွက် အစွမ်းကုန် အလုပ်လုပ် ပေးကြပါလိမ့်မယ်။

**စိတ်မချရတဲ့ အလုပ်ခွင်**

တချို့တွေက ကိုယ့်ငွေကို အန္တရာယ်ရှိတဲ့ အလုပ်ခွင်တွေ၊ စိတ် မချရတဲ့ အလုပ်ခွင်တွေမှာ အလုပ်လုပ်ခိုင်းတတ်ကြပါတယ်။ လူတွေဟာ သူတစ်ပါးလက်အောက်မှာ အဆဲဆိုခံ၊ အနိုင်ကျင့်ခံပြီး မဖြစ်စလောက် လစာငွေလေးနဲ့ အလုပ် မလုပ်ချင်ကြပေမယ့် ကိုယ့်ငွေတွေကိုတော့ ကိုယ်ကျိုးသာ ကြည့်တတ်တဲ့ လူတွေဆီမှာ ပုံပေးပြီး အလုပ်လုပ်ခိုင်း ဖို့ကိုတော့ ဝန်မလေးကြပါဘူး။

ငွေချေးလိုက်တာဟာ ကိုယ့်အလုပ်သမားတွေကို သူတစ်ပါး လက်ထဲ အပ်လိုက်တာ ဖြစ်ပါတယ်။ သူတို့ဟာ ကိုယ့်အလုပ်သမားတွေ ကို ငှားယူသွားပြီး ကောင်းကောင်းခိုင်းစားကြပါတယ်။ တချို့ဆို ကိုယ့်အလုပ်သမားတွေကို ပြန်မပေးတော့ပါဘူး။ သူတို့ ထွက်ပြေးသွားပြီ လို့လည်း ပြောကြပါတယ်။ ဒီအလုပ်ခွင်မျိုးမှာ ကိုယ့်ငွေတွေကို လုပ်ခိုင်း တာဟာ နည်းနည်း စွန့်စားရပါတယ်။ ကိုယ့်အလုပ်သမားတွေကို အာမခံနဲ့ငှားပြီး ကောင်းကောင်းဆက်ဆံ၊ အကျိုးအမြတ် ကောင်း ကောင်းပေးထားတဲ့သူမျိုးတွေရှိရင်တော့ ငှားသင့်ရင်ငှားလို့ရပါတယ်။

တချို့က ကိုယ့်ငွေအလုပ်သမားတွေကို လောင်းကစားဝိုင်းတွေ မှာ အလုပ်ဝင်ခိုင်းကြပါတယ်။ ဒါဟာ ကိုယ့်အလုပ်သမားတွေကို အန္တရာယ်ရှိတဲ့ လုပ်ငန်းခွင်တွေမှာ အလုပ် လုပ်ခိုင်းတာနဲ့ တူပါတယ်။ အသက်အန္တရာယ်ရှိတဲ့ အလုပ်ခွင်မျိုး ကိုယ့်အလုပ်သမားတွေကို မရှာပေးပါနဲ့။ ဒီမလိုမှ မဟုတ်ရင် "ငါ့အလုပ်သမားတွေ ဘယ်ရောက် ကုန်သလဲ"ဆိုပြီး စိတ်ပူပန်နေရမှာပါ။

ကိုယ့်အလုပ်သမားတွေကို ဘဏ်မှာ အပ်ထားတာဟာလည်း ကိုယ့်ငွေတွေက ဘဏ်လုပ်ငန်းမှာဝင်ပြီး ဘဏ်အတွက် အလုပ်လုပ်နေ ရတာ ဖြစ်ပါတယ်။ လုံခြုံသက်သာပေမယ့် လစာကတော့ အင်မတန်မှ နည်းပါးလှပါတယ်။ ရေရှည်တိုးတက်မှု

အလားအလာလည်း အရမ်း နည်းတဲ့နေရာ ဖြစ်ပါတယ်။

ကိုယ့်ငွေတွေ အလုပ်လုပ်နေတဲ့ လုပ်ငန်းခွင်က အဆင်မပြေဘူး၊ အန္တရာယ်ရှိနိုင်တယ်၊ အလုပ်သာ လုပ်ရတာ လစာက မကောင်း ဘူးဆိုရင်တော့ သူတို့ကို အလုပ်ကနေ ထွက်ခိုင်းရပါမယ်။ နောက် အလုပ်သစ်တစ်ခုကို ပြောင်းဖို့ ရှာပေးသင့်ရင်ရှာပေးရပါတယ်။ ဒါဟာ ရင်းနှီးမြှုပ်နှံသူတွေ ဘာလုပ်ကြသလဲဆိုတဲ့အချက် ဖြစ်ပါတယ်။

ဒါကြောင့် ဒီနေ့ကစပြီး စဉ်းစားပါ။ ကိုယ်ဟာ ငွေအတွက် အလုပ်လုပ်နေတာလား၊ ငွေက ကိုယ့်အတွက် အလုပ်လုပ်နေတာလားဆိုတာကိုပေါ့။ ကျွန်တော်တို့လက်ထဲမှာ ငွေတွေဘယ်လောက် ရှိသလဲဆိုတာထက် ကျွန်တော်တို့အတွက် အလုပ်လုပ်ပေးနေတဲ့ ငွေအလုပ်သမားတွေ ဘယ်လောက်ရှိသလဲဆိုတာက အရေးကြီးပါတယ်။

ကိုယ့်ဆီမှာ ကိုယ့်အတွက် အလုပ်လုပ်ပေးကြမယ့် အလုပ်သမား တွေ မရှိသေးဘူးဆိုရင်တော့ ဒီနေ့ကစတင်ပြီး စုဆောင်းထားပါ။ ကိုယ့်ရဲ့ စုဆောင်းငွေတွေဟာ အနာဂတ်မှာ ကိုယ့်ကို အလုပ်အကျွေး ပြုကြမယ့် အလုပ်သမားကောင်းတွေ ဖြစ်လာမှာပါ။

အခုလက်ရှိ သင့်မှာ ပိုင်ဆိုင်ထားတဲ့ ငွေကြေးတွေ အတန်အသင့် စုမိဆောင်းမိဖြစ်နေပြီ ဆိုရင်တော့ သူတို့ကို ဒီအတိုင်း အလုပ် လက်မဲ့ထားမယ့်အစား အလုပ်ရှာပေးဖို့ လိုအပ်ပါတယ်။ ဒီနေ့ကစပြီး သူတို့အတွက် အလုပ်ခွင်ကောင်းကောင်းသာ ရှာပေးလိုက်ပါတော့ဗျာ။

**** **** ****

## ရင်းနှီးမြှုပ်နှံမှု ဉာဏ်စမ်းမေးခွန်းလေးတွေ ဖြေကြည့်ပါဦး။

၁။ သင့်အတွက် အလုပ်လုပ်ပေးနေတဲ့ ငွေအလုပ်သမားတွေ သင့်မှာ ရှိပါသလား။

ရှိ .............. ။ မရှိ ............... ။

၂။ ငွေတွေကို အလုပ်ရှာပေးပြီး အလုပ်လုပ်ခိုင်းတာ ရင်းနှီး မြှုပ်နှံမှု လုပ်တာပါ။ ဒီတော့ သင့်ငွေတွေကို အလုပ်ရှာ ပေးဖို့ ဆန္ဒရှိပါသလား။

ရှိ .............. ။ မရှိ ............... ။

၃။ ရင်းနှီးမြှုပ်နှံဖို့ ရည်ရွယ်တဲ့ စုဆောင်းငွေတွေ သင့်မှာ ဘယ်လောက်ရှိပါသလဲ။ မရှိသေးရင် ဘာလုပ်မလဲ။

...............................................

၄။ ဘယ်လိုနေရာမျိုးတွေမှာ သင့်ငွေတွေကို အလုပ်လုပ်ခိုင်း စေချင်ပါသလဲ။ ရင်းနှီးမြှုပ်နှံချင်ပါသလဲ။

...............................................

...............................................

...............................................


ငွေအနည်းငယ်မျှ
မထွက်သွား
စေချင်လျှင်
ငွေများစွာ
ဝင်လာမည် မဟုတ်။


အခန်း(၁၄)

# ဆင်းရဲခြင်းနှင့် ချမ်းသာခြင်းကို ဖြစ်စေသော ဝင်ငွေထွက်ငွေ စီးဆင်းမှုပုံစံများ

''ဝင်ငွေနဲ့ ထွက်ငွေ ညီမျှတာကောင်းလား၊ မညီမျှတာ ကောင်း လား''လို့မေးကြည့်ရင် ''ဟာ... ဝင်ငွေ ထွက်ငွေ ညီမျှတာ ကောင်း တာပေါ့''လို့ အဖြေပေးကြမှာပါ။ တကယ်တမ်းသာ ဝင်ငွေထွက်ငွေ ညီမျှနေမယ်ဆိုရင် ဝင်လာတာက ငွေတစ်သိန်း ထွက်သွားတာကလည်း ငွေတစ်သိန်းပေါ့။ တစ်သိန်းဝင်ရင် တစ်သိန်းထွက်မယ်။ နှစ်သိန်းဝင်ရင် နှစ်သိန်းထွက်မယ်။ ဒါဟာ ဝင်ငွေနဲ့ ထွက်ငွေ ညီမျှတာပေါ့။ ဒီလိုသာ ဝင်ငွေနဲ့ ထွက်ငွေ ညီမျှနေရင် လက်ထဲမှာ အဖတ်တင်ကျန်ခဲ့မှာ မဟုတ်ပါဘူး။

ဒီတော့ ဝင်ငွေနဲ့ ထွက်ငွေ ညီမျှတာထက် ဝင်ငွေနဲ့ ထွက်ငွေ မညီမျှတာ ပိုကောင်းပါတယ်။ ဒီနေရာမှာ ဝင်ငွေ ထွက်ငွေ မညီမျှခြင်း ပုံစံ နှစ်မျိုးရှိပါတယ်။ ပထမတစ်မျိုးကတော့ ဝင်ငွေနည်းပြီး ထွက်ငွေ

များတဲ့ပုံစံ (Negative Cash Flow) ဖြစ်ပါတယ်။ ဒုတိယပုံစံတစ်မျိုးကတော့ ဝင်ငွေများပြီး ထွက်ငွေနည်းတဲ့ (Positive Cash Flow) ပါ။




Negative Cash Flow ကတော့ ဆင်းရဲသထက် ဆင်းရဲစေမယ့်ပုံစံ ဖြစ်ပါတယ်။ ဝင်ငွေထက် ထွက်ငွေတွေက များနေရင် သုံးတာမလောက်တဲ့အပြင် အကြွေးပါတင်တတ်ပါတယ်။ တချို့တွေဆို ဝင်ငွေတစ်ပြားမှမရှိဘဲ ထွက်ငွေတွေသာ ရှိကြတဲ့အတွက် ငွေကြေးအရ ဒုက္ခတွေရောက်နေကြရပါတယ်။

Positive Cash Flow ကတော့ ဝင်ငွေများပြီး ထွက်ငွေနည်းတဲ့အတွက် စုမိဆောင်းမိဖြစ်ပြီး ကိုယ့်လက်ထဲမှာ ငွေတွေ ကျန်ရှိနေမှာပါ။ ဝင်ငွေများတယ်၊ ထွက်ငွေနည်းတယ်ဆိုတဲ့ ပုံစံဟာ ငွေကြေးတွေ တဖြည်းဖြည်း တိုးပွားများပြားလာစေပါတယ်။

ဒီနေ့ပဲ ကိုယ့်ရဲ့ဝင်ငွေကို စစ်ဆေးကြည့်ပါ။ ထွက်ငွေထက်ပို တဲ့ ဝင်ငွေဖြစ်လား မဖြစ်လားပေါ့။ ဝင်သလောက် သုံးနေရင်တော့ ဝင်ငွေ၊ ထွက်ငွေ ညီမျှနေဦးမှာပါပဲ။ လက်ထဲ ငွေတစ်ပြားမှ ကပ်ကျန်

ခဲ့မှာ မဟုတ်ပါဘူး။ ငွေတွေ ဝင်သလောက် ကိုယ့်ပိုက်ဆံအိတ်က ဟောင်းလောင်းဖြစ်ကျန်ခဲ့နေမှာပါပဲ။

ဒီတော့ ကိုယ့်ရဲ့ ထွက်ငွေ (Expenses) တွေကိုလည်း ထိန်းချုပ်တတ်ဖို့ လိုပါတယ်။ မလိုအပ်တဲ့ အသုံးစရိတ်တွေကို လျှော့ချပါ။ သုံးတာနဲ့ ဖြုန်းတာနဲ့ကို ခွဲခြားသိရှိပါ။ ငွေတွေ ဒလဟောထွက်နေတဲ့ ယိုပေါက်တွေကို စိစစ်ပြီး လျှော့သင့်တာ လျှော့၊ ပိတ်သင့်တာ ပိတ်ပါမှ ထွက်ငွေတွေ အရှိန်သေသွားမှာဖြစ်ပါတယ်။ ''ချွေတာစုဆောင်း၊ သူဌေးလောင်း''တဲ့။ သူဌေးလောင်းတွေရဲ့ ချမ်းသာခြင်းလမ်းစဟာ ချွေတာ စုဆောင်းခြင်းဆိုတာ မမေ့ပါနဲ့။


တစ်ပြိုင်တည်းမှာပဲ ဝင်ငွေတွေ တိုးပွားအောင် စီးဝင်ငွေတွေ များပြားလာအောင်လုပ်ပါ။ ငွေဝင်လမ်းများများဖောက်ပါ။ ဝင်ငွေစီးကြောင်းကို ချဲ့ထွင်ပါ။ ဒီလိုကြိုးစားပြီး ကိုယ့်ရဲ့ ဝင်ငွေ ထွက်ငွေကို စနစ်တကျ စီမံခန့်ခွဲပါမှ (Positive Cash Flow)ပုံစံ ဖြစ်လာမှာပါ။

ဝင်ငွေများပြီး ထွက်ငွေနည်းတဲ့ပုံစံဆိုရင် လက်ထဲမှာ ငွေတွေ တိုးပွားလာမှာဖြစ်ပါတယ်။ ဒီလို တိုးပွားလာတဲ့ငွေတွေကို အနာဂတ်မှာ ငွေနဲ့ ငွေပြန်ရှာဖို့ (ငွေကို အကျိုးဖြစ်ထွန်းအောင် ပြန်ခိုင်းဖို့) ရည် ရွယ်ချက်နဲ့ စုဆောင်းထားပါ။ စတင်ချွေတာပြီ၊ စတင်စုဆောင်းပြီ ဆိုရင်တော့ သင့်ရဲ့ သူဌေးလောင်း ခရီးစဉ်ဟာလည်း စတင်နေပြီ ဖြစ်ပါတယ်။

## ဝင်ငွေ ၂ မျိုး၊ ထွက်ငွေ ၂ မျိုး

ကျွန်တော်တို့ အိတ်ထဲကို ဝင်လာတဲ့ ဝင်ငွေ (Income)ဟာ ၂ မျိုးရှိပြီး အိတ်ထဲက ထွက်သွားတဲ့ ထွက်ငွေ (Expense) ဟာ

လည်း ၂ မျိုးရှိပါတယ်။ ဒီလို ဝင်ငွေနဲ့ ထွက်ငွေ နှစ်မျိုး နှစ်စားကို သိရှိနားလည်ပြီး ဒီငွေကြေးတွေရဲ့ လည်ပတ်မှု သဘောတရားကို ကောင်းကောင်းသိထားမယ်ဆိုရင် သင်ဟာ မကြာခင်မှာပဲ ကြွယ်ဝ ချမ်းသာလာတော့မှာ ဖြစ်ပါတယ်။




## ဝင်ငွေအမျိုးအစား ၂ မျိုး

ပုံမှာ မြင်တွေ့ရတဲ့အတိုင်း လူတွေရဲ့ အိတ်ထဲကို ဝင်လာနိုင်စေတဲ့ ဝင်ငွေဟာ "လှုပ်ရှားဝင်ငွေ (Active Income)နဲ့ "တည်ငြိမ် ဝင်ငွေ (Passive Income)"ဆိုပြီး နှစ်မျိုးရှိပါတယ်။

**"လှုပ်ရှားဝင်ငွေ"**ဆိုတာ ကျွန်တော်တို့ အလုပ်တွေကို မနားတမ်း လှုပ်လှုပ်ရှားရှား လုပ်ဆောင်နေမှဝင်လာတဲ့ ဝင်ငွေဖြစ်ပါတယ်။ အလုပ်လုပ်မှ ဝင်ငွေရမယ်၊ အလုပ်မလုပ်ရင် ဝင်ငွေရပ်သွားလိမ့်မယ်၊

ကိုယ်အလုပ်လုပ်နေမှသာရတဲ့ ဝင်ငွေမျိုးကို လုပ်ရှားဝင်ငွေလို့ ခေါ်ပါ တယ်။

ဒီဝင်ငွေမျိုးရဖို့အတွက် ကျွန်တော်တို့မှာ အလုပ်အကိုင် (Job) တစ်ခု ရှိရပါမယ်။ အလုပ်တစ်ခုခုမှာ ဝင်ရောက်လုပ် ကိုင်ပြီး "လစာ ဝင်ငွေ" ရရှိလာတာဟာ လုပ်ရှားဝင်ငွေအဖြစ် ငွေဝင်တာဖြစ်ပါတယ်။ ဒါမှမဟုတ် ကိုယ့်ရဲ့ အသက်မွေးဝမ်းကြောင်း ပညာရပ်တစ်ခုခုနဲ့ လုပ်ဆောင်လို့ "စွမ်းဆောင်ခ ဝင်ငွေ" ရရှိလာတာဟာလည်း လုပ်ရှား ဝင်ငွေအမျိုးအစား ဖြစ်ပါတယ်။ ကိုယ်ပိုင် တပိုင်တနိုင် လုပ်ငန်းတစ်ခု တည်ထောင်ပြီး ကိုယ်တိုင်လုပ်ရှားဆောင်ရွက်ခြင်းဖြင့် ရရှိလာတဲ့ ဝင်ငွေ ဟာလည်း လုပ်ရှားဝင်ငွေပါပဲ။ ကုန်ကုန်ပြောရရင် မိမိကိုယ်တိုင် လုပ်ရှား လုပ်ဆောင်နေမှ ငွေဝင်တယ်ဆိုရင် လုပ်ရှား ဝင်ငွေလို့သာ သတ်မှတ်ရမှာ ဖြစ်ပါတယ်။

**"တည်ငြိမ်ဝင်ငွေ"**ဆိုတာကတော့ ကိုယ်တိုင် လုပ်ရှား လုပ် ကိုင်နေစရာမလိုဘဲ တည်တည်ငြိမ်ငြိမ်နဲ့ အလိုအလျောက် စီးဝင်လာတဲ့ ဝင်ငွေအမျိုးအစား ဖြစ်ပါတယ်။ အလုပ်လုပ်စရာ မလိုဘဲ သူ့အလိုလို ဝင်လာတဲ့ ငွေတွေပေါ့။ ဒီလို သူ့အလိုလို ဝင်လာအောင်တော့ စီစဉ် ဖန်တီးထားဖို့ လိုအပ်ပါတယ်။

တည်ငြိမ်ဝင်ငွေဆိုတာ ရင်းနှီးမြှုပ်နှံမှုတွေ၊ စီးပွားရေးလုပ်ငန်း တွေက ပြန်ဝင်လာတဲ့ ဝင်ငွေဖြစ်ပါတယ်။ တည်ငြိမ် ဝင်ငွေတွေ ရရှိနေတဲ့ လူတစ်ယောက်ဟာ အလုပ်လုပ်စရာ မလိုပါဘူး။ အလုပ် လုပ်သည် ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ ငွေဟာ သူ့အလိုလို စီးဆင်း ဝင်ရောက်လာနေမှာ ဖြစ်ပါတယ်။

ဒီလို တည်ငြိမ်ဝင်ငွေတွေ ဝင်ဖို့အတွက် ကျွန်တော်တို့ဟာ

ပိုင် ဆိုင်မှု (Assets) တွေကို ဖန်တီးထားဖို့လိုပါတယ်။ ဥပမာ– အိမ်တွေ၊ မြေတွေ အငှားချထားတာ၊ ဆိုင်ခန်းတွေ ငှားထားတာ၊ ကိုယ်တိုင်ဦးစီး လုပ်ဆောင်စရာမလိုတဲ့ စီးပွားရေးလုပ်ငန်းတွေကို တည်ဆောက်ထားတာ၊ လုပ်ငန်းတွေထဲမှာ အရင်းအနှီးထည့်ဝင်ထားတာ၊ စတော့ ရှယ်ယာတွေ ဝယ်ယူရင်းနှီးထားတာ စသည်ဖြင့်ပေါ့။

ဒီလို ပိုင်ဆိုင်မှုတွေသာရှိမယ်ဆိုရင် ကျွန်တော်တို့ဟာ အလုပ်လုပ်စရာမလိုဘဲ အမြတ်ငွေတွေ၊ အတိုးတွေ၊ ပုံမှန်တည် ငြိမ်တဲ့ ဝင်ငွေတွေ အမြဲရရှိနေမှာဖြစ်ပါတယ်။ တည်ငြိမ်ခိုင်မာတဲ့ ဝင်ငွေတွေ များလာလေလေ ကျွန်တော်တို့ဟာ ငွေအတွက် အလုပ်လုပ်စရာ မလိုဘဲ ငွေကြေးလွတ်မြောက်မှု (Financial Freedom) တွေ ရရှိလေလေ ဖြစ်ပါတယ်။

လှုပ်ရှားဝင်ငွေနဲ့ တည်ငြိမ်ဝင်ငွေ နှစ်မျိုးရှိရာမှာ သင် ဘယ်ဝင်ငွေ မျိုးကို ကြိုက်နှစ်သက်ပါသလဲ။ နှစ်မျိုးစလုံးကတော့ သင့်အိတ်ထဲကို ဝင်လာမယ့် ဝင်ငွေတွေပဲ ဖြစ်ပါတယ်။ ဒါပေမယ့် တစ်မျိုးကတော့ သင့်ကို လှုပ်ရှားနေရစေပြီး တစ်မျိုးကတော့ သင့်ကို တည်ငြိမ်စေပါ လိမ့်မယ်။

## ထွက်ငွေ အမျိုးအစား ၂ မျိုး

ပုံမှာမြင်တွေ့ရတဲ့အတိုင်း ဝင်ငွေနှစ်မျိုးရှိသလို ထွက်ငွေ အမျိုးအစားကလည်း နှစ်မျိုးရှိနေပါတယ်။ ဒါတွေကတော့ ''ပြန်မလာတဲ့ ထွက်ငွေ''နဲ့ ''ပြန်ဝင်လာစေတဲ့ ထွက်ငွေ''တို့ပဲ ဖြစ်ပါတယ်။

**''ပြန်မလာတဲ့ ထွက်ငွေ''**ကတော့ ကိုယ့်အိတ်ထဲက ထွက်သွားပြီးရင် ဘယ်တော့မှ ပြန်မဝင်လာတော့တဲ့ အသုံးစရိတ် ထွက်ငွေ

တွေပါပဲ။ ကိုယ့်အိတ်ထဲက အပြီးအပိုင် ထွက်သွားတဲ့ ငွေတွေပေါ့။ ထွက်သွားပြီးရင် ဘယ်တော့မှ ပြန်မလာတော့ပါဘူး။ ဒီလိုပြန်မလာတဲ့ ထွက်ငွေ များလေလေ ပိုင်ဆိုင်သမျှ ငွေကြေးတွေ ကုန်လေလေပါပဲ။

**"ပြန်ဝင်လာစေတဲ့ ထွက်ငွေ"**ကတော့ အကျိုးရှိပါတယ်။ ကျွန်တော်တို့သုံးလိုက်တဲ့ ငွေတွေဟာ အပြီးအပိုင် ထွက်သွားတာ မျိုးမဟုတ်ဘဲ သူတို့က ပြန်ဝင်လာတတ်ပါတယ်။ ဒီလိုထွက်ငွေမျိုးတွေ များများထွက်လေလေ ဝင်ငွေတွေအဖြစ် များများပြန်ဝင်လာလေလေ ပါပဲ။ အကျိုးရှိတဲ့ အသုံးစရိတ်မျိုး ဖြစ်ပါတယ်။

ဒီလို ထွက်ငွေမျိုးကိုတော့ သုံးရဲရမယ်၊ ထွက်ရဲရမယ်။ တချို့ တွေက ကိုယ့်မှာရှိတဲ့ ငွေလေးတွေ ထွက်သွားမှာကို သိပ်စိုးရိမ်ကြပါ တယ်။ သူတို့တွေဟာ သုံးမယ့်သုံးတော့လည်း ပြန်မလာတဲ့ ထွက်ငွေ တွေအဖြစ် သုံးမိလျက်သား ဖြစ်နေကြပါတယ်။ ငွေတွေ ပြန်ဝင်လာစေ မယ့် ထွက်ငွေတွေကိုတော့ သုံးရမှာ ဝန်လေးနေတတ်ကြပါတယ်။ ဒါကြောင့်လည်း ငွေကို ရင်းနှီးမြှုပ်နှံမှုတွေ မလုပ်ရဲကြတာပေါ့။

ရင်းနှီးမြှုပ်နှံလိုက်ရင် မတော်တဆ ရှုံးသွားပြီး ရင်းနှီးငွေတွေ ပြန်မလာတော့မှာ စိုးရိမ်တတ်ကြပါတယ်။ ဒါကြောင့်လည်း သူတို့ငွေ တွေကို မရင်းနှီးဘဲ တခြားနေရာတွေမှာ သုံး တတ်ကြပါတယ်။ ဒါပေ မယ့် သူတို့သုံးလိုက်တဲ့ တခြားနေရာကလည်း ဘယ်တော့မှ ပြန်မလာ တော့တဲ့ ထွက်ငွေအဖြစ် နိဂုံးချုပ်မယ့်နေရာတွေ ဖြစ်နေတတ်တာပါပဲ။

ကိုယ့်အိတ်ထဲက ငွေတွေ ထွက်တော့မယ်ဆိုရင် သတိထား ကြည့်ပါ။ ကိုယ့်ထွက်ငွေဟာ ပြန်မလာတော့မယ့် ထွက်ငွေလား၊ ပြန်ဝင် လာစေမယ့် ထွက်ငွေလားဆိုတာကိုပေါ့။ ပြန်မလာတော့မယ့်

ထွက်ငွေ တွေကို ထိန်းချုပ်ပါ။ တတ်နိုင်သမျှ လျှော့ပစ်ပါ။ ကိုယ့်ဆီ ငွေတွေ ပြန်ဝင်လာစေမယ့် ထွက်ငွေမျိုးကိုတော့ လက်မတွန့်ပါနဲ့။ ရဲရဲသုံးပစ်လိုက်ပါ။ ဉာဏ်ပညာရှိရှိတော့ ခွဲခြားရွေးချယ်တတ်ဖို့ လိုပါတယ်။

ဒီလောက်ဆို ထွက်ငွေနှစ်မျိုးအကြောင်း သဘောပေါက်လောက်ပြီ ဖြစ်ပါတယ်။ ကိုယ့်ငွေတွေဟာ ဘယ်လိုနည်းတွေနဲ့ ထွက်နေ သလဲ အခုပဲ စဉ်းစားလိုက်ပါ။ ပြန်မလာစေတဲ့နည်းနဲ့ ထွက်နေလား၊ ပြန်ဝင်လာစေမယ့် ထွက်ငွေတွေလားဆိုတာ။ တစ်ခုကတော့ သင့်ကို ဆင်းရဲလာစေမှာဖြစ်ပြီး တစ်ခုကတော့ သင့်ကို ချမ်းသာကြွယ်ဝလာစေ မှာ ဖြစ်ပါတယ်။

ချမ်းသာကြွယ်ဝလာစေဖို့ သုံးတဲ့ ထွက်ငွေ (ဒါမှမဟုတ်) မိမိ လုပ်ငန်း ပိုမိုအဆင်ပြေ တိုးတက်လာစေဖို့ ကုန်ကျခံတဲ့ ထွက်ငွေတွေ ဟာ အမှန်တကယ်တော့ ရင်းနှီးမြှုပ်နှံတဲ့သဘောပဲ ဖြစ်ပါတယ်။ ဥပမာ– ကုမ္ပဏီတစ်ခုရဲ့ ထုတ်ကုန်ပစ္စည်း ရောင်းရနှုန်း ကျဆင်းနေခဲ့ မယ်ဆိုရင် အရောင်းမြှင့်တင်ရေး အစီအစဉ်တွေ ပြုလုပ်ဖို့ ငွေအကုန်ကျ ခံပြီး သုံးစွဲရမှာဖြစ်ပါတယ်။

ဒီလို ရောင်းအားမြှင့်တင်ဖို့ ကြော်ငြာအစီအစဉ်တွေမှာ သုံးဖို့ ငွေတွေ ကုန်ကျမှာ စိုးရိမ်ပြီး မသုံးဘဲထားပါက ရောင်းအား ကျဆင်း သထက် ကျဆင်းပြီး လုပ်ငန်းအရှုံးပေါ်မှာသာ ဖြစ်ပါတယ်။ ဒါကြောင့် ကုမ္ပဏီအောင်မြင်တိုးတက် ကြီးပွား ချမ်းသာမှုတွေ ဖြစ်စေဖို့ ငွေကို ထိုက်ထိုက်တန်တန် သုံးစွဲကုန် ကျခံပေးရမှာ ဖြစ်ပါတယ်။

တချို့ကုမ္ပဏီတွေဟာ သူတို့လုပ်ငန်းတွေ ဝင်ငွေတိုးပွားစေဖို့ အတွက် ဈေးကွက်ရှာတာတွေ၊ ကြော်ငြာအသုံးစရိတ်တွေကို ငွေကုန်

ကြေးကျခံကာ သုံးစွဲပြီး ငွေတွေပြန်လည်ဝင်လာအောင် ဖန်တီးကြပါတယ်။ လုပ်ငန်းမှာရှိတဲ့ ဝန်ထမ်းတွေကို စွမ်းရည်မြှင့်သင်တန်းတွေပေးတာ၊ သင်တန်းကျောင်းတွေ ပို့တာ၊ ဟောပြောပွဲတွေ လုပ်ပေးတာစတာတွေလည်း ငွေအကုန်ကျခံကာ လုပ်ဆောင်ပေးတတ်ကြပါတယ်။

တချို့ ကုမ္ပဏီတွေများကတော့ ကုန်သင့်တဲ့နေရာမှာ မကုန်ဘဲ၊ မကုန်သင့်တဲ့ နေရာတွေမှာ ကုန်နေကြပြန်ပါတယ်။ ကုမ္ပဏီရဲ့ အသုံးစရိတ်တွေ များနေတယ်ဆိုပြီး တချို့ အလုပ်ရှင်တွေ၊ မန်နေဂျာတွေ၊ ဆိုင်ပိုင်ရှင်တွေဟာ ကြော်ငြာ စရိတ်တွေ လျှော့ပစ်တတ်ကြသလို ဝန်ထမ်းတွေကိုလည်း လျှော့ချပစ်တတ်ကြပါတယ်။ ဝန်ထမ်းတွေကို လစာတွေ လျှော့ပေးတာမျိုးတွေလည်း လုပ်တတ်ကြပါတယ်။ ဒါကို သူတို့က အသုံးစရိတ်ချွေတာတယ်လို့ ထင်နေတတ်ကြပါတယ်။

နောက်ပြီး ဝန်ထမ်း လေ့ကျင့်သင်တန်းတွေကိုတော့ ကုမ္ပဏီက အကုန်ကျခံ မလုပ်ပေးချင်ပါဘူး။ ညစာစားပွဲနဲ့ ပျော်ပွဲရွှင်ပွဲတွေဆိုရင်တော့ ငွေတွေ ဒလဟောသုံးတတ်ကြပါတယ်။ ဝန်ထမ်းတွေကို သင်တန်းပေးလို့ ကုန်တဲ့ငွေကြေးဟာ သူတို့တွေကို သင်တန်းမပေးလို့ ကိုယ့်လုပ်ငန်းမှာ ဆုံးရှုံးနစ်နာသွားနိုင်တဲ့ ငွေကြေးထက်စာရင် အများကြီး သက်သာနေပါတယ်။ ကောင်းတဲ့ထွက်ငွေတွေ လျှော့ချလိုက်ခြင်းဟာ ဝင်ငွေနဲ့ လုပ်ငန်းတိုးတက်မှုတွေပါ လျော့ကျသွားတတ်ပါတယ်။ လုပ်ငန်းတိုးတက်မှုမရှိတော့ဘဲ ဆုတ်ယုတ်သည်ထက် ဆုတ်ယုတ်လာနိုင်ပါတယ်။

ဒါကြောင့် ဘယ်လုပ်ငန်းမဆို အောင်မြင်မှု၊ တိုးတက် ချမ်းသာမှုတွေ ရရှိစေဖို့အတွက် ငွေကြေးကို နောက်မတွန့် စတမ်း အကျိုးရှိရှိ သုံးစွဲသင့်ပါတယ်။ ဒီလိုသုံးစွဲမှုဟာ ငွေတွေ ပြန်ဝင်လာစေမယ့် အသုံး

စရိတ်တွေဖြစ်တယ်ဆိုတာ မမေ့သင့်ပါဘူး။

လူတစ်ဦးတစ်ယောက်စီအတွက်လည်း ဒီနည်းအတိုင်းပါပဲ။ အကျိုးရှိတဲ့ ထွက်ငွေဆိုရင် သုံးသာ သုံးပါ။ အကျိုးမရှိတဲ့ ထွက်ငွေဆိုရင် ထိန်းချုပ်လိုက်ပါ။ အခုဖြစ်နေတာက တခြားစီပါပဲ။ လူတော်တော်များများ ဆင်းရဲကြတယ်ဆိုတာ ကုန်သင့်တဲ့နေရာမှာ မကုန်ဘဲ၊ မကုန် သင့်တဲ့နေရာတွေမှာ ကုန်နေကြလို့ပါပဲ။

ဥပမာအနေနဲ့ ဒီနေ့ခေတ်လူငယ်တချို့ဟာ မိမိကို တိုးတက်စေမယ့် စာအုပ်စာပေကောင်းတစ်အုပ်ကို ငွေနှစ်ထောင်ကျပ်နဲ့ ဝယ်ရမှာ ဝန်လေးတတ်ကြပေမယ့် ကြေးအိုးတစ်ပွဲ သုံးထောင်ကျပ်ကိုတော့ ဝယ်စားဖို့ ဝန်မလေးတတ်ကြပါဘူး။ မိမိဘဝကို မြင့်မားတိုးတက်စေမယ့် သင်တန်းမျိုးကို ငွေကျပ်လေးသောင်း၊ ငါးသောင်းပေးပြီး တက်ရမှာ နှမြောကြပေမယ့် ရှူးဖိနပ်တစ်ရန်ကို ငွေကျပ်ခြောက်သောင်း၊ ခုနစ် သောင်းပေးပြီး ဝယ်စီးတတ်ကြတာကို အံ့သြစရာ မြင်တွေ့ရပါတယ်။

လူတိုင်း ငွေကို ကိုင်တွယ်သုံးစွဲကြပေမယ့် ''သုံးလေ ကုန်လေ'' ဆိုတဲ့ ပုံစံနဲ့ ''သုံးလေ တိုးပွားလေ''ဆိုတဲ့ပုံစံကို ခွဲခွဲခြားခြားသိဖို့ သိပ်ကို အရေးကြီးလှပါတယ်။ ငွေသုံးနည်းကို မတတ်တဲ့လူတွေ အများကြီးပါ။ ''ငွေကို ဘယ်လိုသုံးမလဲ'' ဆိုတဲ့အပေါ်မှာ မူတည်ပြီး သူဌေးတွေဟာ ချမ်းသာသထက် ချမ်းသာနေကြတယ်။ ဆင်းရဲသားတွေက ဆင်းရဲသထက်ဆင်းရဲနေကြပြီး လူလတ်တန်းစားတွေကတော့ အကြွေးသံသရာလည်နေတာကို တွေ့ကြရမှာပါ။ ဒီလိုဖြစ်နေတာတွေ အားလုံးဟာ သူတို့ရဲ့ ငွေကြေးသုံးစွဲမှုပုံစံတွေ ကွာခြားကြတာကြောင့်ပါပဲ။

လူတစ်ယောက်ရဲ့ အနာဂတ်ကာလ ကြီးပွားတိုးတက်ရေးကို သူတို့တွေ ငွေကို ဘယ်လို သုံးစွဲနေကြသလဲဆိုတဲ့ ထွက်ငွေပုံစံကို ကြည့်တာနဲ့ သိနိုင်ပါတယ်။ ကိုယ့်ငွေနဲ့ကိုယ် ချမ်းသာအောင်လည်း လုပ်လို့ရသလို၊ ဆင်းရဲအောင်လည်း လုပ်လို့ရပါတယ်။ တိုးတက်အောင် လည်း လုပ်နိုင်သလို၊ ပျက်စီး ဆုတ်ယုတ်အောင်လည်း လုပ်နိုင်ပါ တယ်။ ကျန်းမာအောင်လည်း လုပ်နိုင်သလို ရောဂါထူပြောအောင် လည်း လုပ်နိုင်ပါတယ်။ ငွေကိုအသုံးချပြီး အကောင်းဘက်ရောက် အောင် လုပ်နိုင်သလို၊ အဆိုးဘက်ရောက်အောင်လည်း လုပ်ဆောင် နိုင်ပါတယ်။

အကျိုးဖြစ်ထွန်းအောင် သုံးစွဲတဲ့ ထွက်ငွေပုံစံနဲ့ ထွက်သွားပြီး ဘယ်တော့မှ ပြန်မလာတော့တဲ့ အကျိုးမဲ့ ထွက်ငွေပုံစံ ကွဲပြားခြားနား ပုံကို နှိုင်းယှဉ်ကြည့်ရအောင်။ ဒါကတော့ လူနှစ်ယောက်ရဲ့ မတူညီတဲ့ ငွေသုံးစွဲမှုပုံစံတွေကို ဥပမာအနေနဲ့ ခွဲခြားပြထားတာ ဖြစ်ပါတယ်။

| ပထမလူရဲ့ထွက်ငွေ | ဒုတိယလူရဲ့ထွက်ငွေ |
|---|---|
| – စာအုပ်စာပေ ဝယ်ယူခြင်း | – အလှပြင်ပစ္စည်းများဝယ်ယူခြင်း |
| – သင်တန်းကျောင်းများတက်ရောက်ခြင်း | – ပါတီနှင့် နိုက်ကလပ်တက်ခြင်း |
| – ဟောပြောပွဲလက်မှတ်ဝယ်ယူခြင်း | – စတိတ်ရှိုးပွဲ၊ ဘောလုံးပွဲလက်မှတ် ဝယ်ယူခြင်း |
| – ငွေကြေးစုဆောင်းခြင်း | – ရှူးဖိနပ်အသစ်ဝယ်ခြင်း |
| – အားကစားလေ့ကျင့်ကြေးပေးခြင်း | – KTV တွင် သီချင်းသွားဆိုခြင်း |
| – လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခြင်း | – ကားသစ်တစ်စီးဝယ်ယူခြင်း |
| – အလှူအတန်းပေးခြင်း | – ပျော်ပွဲစားသီး၊ အပန်းဖြေခရီးထွက်ခြင်း |

- ဆေးဝါးဓာတ်စာများ ဝယ်ယူခြင်း
- မိဘများကို ပေးကမ်းကန်တော့ခြင်း
- စာကြည့်တိုက်မန်ဘာကြေးပေးခြင်း
- အမြတ်ရစေမည့်ပိုင်ဆိုင်မှုပစ္စည်းများ ဝယ်ခြင်း
- ဘီယာ၊ အရက်များ ဝယ်သောက်ခြင်း
- ရှော့ပင်းထွက်၊ အဝတ်အထည်များ ဝယ်ယူခြင်း
- ဈေးကြီးကော်ဖီဆိုင်တွင် ထိုင်ခြင်း
- အရှုံးပေါ်စေမည့် ဇိမ်ခံပစ္စည်းများ ဝယ်ယူခြင်း

ဒီလောက်ဆိုရင် ထွက်ငွေတွေရဲ့ပုံစံ သဘောတရားတွေကို သတိထားမိလောက်ပါပြီ။ ငွေမှန်ရင်တော့ သုံးကို သုံးစွဲရမှာ ဖြစ်ပါတယ်။ ဘယ်လို သုံးစွဲသလဲဆိုတဲ့အပေါ်မှာ မူတည်ပြီး လူတစ်ယောက်ရဲ့ အနာဂတ်ငွေကြေးပိုင်ဆိုင်မှုတွေ တူညီတော့မှာ မဟုတ်ပါဘူး။ ဒီတော့ သင့်ငွေတွေကို ဘယ်လိုနည်းတွေနဲ့ ထွက်စေမလဲ။ သင့်မိသားစုရဲ့ ထွက်ငွေတွေကို ဘယ်လိုနည်းတွေနဲ့ ထွက်စေမလဲ။ သင့်လုပ်ငန်းရဲ့ ထွက်ငွေတွေကို ဘယ်လိုနည်းနဲ့ ထွက်စေမလဲ။ ဉာဏ်ရှိရှိ၊ စည်းကမ်းရှိရှိနဲ့ သုံးသပ်ဆင်ခြင်ရမှာ ဖြစ်ပါတယ်။


## ဆင်းရဲစေသော ငွေကြေးစီးဆင်းမှုပုံစံ

ဆင်းရဲစေသော ငွေကြေးစီးဆင်းမှုပုံစံဟာ ငွေကြေးတွေ ဘယ်လောက်ရရှာ၊ ဘယ်လောက်ပဲရရ တိုးပွားများပြားလာမယ့်ပုံစံ မဟုတ်ပါဘူး။ ဒီအတိုင်းဆက်သွားနေရင် တဖြည်းဖြည်း ဆင်းရဲလာစေမယ့်ပုံစံတစ်ခုသာ ဖြစ်ပါတယ်။ ပုံမှာ ပြထားတဲ့ ငွေကြေးစီးဆင်းမှုပုံစံကို ကြည့်ပါ။

(၁) အလုပ်တစ်ခုလုပ်တယ်။

(၂) အလုပ်ကနေ (လုပ်ရှားဝင်ငွေအဖြစ်) ငွေတွေဝင်လာတယ်။

(၃) ရလာတဲ့ ဝင်ငွေတွေကို ဘယ်တော့မှ ပြန်မလာတော့တဲ့ ထွက် ငွေတွေအဖြစ် သုံးစွဲပစ်တယ်။





ဒီလိုစီးဆင်း လည်ပတ်ပုံဟာ (၁) အလုပ်လုပ်တယ်၊ (၂) ဝင်ငွေ ရတယ်၊ (၃) သုံးစွဲပစ်တယ်။ သုံးတော့ ကုန်တယ်။ ကုန်တော့ (၁) အလုပ်လုပ်ပြန်တယ်၊ (၂) ဝင်ငွေရတယ်၊ (၃) သုံးစွဲပစ်ပြန်တယ်။ သုံးပစ်တော့ ငွေတွေမကျန်တော့ဘူး။ ဒီတော့ အလုပ်လုပ်တယ်၊ ငွေရတယ်၊ သုံးတယ်၊ ကုန်တယ်။ ကုန်တော့ အလုပ်ပြန်လုပ်တယ်။ ဒီလိုနဲ့ပဲ သူ့ပုံစံက (၁) (၂) (၃)၊ (၁) (၂) (၃) ဆိုတဲ့ ပုံစံနဲ့ပဲ ရှုန်းကန် လည်ပတ်နေရပါတယ်။

ဒီလိုသာ စီးဆင်းလည်ပတ်နေမယ်ဆိုရင်တော့ ဘယ်တော့မှ ငွေကြေးတွေ တိုးပွားများပြားလာမှာ မဟုတ်ပါဘူး။ လက်ထဲမှာလည်း

ဘယ်တော့မှ ငွေပိုငွေလျှံရှိမှာ မဟုတ်ပါဘူး။ ငွေကြေးပြဿနာတွေကြားထဲကနေပဲ လုံးလည်ချာလည် လိုက်ပြီး နောက်ဆုံးမှာ ဆင်းရဲသွား စေနိုင်မယ့်ပုံစံ ဖြစ်ပါတယ်။

## ချမ်းသာလာစေသော ငွေကြေးစီးဆင်းမှုပုံစံ

လူတစ်ယောက်ဟာ တဖြည်းဖြည်းနဲ့ ကြွယ်ဝချမ်းသာ လာစေဖို့၊ ချမ်းသာပြီးရင်း ချမ်းသာလာစေဖို့၊ ငွေကြေးတွေ တိုးပွားများပြားလာစေဖို့ဆိုရင် ငွေကြေးသုံးစွဲ လည်ပတ်မှုပုံစံကို ပြောင်းလဲပစ်ရမှာ ဖြစ်ပါတယ်။ ဘယ်လိုပုံစံမျိုးနဲ့ ပြောင်းလဲသင့်သလဲ ဆိုရင်တော့ အောက်ပါပုံကို လေ့လာကြည့်နိုင်ပါတယ်။




ဒီပုံစံကတော့ တဖြည်းဖြည်း ချမ်းသာလာစေမယ့် လည်ပတ်မှုပုံစံ ဖြစ်ပါတယ်။

(၁) လူတစ်ယောက်ဟာ အလုပ်လုပ်တယ်။

(၂) အလုပ်လုပ်တော့ လုပ်ရှားဝင်ငွေတွေရတယ်။

(၃) ရလာတဲ့ငွေကို သူက **"ပြန်မလာတဲ့ ထွက်ငွေ"** တွေအဖြစ် မသုံးပစ်ပါဘူး။

(၄) သူ့ငွေကို **"ငွေတွေပြန်ဝင်လာစေတဲ့ ထွက်ငွေ"**တွေ အဖြစ်သာ သုံးစွဲပါတယ်။ ရင်းနှီးမြှုပ်နှံပါတယ်။ အကျိုးဖြစ်ထွန်းအောင် သုံးစွဲပါတယ်။

(၅) ဒီအတွက် သူဟာ နောက်ပိုင်းမှာ **"တည်ငြိမ်ဝင်ငွေ"** တွေ ရရှိလာပါတယ်။

ရရှိလာတဲ့ "တည်ငြိမ်ဝင်ငွေ"တွေကို "ပြန်ဝင်လာစေဖို့ ထွက် ငွေ"အဖြစ် ပြန်လည်သုံးစွဲပါတယ်။ ဒီအတွက် ငွေတွေ ပိုဝင်လာတယ်။ ပိုဝင်လာတဲ့ ငွေတွေကို အကျိုးရှိတဲ့ ထွက်ငွေအဖြစ် ပြန်လည်ရင်းနှီး ပါတယ်။ ဒီလိုနဲ့ တည်ငြိမ်ဝင်ငွေတွေဟာ တိုးပွားသထက် တိုးပွားလာပြီး ချမ်းသာလာစေမှာပဲ ဖြစ်ပါတယ်။

အနာဂတ်မှာ ငွေကြေးအရ လွတ်မြောက်လိုရင် အလုပ် လုပ်လို့ရတဲ့ နံပါတ်(၂) လုပ်ရှားဝင်ငွေကနေ နံပါတ်(၅) တည်ငြိမ်ဝင်ငွေအဖြစ် ကြိုးစားပြောင်းလဲရမှာ ဖြစ်ပါတယ်။ အစပိုင်းမှာ (၁) (၂) (၄) (၅) ဆိုတဲ့ အစီအစဉ်အတိုင်း ကြိုးစားရပါတယ်။ ပြီးတော့ (၅) မှ (၄)၊ (၄) မှ (၅) ဆိုတဲ့အတိုင်း လည်ပတ်နိုင်ရပါမယ်။ နောက်ပိုင်းမှာ (၁) (၂) ဆိုတာ မရှိတော့ပါဘူး။ (၄) (၅)၊ (၄) (၅) ဆိုတဲ့ လည်ပတ်ပုံနဲ့ လူတစ်ယောက်ဟာ အလုပ်လုပ်စရာမလိုတော့ဘဲ ချမ်းသာလာကာ ငွေကြေး လွတ်မြောက်မှု (Financial Freedom) ကို ရရှိနိုင်မှာဖြစ် ပါတယ်။

ဒါကြောင့် ကိုယ့်ရဲ့ ငွေကြေးလည်ပတ်ပုံ (Cash Flow)ကို သတိထားကြည့်ပါ။ ဘယ်လိုပုံစံမျိုးနဲ့ လည်ပတ်နေသလဲဆိုတာ အကဲခတ်ဖို့လိုပါတယ်။ အထက်မှာ တင်ပြခဲ့တဲ့အတိုင်း ကိုယ့်ဘဝမှာ တည်ငြိမ် ဝင်ငွေ (Passive Income) တွေ တိုးပွားများပြားလာအောင် လုပ်ဆောင်ခြင်းဖြင့် ငွေကြေးလွတ်မြောက်အောင်မြင်မှုတွေ ရရှိနိုင်ပါတယ်။ ဒီနေ့က စတင်ပြီး ရည်မှန်းချက် ခိုင်ခိုင်မာမာထားကာ လက်တွေ့ ကြိုးစားလုပ်ကိုင်ပါလို့ တိုက်တွန်းအားပေးလိုက်ပါရစေ။

**** ****

## ငွေကြေးအသိဉာဏ်တိုးမြှင့်ဖို့ မေးခွန်းလေးတွေ ဖြေကြည့်ပါဦး။

၁။ ငွေတွေဝင်လာတယ်၊ ဝင်လာသလောက်လည်း အကုန်ထွက်တယ်၊ လက်ထဲမှာ ငွေဘယ်တော့မှ မကျန်ဘူး။ ဒီလိုအခြေအနေမျိုး ဖြစ်နေပါသလား။

ဟုတ် ..................။ မဟုတ်...................။

၂။ အသုံးစရိတ်တွေ စတင်ချွေတာဖို့နဲ့ ငွေတွေကို စတင် စုဆောင်းဖို့ အစီအစဉ်ရှိပါသလား။

ရှိ ......................။ မရှိ.......................။

၃။ သင်အခုလက်ရှိ ဝင်ငွေရှိနေတယ်ဆိုရင် သင့်ရဲ့ ဝင်ငွေဟာ တည်ငြိမ်ဝင်ငွေလား၊ လှုပ်ရှားဝင်ငွေလား။

တည်ငြိမ်ဝင်ငွေ ................................ ။

လှုပ်ရှားဝင်ငွေ ................................ ။

၄။ သင့်ငွေတွေကို သုံးစွဲလိုက်တဲ့အခါမှာ ပြန်ဝင်မလာတော့တာနဲ့ ပြန်ဝင်လာစေတာ ဘယ်အရာကို ကြိုက်ပါသလဲ။

..............................................................

၅။ ချမ်းသာလာစေတဲ့ ငွေကြေးစီးဆင်းလည်ပတ်မှုပုံစံကို စတင် တည်ဆောက်ဖို့ သင့်ဆုံးဖြတ်ချက်ချလိုက်ပြီလား။

ဟုတ် ..................။ မဟုတ် ...............။




## ဖူးကျော်ဇင် (Future Wave)

စာရေးသူသည် ဓမ္မရောင်ခြည် - ဓမ္မဒါနဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ သာသနာပြုနည်း အထူးသင်တန်းများတွင် ခေါင်းဆောင်မှုပညာ နှင့် အောင်မြင်ရေးဆိုင်ရာသင်တန်းပို့ချပေးနေသူ Leadership Trainer တစ်ယောက်လည်း ဖြစ်ပါသည်။

Train Future Trainers (TFT) Certification Program ကို တည်ထောင်သူဖြစ်ပြီး သင်ကြားရေးဆရာ Trainer များနှင့် Public Speaker & Presenter များကို မွေးထုတ်ပေးလျက်ရှိပါသည်။

Phoo Kyaw Zin – Future Wave (Facebook Page) စာမျက်နှာတွင်လည်း ဆောင်းပါးများ၊ ပညာပေး Video များနှင့် လှုပ်ရှားဆောင်ရွက်မှုများကို နေ့စဉ်၊ အပတ်စဉ် မျှဝေပေးနေလျက်ရှိပါသည်။ လက်ရှိတွင် မြန်မာနိုင်ငံအနှံ့ သင်တန်းများ နှင့် ဟောပြောပွဲများပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

FutureWave Publishing House

Future Wave စာပေ
ဘဝအောင်မြင်ရေးစာစဉ် (၂)

# ငွေကြေးတို့ရဲ့အရှင်သခင်ဖြစ်စေဖို့

လူတွေအများစုဟာ ငွေကြေးမပြည့်စုံတဲ့အတွက် ညည်းတွားတတ်ကြပါတယ်။
အသိပညာ မပြည့်စုံတဲ့အတွက် ညည်းတွားကြတဲ့သူတွေကတော့ မရှိသလောက်ပါပဲ။
ငွေရဖို့အတွက်အသည်းအသန်ကြိုးစားကြပေမယ့် အသိပညာတွေရဖို့အတွက်အသည်းအသန်မကြိုးစားကြပါ။
အသိပညာနောက်ကိုလိုက်တဲ့သူတွေထက် ငွေကြေးနောက်ကို လိုက်တဲ့သူတွေကသာ ပိုများပါတယ်။
ဒါကြောင့်လည်း ကမ္ဘာ့ပေါ်မှာ လူဆင်းရဲတွေများပြီး လူချမ်းသာတွေ နည်းနေရခြင်းဖြစ်ပါတယ်။

ငွေမရှိတာထက် အသိပညာမရှိတာပိုဆိုးပါတယ်။ လူဆင်းရဲတာထက် အသိပညာဆင်းရဲတာ အဆိုးဆုံးပါပဲ။
အသိပညာဆင်းရဲခြင်းဟာ အရောခံသိမ်းဆင်းရဲခြင်းပဲ ဖြစ်ပါတယ်။ သင့်ဘဝ ဆင်းရဲခြင်းကလွတ်မြောက်ပြီး
ချမ်းသာခြင်းဆီရောက်ဖို့ဆိုရင် အသိပညာကြွယ်ဝနေဖို့အထူးလိုအပ်ပါတယ်။

ဒီစာအုပ်ကတော့ ငွေကြေးအရအောင်မြင်ပြီး ချမ်းသာကြွယ်ဝလာစေဖို့ ငွေကြေးအသိပညာအကြောင်းတွေကို
စုံစုံလင်လင်ဖော်ပြထားတဲ့ စာအုပ်တစ်အုပ်ဖြစ်ပါတယ်။ မိုင်ပေါင်းထောင်ချီတဲ့ ခရီးကို ခြေတစ်လှမ်းကပဲ စတင်
လှမ်းရပါတယ်။ သင့်ဘဝချမ်းသာရေးပထမခြေလှမ်းကို ဒီစာအုပ်ဟာအထောက်အကူပေးမယ်လို့ ယုံကြည်ပါတယ်။

FutureWave
Publishing House



# Master of Money

*Best Selling Author of The Money Game*

PHOO KYAW ZIN